# နှစ်ငါးဆယ်
# လူမှုရေးရာ







နှစ်ငါးဆယ်လူမှုရေးရာ
(၁၉၀၀ - ၁၉၅၀)

# နှစ်ငါးဆယ်

# လူမှုရေးရာ

(၁၉၀၀ - ၁၉၅၀)

- ☆ ဒီမိုကရေစီ
- ☆ ပုဂ္ဂိုလ်ကျော်များ
- ☆ ကုန်သွယ်စီးပွားရေး
- ☆ ကျန်းမာပျော်ရွှင်မှု
- ☆ ကပ်ဘေးကြီးများ


အမျှောင်ခွင်းရှု　　　　အလင်းဆောင်အဲ့



ဘာသာပြန်စာပေအသင်း

· SOURCES OF PICTURES

(The numbers refer to the pages)

ABC-Press (Amsterdam): 18 above, 27 below, 34 below, 42 above right, 48 below, 49 above right; Algemeen Nederlands Persbureau (Amsterdam): 20 below right, 30 above, 35 left, 88 below, 91 above right, 92 centre; Anefo (Amsterdam): 31 above, 83 below left, 89 below; Associated Press (London): 18 below, 23 right, 26 above, 65 below, 88 below, 92 centre and below, 119 above, 123 above right, 123 below, 125 below left, 127 above; Barrats Photo Press (London): 89 above; British Central Office of Information (London): 82 above left; Embassy U S S.R. (The Hague): 23 left; Ian Mutsu (Tokyo): 19 above, 122 above, 124 below; Indian Government Press Information Bureau (Delhi): 32 below; KBS (Tokyo): 60 above left, 86 above right; Lichtbeeldeninstituut (Amsterdam): 17 above, 42 above left, 109 below; Nederland - U.S.S.R. Association (Amsterdam): 62 above, 66 above left; Pakistan Government Advertising and Films Department (Karachi): 59 above; Picture Post (London): 22 below, 25 above, 74 below, 75 below, 78 above left, 82 above right, 109 centre, 110 top (both pictures), 111 centre, 114 above, 117 above, 117 centre (both pictures), 118 above right; Roger Viollet (Paris): 74 above left; Royal Dutch Airlines KLM (The Hague): 47 below (both pictures); Swiss National Tourist Office (Amsterdam): 87 left; United States Information Service (The Hague): 16 above, 19 below, 27 above right, 35 above, 46, 57, 58 (both pictures), 60 below right, 64 left, 65 above right, 93; Dr. Wolff & Tritschler (Frankfurt a/M): 72, 84 above.

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းအတွက်
ဂျမ္ဗာတန်ကုမ္ပဏီ၊ အမ်စတာဒမ်မြို့
ပထမနှိပ်ခြင်း (၁၉၅၆ ခုနိုဝင်ဘာလ) အုပ်ရေ ၅၀,၀၀၀
ဟော်လန်နိုင်ငံတွင်ပုံနှိပ်သည်။

# နိဒါန်း

ဤ "လူမှုရေးရာ" စာအုပ်သည် နှစ်ငါးဆယ်စာစဉ်များအနက် တတွဲအပါအဝင်ဖြစ်သည်။ ၁၉၀၀ မှ ၁၉၅၀ ပြည့်နှစ်အတွင်း ပေါ်ပေါက်သောလူမှုရေးရာကိစ္စများကို မှတ်တမ်းတင်ထားသောစာအုပ်ဟု ဆိုနိုင်သည်။

ကိစ္စမြားမြောင် ဤလူ့ဘောင်တွင် လူမှုရေးရာကိစ္စများသည် မရေမတွက်နိုင်အောင် များပြားလှသည်။ ယင်းသို့များပြားလှသောအရေးအရာများအနက် အနှစ်ငါးဆယ်အတွင်း ဒီမိုကရေစီ၊ ထင်ရှားသောပုဂ္ဂိုလ်ကျော်ကြီးများ၊ ကုန်သွယ်စီးပွားရေး၊ ကျန်းမာပျော်ရွှင်မှု၊ ကပ်ဘေးကြီးများဟူ၍ ကဏ္ဍငါးခုခွဲကာဖော်ပြထားသည်။ ကျန်လူမှုရေးရာအကြောင်းအရာအချို့မှာ ဤစာစဉ်ဝင် ကမ္ဘာ့ရေးရာ၊ သိပ္ပံရေးရာ၊ သယ်ယူပို့ဆောင်ရေးနှင့် ယဉ်ကျေးမှုရေးရာစာအုပ်များတွင် ပါဝင်ပြီးဖြစ်သည်။

လူမှုရေးရာဟူသည် အခြားအရေးအရာတို့မှ ခွဲခြားရန်မလွယ်လှချေ။ လောကတွင် လူနှင့်ကင်းသော ရေးရာဟူ၍မရှိနိုင်။ လူ့အတွက်၊ လူ့ကြောင့်၊ လူရှိ၍ပေါ်ပေါက်လာရသော အရေးအရာ၊ ကိစ္စ၊ [illegible] အကြောင်းရပ်စသည်တို့သည် လူမှုရေးရာချည်းဖြစ်ချေသည်။ ထို့ကြောင့် နှစ်ငါးဆယ်စာစဉ်ဝင် အခြား စာအုပ်တို့၌လည်း ထည့်သွင်းရန်မသက်ဆိုင်ဘဲ ဖော်ပြရန်အထူးသင့်လျော်သော သီးခြားကျန်ရှိနေသော သည့်အကြောင်းရပ်များကို အထက်ပါအတိုင်း ကဏ္ဍငါးခုဖြင့် ဤစာအုပ်ကို စုဆောင်းပြုစုရခြင်း ဖြစ်ပေသည်။

နှစ်ငါးဆယ်စာစဉ်ဝင် အခြားစာအုပ်များနည်းတူ ဤစာအုပ်၌လည်း တတ်အားသမျှ ရှာဖွေတွေ့ရှိသော ထင်ရှားသည့်အကြောင်းရပ်များနှင့် ပုဂ္ဂိုလ်များကို သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် တိုင်ပင်ထည့်သွင်းထားသည်။ ကမ္ဘာစစ်ကြီးနှင့်နှစ်ကြိမ်တိုင်တိုင်ဆုံဆီးခဲ့ရသဖြင့် လွန်ခဲ့သည့်နှစ်ပေါင်းငါးဆယ်ကာလအတွင်းပေါ်ပေါက်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာမှတ်တမ်းများ၊ ဓာတ်ပုံများသည် တို့မှာ ပျက်စီးဆုံးရှုံးခဲ့ကြရသဖြင့် စုဆောင်းရသင့်သလောက် မရဖြစ်ခဲ့သည်။ ယခုကဲ့သို့ စုဆောင်းတင်ပြနိုင်သည်မှာလည်း သဒ္ဓါတရားထက်သန်လှစွာ ကူညီကြသောပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးကြောင့်ဟုပင် ဆိုရပေမည်။ ယင်းပုဂ္ဂိုလ်များအား မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးက ကျေးဇူးဥပကာရ လှိုက်လှိုက်လှဲလှဲတင်ရှိပါကြောင်း ဤစာအုပ်တွင် မှတ်တမ်းတင်အပ်ပါသည်။

**အထွေထွေဝိဇ္ဇာဌာန**
**မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း**

## ကျေးဇူးပြုသူများ

ဤစာအုပ်ကိုပြုစုရာ၌ စေတနာအလျောက် စာအုပ်စာတမ်း၊ ဓာတ်ပုံရုပ်ပုံစသည်တို့ဖြင့် ကူညီကြသော အောက်ပါပုဂ္ဂိုလ်ကြီးများအား မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးက လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကာယဗလဦးရှိန်
မစ္စတာဟပ်စကင်း
ဦးဇော်ဝိတ်
ဦးကြင်
ဦးဂုဏ်ဘာဏ်
ဦးအရိမ်
ဒဂုံပ - ဦးဘာတင်
မြန်မာနိုင်ငံပြန်ကြားရေးဌာန
အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးဌာန
သူရိယသတင်းစာတိုက်

# မာတိကာ


နိဒါန်း . . . . . . . . ၅

ဒီမိုကရေစီ . . . . . . . . ၉

ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ . . . . . . . . ၁၀

သမ္မတဝီလဆင်၏ ဆယ့်လေးချက်ကျေညာစာတမ်းအကျဉ်းချုပ် . . . . . ၁၅

ပုဂ္ဂိုလ်ကျော်များ . . . . . . . . ၂၁

ကုန်သွယ်စီးပွားရေး . . . . . . . . ၃၇

စီးပွားရေးလုပ်ငန်းချဲ့ထွင်ခြင်း . . . . . . . . ၃၈

စစ်ပြီးခေတ်ကမ္ဘာ့စီးပွားရေး . . . . . . . ၄၅

စီးပွားရေးကြပ်တည်းမှု . . . . . . . ၅၀

စီးပွားရေးလောက၏တိုးတက်မှု . . . . . . . ၆၃

ကျန်းမာရေးပျော်ရွှင်မှု . . . . . . . ၆၉

[illegible] . . . . . . . ၇၀

မြန်မာ့အားကစားလောက . . . . . . ၈၃

[illegible] . . . . . . . ၈၃

[illegible] . . . . . . ၁၁၁

[illegible] . . . . . ၁၀၂

[illegible] များ . . . . . . ၁၀၇

အက္ခရာဝလိ . . . . . . ၁၂၈

# အမှာ

နှစ်ငါးဆယ်စာစဉ်များကို ဝိဇ္ဇာနှင့်သိပ္ပံဆိုင်ရာစာအုပ်များအဖြစ် ခွဲထားရာ၊ အထွေထွေဝိဇ္ဇာဌာနမှ ကမ္ဘာ့ရေးရာ ၃ တွဲ၊ လူမှုရေးရာနှင့်ယဉ်ကျေးမှုရေးရာ ၂ တွဲပြုစုထုတ်ဝေရန် တာဝန်ကျခဲ့ပါသည်။ တာဝန်ကျသည့်အလျောက်လည်း ဌာနဝန်ထမ်းများ၏ — အထူးသဖြင့်၊ လက်ထောက်စာတည်းများဖြစ်သော ဒေါ်အုန်းကြည်၊ ဒေါ်တင်ကွေးတို့၏ — မလျော့သောလုံ့လဝီရိယ၊ ဇွဲသတ္တိနှင့် ဖြူစင်သောစေတနာတို့ကြောင့် အခက်အခဲများစွာကို ကျော်လွန်ပြီးမြောက်ခဲ့ပါသည်။ မည်ကဲ့သို့သော အခက်အခဲများဖြစ်သည်ကို သက်ဆိုင်ရာစာအုပ်များ၌ အတန်ငယ်ဖော်ပြပြီးဖြစ်ပါသည်။ မည်မျှပင် ဇွဲ၊ သတ္တိနှင့်စေတနာ သန်သန်အားထုတ်သော်လည်း မငြိုမငြင်ကြည်ဖြူစွာ အားပေးချီးမြှောက်သော ပညာရှင်များမရှိပါက ဤနှစ်ငါးဆယ်စာစဉ် ဝိဇ္ဇာဆိုင်ရာစာအုပ်များသည် ထွက်ပေါ်လာနိုင်မည်မဟုတ်ပါ။ သို့ဖြစ်သည်နှင့်အမျှ စေတနာအလျောက် ယိုင်းပင်းကူညီကြသော ထိုထိုပညာရှင်များအား ကျေးဇူးပြုသူများအဖြစ် စာအုပ်အသီးအသီးတွင် ကျေးဇူးဥပကာရအထူးတင်ရှိကြောင်း ဖော်ပြခဲ့ပါသည်။ အကယ်တန္တု ကျွင်းကျန်ရစ်ခဲ့ပါတမူ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေးပါရန် ရိုးသားစွာတောင်းပန်အပ်ပါသည်။

ကမ္ဘာ့ရေးရာစာအုပ်များကို ပုံနှိပ်ရာ၌ ရေခြားမြေခြားအနှောက်အယှက်ဖြစ်ရသဖြင့် အကွက်ရိုက်သရုပ်ဖော်ရာတွင် ဖြစ်သမျှနှင့်ရောင့်ရဲခဲ့ရပါသည်။ ကျန်စာအုပ်များတွင်တမူ ရှေ့ကတွေ့ခဲ့ရသောအမှားများကို ရှောင်ရှားလျက် ကောင်းသည်ထက်ကောင်း၊ မှန်သည်ထက်မှန်အောင် ပြုပြင်ဖို့အချိန်ရခဲ့ပါသည်။ ဤသို့အချိန်ရခဲ့သည်မှာ ဂျူမွာတန်ကုမ္ပဏီ၏ဖိတ်ကြားချက်ကို လက်ခံရန်ခွင့်ပြုသော စာပေဗိမာန်၏ကျေးဇူးကြောင့်ပင်ဖြစ်ပါသည်။ ထို့ပြင် ကောင်းရန်ပြုပြင်သမျှကို စိတ်ရှည်ရှည်နှင့် လက်ခံအားပေးသောဂျူမွာတန်ကုမ္ပဏီ၏ လိုက်လျောမှုကြောင့်လည်းဖြစ်ပါသည်။ ဤစာအုပ်များကို စက်တင်ပုံနှိပ်ရာ၌ ပုံနှိပ်ဖက်ဆိုင်ရာအခက်အခဲများရှိသည့်အပြင်၊ အချိန်နှင့်လုံ၍ဆောင်ရွက်ရပါသဖြင့် သဲလဲစင်ရေဆေးငါးဖြစ်ပြီဟု မဆိုသာပါ။ ယခုထက်ပိုမိုကောင်းမွန်ရန် များစွာရှိပါသေးသည်။ အဖိုးထိုက်၍စံပြုလောက်သောစာအုပ်ကောင်းများထွက်ပေါ်ရေးကို အဓိကထားသောစာပေဗိမာန်၏လိုလားချက် အကယ်၍မပြည့်စုံသေးပါက စာဖတ်ပရိသတ်များက အကြည်အနူး ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

**အမ်စတာဒမ်မြို့**
**၁၉၅၆ ခု အောက်တိုဘာလ ၇ ရက်**

**မောင်စိန်ဝင်း**
**အထွေထွေဝိဇ္ဇာစာတည်း**

# ဒီမိုကရေစီ

ဒီမိုကရေစီ၏ အဓိကရည်ရွယ်ချက်မှာ လူ၏လွတ်လပ်မှုကို လိုသည်ထက်ပို၍ မထိခိုက်စေရေးဖြစ်၏။ လွတ်လပ်စွာစိတ်ကူးနိုင်မှု၊ လွတ်လပ်စွာပြောဆိုနိုင်မှု၊ လွတ်လပ်စွာရေးသားနိုင်မှု၊ လွတ်လပ်စွာစည်းရုံးနိုင်မှု အစရှိသော လူ့အခွင့်အရေးများသည်ပင်လျှင် ဒီမိုကရေစီ၏အင်္ဂါရပ်များဖြစ်ကြသည်။

ဒီမိုကရေစီဝါဒတွင် နှစ်သက်လိုလားအပ်သောအင်္ဂါရပ် အများအပြားရှိ၏။ သို့သော် ထိုဝါဒသည် ခြောက်ပြစ်ကင်းသဲလဲစင်ဖြစ်သည်ဟု မဆိုနိုင်ချေ။ တွေ့ကြုံခဲ့သောချွတ်ယွင်းချက်များကိုပြုပြင်ဖန်တီးခြင်းအားဖြင့် ဒီမိုကရေစီဝါဒစစ်စစ် ပေါ်ပေါက်လာနိုင်၏။ တဆင့်မှတဆင့်တက်လှမ်းနိုင်၏။ ဒီမိုကရေစီစစ်စစ်ရရှိရေးသည် လူထု၏အသိဉာဏ်၊ လူထု၏စိတ်ဝင်စားမှု၊ လူထု၏အများအကျိုးဆောင်ရွက်လိုမှုပေါ်တွင်တည်နေ၏။ ထို့ကြောင့် လူထုသည် ဒီမိုကရေစီဝါဒတွင် အရေးအကြီးဆုံးဇာတ်လိုက်ဖြစ်သည်။

အာဏာရှင်နိုင်ငံများတွင်အထက်အာဏာပိုင်တို့လက်ညှိုးညွှန်ရာကိုသာ လူထုက ကျွန်သွားပမာ မည်သည့်မည်ပုံ လိုက်နာဆောင်ရွက်ကြရသဖြင့်လည်း မည်သည့်အလုပ်မျိုးတွင်မဆို ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အချိန်တိုတိုနှင့် ပြီးလွယ်စေနိုင်သည်။ ဒီမိုကရေစီဝါဒတွင်မူကား လူထု၏ဆန္ဒကိုအရေးပေးကာ အချိန်ယူ၍ဆောင်ရွက်ကြရသဖြင့် မပြီးလွယ်ချေ။ ဒီမိုကရေစီ၏ကြွေးကြော်သံကား "အချိန်ကြာလိုသမျှကြာပါစေ၊ သို့သော် လူထုဆန္ဒဖြစ်ရမည်" ဖြစ်သည်။

ဤ "နှစ်ငါးဆယ်အတွင်းလူမှုရေးရာစာအုပ်" တွင် ၁၉၀၀ မှ ၁၉၅၀ ပြည့်နှစ်တလျှောက် ဒီမိုကရေစီဝါဒအရကျင့်သုံးခဲ့ရာ၌ တွေ့ရှိခဲ့သောအမှားများနှင့် ထိုအမှားများကိုပြုပြင်ဖန်တီးကာ လူ့အခွင့်အရေးများကို တင်းပြည့်ကျပ်ပြည့်ရနိုင်အောင် ကြိုးစားဆောင်ရွက်ခဲ့သမျှကို ဓာတ်ပုံရုပ်ပုံများဖြင့် အကျဉ်းချုပ်မှတ်တမ်းတင်ထားအပ်ပါသည်။

# ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ

## အနှစ်ငါးဆယ်အတွင်းအဖြစ်နှင့်အပျက်

ဒီမိုကရေစီဝါဒ၏ အဆီအနှစ်ကို တိုတိုနှင့်လိုရင်း ရောက်အောင်ပြောဆိုရသော် အမေရိကန်သမ္မတ အာဗရာဟင်လင်ကွန် ပြောဆိုခဲ့သော “ပြည်သူ့အကျိုးငှာ ပြည်သူကြိုးကိုင်သော ပြည်သူ့အစိုးရ” ဆိုသော စကားလုံးများဖြင့် အဓိပ္ပါယ်ဖော်ရပေမည်။ ဤစကားလုံးများသည် ဒီမိုကရေစီနိုင်ငံများ၏အုပ်ချုပ်မှု အခြေခံဥပဒေ သဘောတရားများကို အဓိကထား၍ အတိုချုပ်ဖော်ပြခြင်းဖြစ်၏။

အုပ်ချုပ်မှု အခြေခံဥပဒေသည် ပြည်သူ့အချုပ်အခြာအာဏာကိုတည်ထောင်သတ်မှတ်ပေးသည်။ ထိုသတ်မှတ်ပြဋ္ဌာန်းထားသော အုပ်ချုပ်မှု အခြေခံဥပဒေမျှနှင့် လုတို့ရသင့်ရထိုက်သော အခွင့်အရေးများ မလုံလောက်သေးဟု ယူဆကြလျှင် ပြည်သူလူထုက တင်မြှောက်ထားသော ပြည်သူ့အစိုးရတို့က အုပ်ချုပ်မှုအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်၍ လူ့အခွင့်အရေးများကို တိုးချဲ့သတ်မှတ်ပေးကြသည်။ သက်သေပြရသော် အမေရိကန်အုပ်ချုပ်မှုအခြေခံဥပဒေတွင်ပြင်ဆင်ချက်ဥပဒေပေါင်း နှစ်ဆယ့်တခု ပေါ်ပေါက်လာသည်ကို တွေ့မြင်နိုင်သည်။ ပထမပြင်ဆင်ချက် ဥပဒေဆယ်ခုသည် ဥပဒေအရ အခွင့်အရေး တန်းတူစေခွင့်နှင့် မဲပေးခွင့်တို့အတွက်ဖြစ်၏။ အမေရိကန် ပြည်တွင်းစစ် ပြီးသည့်နောက် လင်ကွန်းလက်ထက် ထပ်မံဖြည့်သွင်းသောပြင်ဆင်ချက် ၁၃၊ ၁၄ နှင့် ၁၅ အရ အမျိုးကွဲ၍ အခွင့်အရေးဆုံးရှုံးမှု၊ အသားအရောင်ကွဲ၍ အခွင့်အရေးဆုံးရှုံးမှု၊ ရှေးက ငွေဝယ်ကျွန်အဖြစ်နေခဲ့ရ၍ အခွင့်အရေးဆုံးရှုံးမှုများ လုံးမရှိစေရဟု အတိအလင်း ဥပဒေသတ်မှတ်ခဲ့လေသည်။

၁၉၀၀ ပြည့်နှစ်လောက်တွင် ဗြိတိန်သည် ကမ္ဘာ့အနောက်ခြမ်း၌ အာဏာလွှမ်းမိုးခဲ့သည်။ မိမိတို့လူမျိုး ကောင်းစားလျှင်ပြီးရောဟူသော ကျဉ်းမြောင်းလှသည့် အမျိုးသားစိတ်ဓာတ်နှင့် စစ်မက်လိုလားသော စိတ်ဓာတ်များအပြင် စီးပွားရေးတွင် မနေရှင်များ ထင်သလို ကျင့်ကြံနိုင်သည်ဆိုသောစီးပွားရေးမစွက်ဖက်ဝါဒကို လက်ကိုင်ထားခဲ့သည်။ ကိုလိုနီနယ်ချဲ့ရေးတွင် “မယဉ်ကျေးသောသူများအား ယဉ်ကျေးလာအောင် အုပ်ချုပ်ရမည်မှာလူဖြူတို့အတွက်ဘုရားသခင်ကချမှတ်လိုက်သောတာဝန်ဖြစ်သည်” ဟူသောဝါဒသည် ထိုခေတ်က ဥရောပနိုင်ငံကြီးများ၏ လက်သုံးဝါဒပင် ဖြစ်ခဲ့လေသည်။ ထိုဝါဒကြောင့်ပင် အာရှတိုက်၌ ဗောက်ဆာတော်လှန်ရေးများ ပေါ်ခဲ့သည်။ အာဖရိကတိုက်တွင် ဗိုးဝါးစစ်ပွဲဖြစ်ခဲ့သည်။ ထိုတော်လှန်မှုစစ်ပွဲများမှာလွန်ခဲ့သောအနှစ်တရာ့ငါးဆယ်ခန့်ကဖြစ်ခဲ့သောအမေရိကန်လွတ်လပ်ရေးစစ်နှင့်အလားတူနယ်ချဲ့တော်လှန်ရေးစစ်ပွဲများပင်ဖြစ်ကြသည်။

နှစ်ဆယ်ရာစု အစလောက်တွင် အညှောက်ထိုးစပြုနေသော အရင်းရှင်စံနစ်ကြောင့် စက်လုပ်ပစ္စည်းများကိုရောင်းချရန် ကမ္ဘာ့ဈေးကို ရှာကြရသည်။ ကုန်ရိုင်းထွက်သည့် နယ်များကိုလည်း ရှာကြရ၏။ ထို့ကြောင့် အရင်းရှင်နိုင်ငံများသည် သြဇာခံနိုင်ငံများ၊ အထိန်းအသိမ်းခံနိုင်ငံများကို ရလိုကြသည်။ ဥရောပတိုက် လက်နက်နိုင်ငံကြီးများသည် သူတို့၏ လက်အောက်ခံ ကိုလိုနီများနှင့် ဆက်သွယ်ရာ၌ လွယ်ကူစေရန် ကာကွယ် စောင့်ရှောက်ပေးမည့် ကုန်း၊ ရေ၊ လေတပ်အင်အား အများလိုလာခဲ့ပေသည်။ ဤသို့ သူသူငါငါ နယ်ချဲ့လာကြသောအခါ နိုင်ငံချင်းချင်း မလိုမုန်းထားစိတ်များ ဖြစ်ပေါ်လာ

ကြသည်။ တဦးကိုတဦး ရန်စောင်လာကြသည်။ နီးစပ်ရာ မဟာမိတ်ဖွဲ့ကြကာ အင်အားချင်းပြိုင်လာကြသည်။ ဗြိတိန်က ပြင်သစ်နှင့်ပူးပေါင်းသဖြင့် ဂျာမနီကလည်း ဩစတြီးယား အီတလီတို့နှင့် ပူးပေါင်းလေသည်။ ဤသို့ နိုင်ငံချင်းချင်း တဦးကိုတဦး မယုံကြည်နိုင်သည်မှအစ နောက်ဆုံးတွင် ပထမကမ္ဘာစစ် ပေါ်ပေါက်လာခဲ့ရသည်။

ပထမကမ္ဘာစစ်တွင် အင်္ဂလိပ် အမေရိကန်တို့ ခေါင်းဆောင်သော မဟာမိတ်အုပ်စုနှင့် ဂျာမန်ခေါင်းဆောင်သော အုပ်စုတို့ အင်အားချင်းပြိုင်ကြသည်။ မဟာမိတ်များက ကမ္ဘာပေါ်တွင် ဒီမိုကရေစီဝါဒ တည်တံ့ခိုင်မြဲရေးအတွက် စစ်တိုက်ရပါသည်ဟု ကြွေးကြော်သံနှင့် စစ်ထဲဝင်ခဲ့ကြသည်။ ထိုစစ်တွင် ဂျာမန်ခေါင်းဆောင်သော အုပ်စုက မရှုမလှစစ်ရှုံး၍ မဟာမိတ်အုပ်စုက စစ်အနိုင်ရလိုက်သည်။ သို့ရာတွင် ဒီမိုကရေစီဝါဒ တည်တံ့ခိုင်မြဲရေးအတွက် စစ်တိုက်ရပါသည်ဟု ကြွေးကြော်ခဲ့သော မဟာမိတ်တို့၏ ရည်ရွယ်ချက်ကား မအောင်မြင်ခဲ့ချေ။ စစ်ငြိမ်းစာချုပ်များ ချုပ်ဆိုပြီးသည့်အခါတွင် ချက်ကိုစလိုဗေးကီးယား၊ အက်စတိုးနီးယား၊ လစ်သူးနီးယား၊ လတ်ဗီးယား၊ ဖင်လန်နိုင်ငံကလေးများ လွတ်လပ်ရေး ရခဲ့ကြခြင်းသည် ပထမကမ္ဘာစစ်၏ အမြတ်များဖြစ်သော်လည်း အနှစ်နှစ်ဆယ်အတွင်း ဖင်လန်နိုင်ငံ၌သာလျှင် လတ်လပ်ရေးတည်တံ့၍ ကျန်နိုင်ငံကလေးများမှာ လွတ်လပ်ရေး ဆုံးရှုံးကြပြန်သည်။

ဒီမိုကရေစီ တည်တံ့ခိုင်မြဲရေးအတွက် စစ်တိုက်ရပါသည်ဟုဆိုခဲ့သော မဟာမိတ်တို့အတွက် စစ်နိုင်သည့်အမြတ်များထက် အဆပေါင်း များစွာ ပိုမိုဆုံးရှုံးသည့် အရှုံးကြီးကား မဟာမိတ် အုပ်စုထဲမှ ရုရှနိုင်ငံကြီး ပထမကမ္ဘာစစ်မပြီးမီ ပဲ့ထွက်သွားရုံမက ကွန်မြူနစ်နိုင်ငံ ဖြစ်သွားခြင်းပင် ဖြစ်သည်။

၁၉၁၇ ခုတွင် ရုရှနိုင်ငံသူနိုင်ငံသားများသည် သူတို့အား ရာစုနှစ်ပေါင်းများစွာ ဖိနှိပ်ညှဉ်းပန်းခဲ့သော ဇာဘုရင်အစိုးရကို အပြီးတိုင်တော်လှန်ကြသည်။ ၁၉၀၅ ခုနှစ်တွင် ပထမအကြိမ် တော်လှန်ခဲ့၏။ ရုရှတော်လှန်ရေးတွင် မကြာမီ ကွန်မြူနစ်အင်္ဂအသင်းများဝင်လာ၍ ကွန်မြူနစ်ဩဇာ လုံးဝ လွှမ်းမိုးသွားလေသည်။ ရုရှတော်လှန်ရေးအား ဒီမိုကရေစီဝါဒကို အားပေးသော အင်အားစုတခုအဖြစ်ဖြင့် သမ္မတဝီလဆင်က ယူဆခဲ့သည်။ ထို့ကြောင့်လည်း ပထမကမ္ဘာစစ်အတွင်းသို့ အမေရိကန်ပြည်ထောင်စု ဝင်ရောက်ကာ ကမ္ဘာကြီးတွင် ဒီမိုကရေစီ ထွန်းကားရမည်ဟု ကြွေးကြော်ခဲ့လေသည်။ သို့သော် ဒီမိုကရေစီကို ခိုင်မြဲလိုပါသည်ဆိုသော မဟာမိတ်တို့အတွက် ဒီမိုကရေစီဝါဒကို အမြစ်ကပါ တိုက်ဖျက်တွန်းလှန်မည့် ကွန်မြူနစ်ဝါဒကို ကမ္ဘာကြီး၏တနေရာတွင် တည်တံ့ခိုင်မြဲအောင် ထူထောင်ပေးလိုက်သည်နှင့် တူသွား၏။ ထို့ကြောင့် ပထမကမ္ဘာစစ်အပြီးတွင် ပေါ်ပေါက်လာခဲ့သော လက်ဝဲ၊ လကျာ်ဝါဒနှစ်ခုသည် ကမ္ဘာကြီးကို လွှမ်းမိုးခြယ်လှယ်ရန် အစွမ်းကုန်ကြိုးစားလျက်ရှိကြ၏။ ကမ္ဘာ့ ကွန်မြူနစ်နိုင်ငံများကို ရုရှကခေါင်းဆောင်လျက် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများကို အမေရိကန်က ခေါင်းဆောင်လေသည်။

ပထမကမ္ဘာစစ် အပြီးတွင် ဝီလဆင်၏ငြိမ်းချမ်းရေးဆယ့်လေးချက် ကျေညာစာတမ်းကိုလူအများအတော် စိတ်ဝင်စားကြသည်။ ဤကျေညာစာတမ်းသည် ဒီမိုကရေစီခိုင်မြဲရေးအတွက် ခြေလှမ်းတခုပင်ဖြစ်သော်လည်း အမေရိကန်တို့၏ မျိုးချစ်စိတ်နှင့် သီးခြားနေရေးဝါဒတို့က သူတို့၏သမ္မတ ကိုယ်တိုင်ရေးဆွဲသော ဆယ့်လေးချက် ကျေညာစာတမ်းပါအချက်တို့ကို လက်မခံနိုင်အောင် ဖန်တီးခဲ့သဖြင့် နိုင်ငံပေါင်းချုပ်အသင်းကြီး၌ အမေရိကန်မပါဝင်သည့်အသင်း ဖြစ်ခဲ့ရ၏။

ဗားဆိုင်းမြို့၌ ၁၉၁၉ ခုနှစ်တွင်ကျင်းပသောငြိမ်း

ချမ်းရေး အစည်းအဝေးမှာ စစ်ကို ခေတ္တရပ်နားစေသော စစ်ဆိုင်းအစည်းအဝေးကဲ့သို့သာ ဖြစ်ခဲ့၏။ ၎င်းဆိုင်းစာချုပ်မှာလည်း စစ်ခေတ္တနားရန်ချုပ်ဆိုသော စာချုပ်သဖွယ် ဖြစ်နေကြောင်းကို နောင်အနှစ်နှစ်ဆယ်အကြာ ပေါ်ပေါက်လာသော ဒုတိယကမ္ဘာစစ်နှင့် ရွှေပြေးစစ်ပွဲများအရ ထင်ရှား၏။ ပထမနှင့် ဒုတိယကမ္ဘာစစ်နှစ်ခုကြားတွင် ဒီမိုကရေစီအခွင့်အရေးများ တိုးတက်ရရှိသည့် ထူးခြားချက်များ ပေါ်ပေါက်လာသည်ကား မှန်၏။ အမေရိကန်တို့ လိုလားတောင့်တလျက်ရှိသော ဒီမိုကရေစီစံနစ်ကြီးသည် ပြည်ပ၌ ခရီးမပေါက်လှသော်လည်း နိုင်ငံတွင်း၌ကား ခရီးပေါက်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် အမေရိကန် အမျိုးသမီးများ ရွေးကောက်ပွဲ၌ မဲပေးနိုင်ခွင့် ရကြခြင်းသည်လည်း ဒီမိုကရေစီ တိုးတက်မှုအချက်တရပ်ဖြစ်၏။ ပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေးများတွင် မိန်းမများသည် ယောကျ်ားများနှင့် တန်းတူအခွင့်အရေး တဖြည်းဖြည်း ရရှိလာကြသည်။ ၁၉၅၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု အလုပ်သမားဦးရေ တရာလျှင် ၂၈ ယောက်မှာမိန်းမများဖြစ်ကြသည်။

၁၉၀၀ ပြည့်နှစ်မှ ၁၉၅၀ ပြည့်နှစ် အတွင်းတွင် မွတ်စလင်နှင့်ဟိန္ဒူနိုင်ငံများတွင် မိန်းမများခေါင်းမြီးခြုံခြင်း၊ အိမ်တွင်းပုန်းခြင်း အလေ့အထများ တဖြည်းဖြည်းကွယ်ပျောက် ခဲ့လေသည်။ ဂန္ဒီတို့ လူစု၏လှုံ့လကြောင့် အိန္ဒိယနိုင်ငံတွင် ဇာတ်အဆင့်အတန်းကွဲပြားမှု နည်းပါးလာသည်။

ပထမကမ္ဘာစစ်အပြီးတွင် အလုပ်သမားလူတန်းစားများ အခွင့်အရေး ပိုမို၍ရကြသည်။ ၁၉၅၀ ပြည့်နှစ်တွင် ၁၉၁၀ ပြည့်နှစ်ကထက် အလုပ်ချိန်သုံးပုံနှစ်ပုံမျှ လျော့ကျ၍ အခကြေးငွေတွင် ငါးဆပို၍ရကြသည်။ အလုပ်လည်း ၆ ဆမျှပို၍ပြီးသည်။ အလုပ်သမားသမဂ္ဂဝင် ဦးရေမှာ အဆနှစ်ဆယ်အထိ တိုးတက်ခဲ့သည်။

အလုပ်သမားများ စည်းကမ်းတကျ စည်းရုံးနိုင်ကြသည့်အတွက် သွေးထွက်သံယိုမှုများ နည်းပါးသွားရုံမက၊ ရသင့်ရထိုက်သော အခွင့်အရေးများကိုလည်း ရလာကြသည်။ ကလေးငယ်များအား အလုပ်ရုံများ၌ စေခိုင်းခြင်းကို အက်ဥပဒေများဖြင့် တားမြစ်နိုင်ခဲ့သည်။ နောင်ရေးကို စိတ်ချနိုင်စေရန် ဥပဒေများ ပြုလုပ်ပေးခဲ့သည်။ အလုပ်ရုံ၊ ရုံးစသော လူအများတွေ့ဆုံရာဌာနများကို ကျန်းမာရေးနှင့် ညီညွတ်အောင် ပြုပြင်ပေးရ၏။

အလုံးစုံကို ခြုံ၍ကြည့်မူ ထိုအနှစ်ငါးဆယ်အတွင်းတွင် ဝိတိုရိယခေတ်က အရင်းရှင်စံနစ်ဟောင်းကို တခေတ်ပြောင်းလိုက်ကြသကဲ့သို့ဖြစ်၏။ ၁၉၅၀ ပြည့်နှစ်တဝိုက်လောက်တွင် အလုပ်သမားနှင့် အလုပ်ရှင်တို့စပ်ကြား၌ အစိုးရတို့က ခုံရုံးဖွဲ့၍ ဖြန်ဖြေဆုံးဖြတ်ပေးနိုင်ခဲ့သည်။ သို့ရာတွင် ထိုအခြေကိုပင် တင်းမတိမ်နိုင်ကြသော သူများလည်းရှိကြပေသေးသည်။ အချို့သူများက ပြုပြင်ပြောင်းလဲမှုကို တော်လှန်မှုနှင့်မှ အကောင်အထည် ဖော်နိုင်သည်ဟုယုံကြည်ကြသည်။ ဒီမိုကရေစီ အခွင့်အရေးများ မည်သို့ပင် တဖြည်းဖြည်းရရှိလာစေကာမူ လူတို့စိတ်ကြိုက် မည်သည့်အခါမျှ ပြည့်စုံပြီဟုမဆိုနိုင်ချေ။ လူတို့၏ နေထိုင်မှုအဆင့်အတန်း ပြောင်းလဲလာသည်နှင့်အမျှ လူတို့၏ အခွင့်အရေးများလည်း ပြောင်းလဲလာလိမ့်မည်သာဖြစ်၏။

လူဖြူလူမဲ ပြဿနာမှာလည်း ဖြေရှင်းရန်ခက်ခဲသောကိစ္စတရပ် ဖြစ်နေသေးသည်။ မည်သည့်လူမျိုးရေးပါရဂူကမျှ လူဖြူသည် လူမဲထက်သာသည်ဟု တထစ်ချ မပြောနိုင်ကြချေ။ လူဖြူများက လူမဲတိထက် မြင့်မြတ်သည်ဟူသောဝါဒကို လက်ကိုင်ထားသော ကူ-ကလပ်-ကလန်ခေါ် အသင်းတခု အမေရိကန်ပြည်ထောင်စုတွင် ပေါ်ခဲ့သည်။ ထိုအသင်း၌ အသင်းဝင်ပေါင်း ငါးသန်းကျော်မျှရှိခဲ့သည်ဟုဆိုသည်။ သို့သော် အသင်းခေါင်းဆောင်

များသည် လူသတ်ခြင်း၊ အိုးအိမ်ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းစသော ရာဇဝတ်မှုများကို ကျူးလွန်ကြသဖြင့် အသင်းတွင် အသင်းသားဦးရေ လျော့ပါးသွားလေသည်။ ကူ - ကလပ် - ကလန် အသင်းကမည်သို့ပင် ဝါဒဖြန့်စေကာမူ ကမ္ဘာစစ်နှစ်စစ် ကြားကာလအတွင်း အမေရိကန် ပြည်ထောင်စု၌ လူမျိုးရေးတင်းမာမှုများ လျော့ပါးနေသည်ကို တွေ့ရ၏။ သက်သေပြရလျှင် ၁၉၁၉ ခုနှစ်တွင် လူမျိုးရေးခွဲခြားမှုကြောင့် ညှဉ်းဆဲ သတ်ဖြတ်ခြင်းခံရသော ကပ္ပလီလူမျိုး ၇၇ ယောက်ရှိ၍ ၁၉၄၁ ခုနှစ်တွင် ၅ ယောက်သာရှိလေသည်။ လူဖြူများအတွက်ဆိုလျှင် ၁၉၁၉ ခုနှစ်၌ ၆ ယောက်သာ အသတ်ခံရလေသည်။ ထို့ပြင် ဒီမိုကရေစီ၏ အခွင့်အရေးတရပ်ဖြစ်သော မိမိသက်ဝင်ယုံကြည်ရာ အယူဝါဒကို လွတ်လပ်စွာ ကိုးကွယ်နိုင်မှုကို ဒီမိုကရေစီနိုင်ငံများတွင် ရရှိခံစားနေကြသည်။

ဒုတိယကမ္ဘာစစ် မဖြစ်မီအချိန်အတွင်း ဟစ်တလာသည် အယူဝါဒအတွက် ဖိနှိပ်ညှဉ်းဆဲမှုများ ပြုခဲ့ရုံမကသေး၊ ထိုသို့ဖိနှိပ်ညှဉ်းဆဲခြင်းမှာ မျိုးချစ်စိတ်၊ လူမျိုးရေးစိတ်ဖြစ်သည်ဟု ယုံကြည်ကြသည့်အထိ လူထုအား လှုံ့ဆော်ပေးခဲ့သည်။ နာဇီတို့သည် ယေဟူဒီလူမျိုးများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်။ နာဇီတို့၏ ရက်စက်မှုများမှာ သမိုင်းတင်လောက်အောင် ကြမ်းကြုတ်ခဲ့၏။ နာဇီတို့၏အကြံမှာ ယေဟူဒီလူမျိုးအား ကျူပင်ခုတ်ကျူငုတ်မကျန် အမျိုးဖြုတ်ပစ်ရန်ပင်ဖြစ်၏။ သို့ရာတွင် ယေဟူဒီခေါင်းဆောင်တို့၏ ကြိုးပမ်းမှုကြောင့် ထိုအနှစ်ငါးဆယ်အတွင်း၌ပင် ယေဟူဒီတို့အတွက် အဇ္စရေးယယ်နိုင်ငံ ပေါ်ပေါက်လာသည်။

၁၉၀၀ ပြည့်နှစ်မှစ၍ နှစ်ပေါင်း ၅၀ အတွင်း ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ခဲ့ခြင်း၊ တော်လှန်ခေါင်းပါးသောကပ်ဘေးကြီးများ ဆိုက်ရောက်ခဲ့ခြင်း၊ လူတို့၏အသိတရား တိုးတက်သင့်သလောက် မတိုးတက်ခြင်းများကြောင့် ဒီမိုကရေစီဝါဒမှာ ခရီးမရောက်ဘဲရှိခဲ့သည်။ စီးပွားရေး မခိုင်လုံသဖြင့် နေရေးစားရေး ကြပ်တည်းမှု၊ အလုပ်လက်မဲ့ဖြစ်မ၊ တော်လှန်ခေါင်းပါးမှု စသည်တို့အတွက် ပူပင်နေရသော ၁၉၃၀ ပြည့်နှစ်အချိန်လောက်၌ကား လူဦးရေပိုလျှံနေသော အီတလီ၊ ဂျာမနီ၊ ဂျာပန်၊ စပိန်နိုင်ငံများတွင် အာဏာရှင် အစိုးရများ တက်လာသည်ကိုတွေ့ရ၏။ ထိုသို့ စီးပွားရေးကြပ်တည်းမှုများကြောင့်ပင်လျှင် ကွန်မြူနစ်ဝါဒကြီးတဖြည်းဖြည်း အင်အားတိုးတက်လာခဲ့လေသည်။

ပထမကမ္ဘာစစ် အပြီးတွင် ဆိုဗီယက်ရုရှနိုင်ငံသည် ကွန်မြူနစ်နိုင်ငံ ဖြစ်သွားသဖြင့် မဟာမိတ်တို့က ကွန်မြူနစ်ဝါဒကြီး၏ ရေသောက်မြစ်ဖြစ်သောရုရှကို ချေမှုန်းပစ်ရန် စစ်ရှုံးဂျာမနီကို အသက်ပြန်သွင်းလိုက်ကြ၏။ ထိုမျှပင်မကသေး၊ ဖက်ဆစ်နိုင်ငံများဖြစ်ကြသော အီတလီနှင့်ဂျပန်တို့က အာဖရိကတိုက်နှင့် အာရှတိုက်တွင် အသီးအသီးကျူးကျော်တိုက်ခိုက်နေသည်ကို မမြင်ဟန်ဆောင်၍နေခဲ့ကြလေသည်။ မဟာမိတ်တို့၏ တွက်ကိန်းကား အင်အားတောင့်တင်းနေသော ရုရှကွန်မြူနစ်တို့ကို ဂျာမနီ၊ အီတလီ၊ ဂျပန်တို့အကူအညီနှင့် ချေမှုန်းရန်ဖြစ်၏။ သို့ရာတွင် တွက်ကိန်းကား မကိုက်ချေ။ ဂျာမနီ၊ အီတလီ၊ ဂျပန်တို့က မဟာမိတ်တို့အား ရန်မူကြသဖြင့် ဒုတိယကမ္ဘာစစ် ပေါ်ပေါက်လာရပြန်သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင်လည်း မဟာမိတ်တို့ အလန့်ကြီးလန့်နေသော ကွန်မြူနစ်ဝါဒကြီးသည် စစ်မဖြစ်မီကာလကပင် ပို၍ပြန့်ပွားလာလေသည်။ ဥရောပတိုက်တွင် ပိုလန်၊ ချက်ကိုစလိုဗေးကီးယား၊ ဟန်ဂေရီ၊ ဘူလဂေးရီးယား၊ ရူမေးနီးယား၊ အယ်လဘေးနီးယား၊ ယူဂိုဆလားဗီးယားနှင့် အရှေ့ ဂျာမန်နိုင်ငံတို့သည်၎င်း၊ အာရှတိုက်တွင် လူဦးရေသန်း ၆၀၀ ခန့်ရှိသော တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံမြောက်ပိုင်း၊ ဗီယက်နမ်တို့

သည်ဒင်း ကွန်မြူနစ်နိုင်ငံများ ဖြစ်လာကြသည်။

ကမ္ဘာပေါ်တွင် ကွန်မြူနစ်ဝါဒ ပြန့်ပွားလာမှုကြောင့် ဒီမိုကရေစီ နိုင်ငံများသည် စိတ်မအေးနိုင်ကြချေ။ သို့သော် ကွန်မြူနစ်နိုင်ငံများသည်လည်း ဒုတိယ ကမ္ဘာစစ်ကြီးကြောင့် ဆိုရှယ်လစ်လောက ထူထောင်ရေးကို အားတက်သရော မဆောင်ရွက်နိုင်ဘဲ ရေသာခို၍နေကြရလေသည်။

ကမ္ဘာစစ်အပြီးတွင် ကွန်မြူနစ်ဝါဒ ပြန့်ပွားလာသည်ဟုဆိုရသော်လည်း ဒီမိုကရေစီ ဝါဒမှာ လူကြိုက်များမြဲ များလျက်ရှိချေသည်။ အမေရိကန်ပြည်ထောင်စု၌ လူနည်းစုများတွင် ရေးနှင့်မတူ အခွင့်အရေးများစွာပေးသည့် ဥပဒေများ ပေါ်ပေါက်ခဲ့သည်။ အမေရိကန် ပြည်ထောင်စုတောင်ပိုင်းဒေသရှိ ကပ္ပလီလူမျိုးများအား လူဖြူတို့နှင့်တန်းတူ ပညာသင်နိုင်ခွင့်ကိုလည်း တရားလွှတ်တော်ချုပ်က ဆုံးဖြတ် ပေးခဲ့သည်။ စစ်အတွင်း လူဖြူလူမဲမရွေး ပါဝင်တိုက်ခိုက်ခဲ့ရသောကြောင့် လူလူချင်း ပိုမို ရင်းနှီးလာခဲ့ကြသည်။ ကပ္ပလီလူမျိုးတဦးဖြစ်သော ဒေါက်တာရပ်ဇန့်သည် အာရပ်နှင့် ယေဟူဒီအရေးတွင် ကုလသမဂ္ဂကိုယ်စားလှယ်အဖြစ် ဖြန်ဖြေရေးကိုဆောင်ရွက်နိုင်ခဲ့၏။ ၁၉၅၀ ပြည့်နှစ်တွင်ကပ္ပလီလူမျိုးများသည်ကစားခုန်စားပွဲများ၊ ဂီတသီချင်းပြဇာတ်ပွဲများစသည်တို့၌ နာမည်ကျော်ကြားလာခဲ့ကြ၏။

ကုလသမဂ္ဂသည် အင်ဒိုနီးရှားအရေး၊ အိန္ဒိယအရေး၊ ပါလက်စတိုင် အရေးများတွင် အတော်အတန်အောင်မြင်စွာ ဝင်ရောက် ဖြန်ဖြေနိုင်ခဲ့လေသည်။ ကုလသမဂ္ဂသည် နိုင်ငံပေါင်းချုပ်အသင်းကြီးက ဆောင်ရွက်ခဲ့သည့်နည်းတူ ဘိန်း၊ ဆေးခြောက်ကဲ့သို့သော ယစ်မျိုးတို့ကို နိုင်ငံအချင်းချင်း ရောင်းဝယ်ဖောက်ကားခြင်း၊ အမျိုးသမီးများအား ပြည့်တန်ဆာအဖြစ် ရောင်းစားခြင်းအမှုများကို နှိမ်နင်းပေးခဲ့သည်။ အာဖရိကတိုက်ရှိ ယခင်က ဝင်ရိုးတန်းနိုင်ငံများပိုင် ကိုလိုနီနယ်များကို ထိန်းသိမ်း ပေးခဲ့လေသည်။ ကျန်းမာရေး၊ အစားအစာ ဖူလုံရေး၊ စီးပွားချောင်လည်ရေး၊ ပေါင်းသင်းဆက်ဆံမှု ဖွံ့ဖြိုးရေးတို့ကို တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပေသည်။ ထိုမျှသာမက၊ အမေရိကန်သမ္မတကတော် အလီနာရုစဗဲ့ ခေါင်းဆောင်သည့် လူမှုဆက်ဆံရေး၊ လူ့အခွင့်အရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မရှင်အဖွဲ့က ရေးဆွဲသော ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို ကုလသမဂ္ဂက ၁၉၄၈ ခုနှစ်တွင် လက်ခံအတည်ပြုလိုက်လေသည်။ ထိုကြေညာစာတမ်းတွင် ကမ္ဘာပေါ်ရှိလူတိုင်းအား လူမျိုး၊ အသားအရောင်၊ လိင်၊ ဇာတ်စသည်တို့ကိုမရွေးဘဲ တူညီသောအခွင့်အရေးများကိုပေးရန် ပါဝင်လေသည်။

၁၉၅၀ ပြည့်နှစ်လောက်က ဖြစ်ပွားသောကိုးရီးယားနိုင်ငံအရေး၌ကား ကုလသမဂ္ဂသည် လက်နက်ကိုင်၍ ဝင်ရောက် ဖြန်ဖြေရပြန်လေသည်။ ကုလသမဂ္ဂသည် ကိုးရီးယားနိုင်ငံ လွတ်လပ်ရေးအတွက် တာဝန်ခံ ဆောင်ရွက်ရသည့် အလျောက်တောင်ပိုင်း ကိုးရီးယားနိုင်ငံကို ကွန်မြူနစ်တို့ကျူးကျော်ရန်စသည့်အခါ လက်နက်ဖြင့် ဝင်ရောက်ကာကွယ်ပေးရ၏။ ထိုသို့ အချိန်မှီမပြုလုပ်နိုင်ပါမူ ယခင်က နိုင်ငံပေါင်းချုပ် အသင်းကြီးကဲ့သို့ ကြက်ဥဆန်ချောင် ဖြစ်ရချေတော့မည်။

ဒုတိယကမ္ဘာစစ်ပြီးခေတ်တွင် ခေတ်ဟောင်းနယ်ချဲ့ဝါဒမှာ တဖြည်းဖြည်း တိမ်ကောလာခဲ့လေသည်။ အိန္ဒိယ၊ ပါကစ္စတန်၊မြန်မာ၊ အင်ဒိုနီးရှား၊ဖိလစ်ပိုင်၊ဆီးရီးယား၊ လီဗန္နန်နှင့်ထရန်ဂျော်ဒန်နိုင်ငံတို့သည်လွတ်လပ်သောနိုင်ငံများဖြစ်လာကြသည်။

၁၉၄၁ ခုနှစ်တွင် ရုစဗဲ့နှင့်ချာချီတို့ ပူးပေါင်း၍ ရေးဆွဲသော အတ္တလန္တိတ်စာချုပ်တွင် ကမ္ဘာ့လူထုအတွက် လေးမျိုးသော လွတ်လပ်ရေးကိုကြေညာ

ခဲ့၏။ ထိုလေးမျိုးသော လွတ်လပ်ရေးကား လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာကိုးကွယ်ခွင့်၊ ငတ်မွတ်ခေါင်းပါးခြင်းဘေးမှ လွတ်ကင်းခွင့်၊ ကြောက်လန့်နေရခြင်းမှ လွတ်ကင်းခွင့်တို့ဖြစ်သည်။ ဤကား အနှစ်ငါးဆယ်အတွင်း ဒီမိုကရေစီ အခွင့်အရေးများကို ရုပ်လုံးဖော်သည့် လုပ်ငန်းများဖြစ်ကြ၏။ ထိုလုပ်ငန်းများတွင် အမှားလည်းရှိပေမည်၊ အမှန်လည်း ရှိပေမည်။ အမှားနှင့်အမှန်မှာ ဒွန်တွဲလျက်ပေါ် စမြဲဖြစ်၏။

ဒီမိုကရေစီ နိုင်ငံများက ဒီမိုကရေစီဝါဒပြန့်ပွားတည်တံ့အောင် ဆောင်ရွက်သည့်ကြားမှပင် စစ်အပြီးတွင် ကွန်မြူနစ်ဝါဒကို သက်ဝင်ယုံကြည်သောလူသန်းပေါင်း ၈၅၀ ခန့်အထိ တိုးတက်လာခဲ့သည်။ ဤတိုးတက်လာမှုကား ဒီမိုကရေစီဝါဒအတွက် ကြောက်မက်ဖွယ် အကောင်းဆုံးသောရန်ကြီးတခုဖြစ်လေသည်။ သို့ရာတွင် သမိုင်းတလျှောက်တွင် လတို့သည် လွတ်လပ်ရေးကို လိုလားနေသမျှကာလပတ်လုံး လူတို့၏ အခွင့်အရေးကို အခြားဝါဒများထက် ပို၍ပေးနိုင်ခဲ့သော ဒီမိုကရေစီဝါဒကို လူကြိုက်များမည်သာတည်း။

## သမ္မတဝီလဆင်၏ဆယ့်လေးချက်ကျေညာစာတမ်းအကျဉ်းချုပ်

၁။ နိုင်ငံအချင်းချင်း လူသိနတ်ကြား ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုထားရှိရေး။

၂။ သဘောတစာချုပ်များအရ နိုင်ငံပေါင်းစုံက ဆောင်ရွက်ချက်မှအပ စစ်အတွင်း၌သော်၎င်း၊ စစ်ငြိမ်းကာလ၌သော်၎င်း သက်ဆိုင်ရာနယ်နိမိတ်ပြင်ပရှိရေပြင်တွင် လွတ်လပ်စွာ ရေကြောင်းခရီးသွားလာနိုင်ရေး။

၃။ စီးပွားရေးကန့်သတ်ချက်များကို တတ်နိုင်သမျှပယ်ဖျက်၍ နိုင်ငံအားလုံး ခွင့်တူညီမျှ ကူးသန်းရောင်းဝယ်မှု ရရှိရေး။

၄။ ပြည်တွင်းလုံခြုံမှုခိုင်မြဲရေးအတွက် လိုအပ်မည့်လက်နက်များမှအပ ကျန်လက်နက်များ လျှော့ပေါ့ရေး၊

၅။ ကိုလိုနီနိုင်ငံများကိစ္စကို လွတ်လပ်ပွင့်လင်းစွာ မျှမျှတတပြုလုပ်ဆောင်ရွက်ရေး။

၆။ ရုရှနယ်နိမိတ်အတွင်းမှစစ်တပ်များရုပ်သိမ်းရေး၊ နိုင်ငံရေးတိုးတက်မှုနှင့် အမျိုးသားလွတ်လပ်ရေးဝါဒပေါ် ပေါက်ခွင့်ရရှိစေရန် ရုရှတို့၏ပြဿနာရပ်များကို ဖြေရှင်းပေးရေးနှင့်နိုင်ငံပေါင်းချုပ်အသင်းသို့ရုရှအားဝင်ခွင့်ပေးရေး

၇။ ဗယ်လဂျီယံနိုင်ငံမှ စစ်တပ်ရုပ်သိမ်းပေးရေးနှင့် မူလအတိုင်း အာဏာပြန်လည်အပ်နှင်းရေး။

၈။ ပြင်သစ်ပိုင်နယ်ပယ်ဒေသများမှ စစ်တပ်များရုပ်သိမ်းရေး၊ သိမ်းပိုက်ခြင်းခံရသော ပြင်သစ်ပိုင်နယ်မြေများ ပြန်အပ်ရေးနှင့် သိမ်းသွင်းခြင်းခံရသော အယ်လဆေး - လော်ရိန်းနယ်ကို ပြင်သစ်သို့ပြန်ပေးရေး။

၉။ လူမျိုးရေးကိုမူတည်လျက် အီတလီနိုင်ငံနယ်နိမိတ်များကို ပြန်လည်သတ်မှတ်ပေးရေး။

၁၀။ ဩစတြီးယားနှင့် ဟန်ဂေရီနိုင်ငံသူနိုင်ငံသားတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခွင့်အရေး ပေးရေး။

၁၁။ ရူမေးနီးယား၊ ဆားဗီးယား၊ မွန်တီနီးဂရိုးပြည်နယ်များမှ စစ်တပ်များရုပ်သိမ်းရေး၊ သိမ်းပိုက်ခြင်းခံရသော နယ်ပယ်များပြန်လည်ပေးအပ်ရေး၊ ဆားဗီးယားနိုင်ငံအား ပင်လယ်သို့ ထွက်ပေါက်ဖွင့်ပေးရေး၊ ဗော်လကန် နိုင်ငံငယ်များ၏ လွတ်လပ်ရေးနှင့် မကွဲမပြားစည်းလုံးညီညွတ်မှုရရှိနေစေရန်ကို တာဝန်ယူရေး၊


၁၂။ အော်တိုမန်အင်ပိုင်ယာအတွင်းရှိ တူရကီနယ်ပယ်များကိုအချုပ်အခြာအာဏာ အပ်နှင်းရေး။ တူရကီအုပ်ချုပ်မှု လက်အောက်တွင်ရှိသည့် အခြားသောလူမျိုးစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေး လုပ်ပေးရေး၊ ဒါဒ နယ်ရေလက်ကြားကို မည်သည့်နိုင်ငံကမျှ စစ်အတွက်ပြင်ဆင်ခြင်းမပြုရေး။

၁၃။ လွတ်လပ်သော ပိုလန်နိုင်ငံတည်ထောင်ပေးရေး။

၁၄။ နိုင်ငံအားလုံးတို့၏ နိုင်ငံရေးလွတ်လပ်မှုနှင့် နယ်ပယ်ပိုင်ပြဲစွာတည်တံ့ရေးကို ခံဝန်ချက်ပေးနိုင်ရန်အတွက် တိကျသောစည်းမျဉ်းတွင်မူတည်၍ နိုင်ငံကြီးငယ်များပါဝင်သော အဖွဲ့အစည်းတခု တည်ထောင်ရေး။




လူ့အခွင့်အရေးကြေညာစာတမ်း ရေးဆွဲရေးကော်မိတီဥက္ကဋ္ဌ မစ္စစ်အလီနာရုစဗဲ့။



**ကလေးများအား** ရှေးက ဤသို့ (အထက်ပုံ)အလုပ်ရုံများ၌စေခိုင်းခဲ့သည့်အလေ့ကို ယခုပယ်ဖျက်လိုက်လေပြီ။



**ဓာဘုရင်၏ဖိနှိပ်မှုကို** ရုရှ သူပုန်တပ်သားများက (ယာပုံ) တော်လှန်တိုက်ခိုက်ကြသည်။

**ကူ - ကလပ် - ကလန်အသင်းသည်** (ယာပုံ) ရာဇဝတ်မှုများ ကျူးလွန်လွန်းမကြောင့် တန်းခိုးမှိန်သွားရသည်။



**အိမ်တွင်းပုန်းဘဝမှ** (အောက်ပုံ) မှတ်စလင်အမျိုးသမီးများ လွတ်ကင်းခွင့်ရကြလေပြီ။






**အမျိုးသမီးများ၏ အကျိုးတော်ဆောင်ကြီး** မစ္စစ်ပင့်ဟတ်သည် ၁၉၀၃ခုနှစ်တွင် အမျိုးသမီးများ၏ ပေါင်းသင်းဆက်ဆံရေးနှင့် နိုင်ငံရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများကိုတည်ထောင်ခဲ့သည်။ သို့ရာတွင် လစ်ဗရယ်အစိုးရထံမှ အမျိုးသမီးများ မဲပေးခွင့်ကို တောင်းဆိုသော်လည်း ပေးပါမည်ဟူသော ကတိခံဝန်ချက်ကိုပင် မရရှိသဖြင့် အမျိုးသမီးထုကြီးကို ခေါင်းဆောင်ကာ အကြမ်းနည်းဖက်၍ မရမနေ အရေးဆိုနေသောကြောင့် ၁၉၁၃ ခုနှစ်တွင် သအားဖမ်းဆီးချုပ်နှောင်ထား၏။ ထောင်အတွင်း၌ အစာငတ်ခံ၍နေပြန်ရာ အသက်အန္တရာယ်ကိုပင် ထိခိုက်မည်ကို စိုးရိမ်ရသောကြောင့် ထောင်မှလွှတ်လိုက်ရ၏။ သို့သော် ပြန်လည် ကျန်းမာလာသောအခါ အဖမ်းခံရပြန်သည်။ ယင်းသို့ အကြိမ်ကြိမ် အဖမ်းခံခဲ့ရရာ ၁၉၁၄ ခုနှစ်က ဗတ်ကင်ဟမ်နန်းတော်ရှေ့တွင် မစ္စစ်ပင့်ဟတ်အား ပုလိပ်များက ချုပ်နှောင်ချီမ၍ ဖမ်းဆီးကြလေသည်။

**ကိုလိုနီနှောင်ကြိုးကို** ဒီမိုကရေစီ စည်းဝိုင်းအတွင်းမှ ဖြတ်တောက်ပစ်ရာ၌ကြိုးပမ်းခဲ့သော (အောက်ပုံ) အိန္ဒိယခေါင်းဆောင်ကြီးမဟတ္တမဂန္ဓီနှင့် မြန်မာခေါင်းဆောင်ကြီးဦးနု။





ဂျပန်တို့သည် ၁၉၅၀ ပြည့်နှစ်တွင် ပထမဆုံး လွတ်လပ်စွာ မဲပေးခွင့်ကို(အထက်ပုံ)ရကြသည်။



လူဖြူလူပဲခွဲခြားခြင်းမရှိ (ယာ၎) ပညာသင်ခွင့်ရကြ၏။



**ကစားခုန်စားဖက်ဥ္စလည်း** လူဖြူလူမဲမရွေး ပါဝင်ဆင်နွဲနိုင်သည်။ အထက်ပုံတွင် ၁၉၃၆ ခုနှစ်အိုလံပစ်ပြေးခုန်ကစားပွဲကျင်းပစဉ်က (ဝဲမှယာ) အမေရိကန်လူမျိုး ဖရင့်ဝိုင်းကော့၊ ဆွင်ဇာလန်လူမျိုး ပေါဟန်နီ၊ အမေရိကန်ပြည်ထောင်စုသား နီးဂရိုးလူမျိုးရပ်မက်ကပ်နှင့် ဂျက်စီအိုဝင်တို့အားအတူတွေ့ရပေမည်။

**ကပ္ပလီအမျိုးသား** ဒေါက်တာရပ်ဗန့်အား ပါလက်စတိုင်အရေးတွင် ဂင်ရောက်ဖြန်ဖြေရန် ကုလသမဂ္ဂက စေလွှတ်သည်။ ထိုလုပ်ငန်းအတွက် သူ့အားငြိမ်းချမ်းရေးဆိုင်ရာနိုဗဲဆု (အောက်ပုံ-ဖခင်ဆုရသည့်အတွက် သားကပေးသည့်ဝမ်းမြောက်စာကို ကိုင်ယင်းမိသားစု ရွှင်လန်းနေကြစဉ်) ကိုရရှိလေသည်။



ဂျော်ဂျီယားပြည်နယ်မှ ကပ္ပလီလူမျိုးများသည် ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် မဲပေးခွင့်ရကြသည်။



# ပုဂ္ဂိုလ်ကျော်များ

ကမ္ဘာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သည့် ကမ္ဘာအားကျေးဇူးပြုခဲ့သော ထိပ်သီးခေါင်းဆောင်ကြီး အများပင် နှစ်ငါးဆယ်အတွင်း၌ပေါ် ထွန်းလာခဲ့သည်။ ထိုပုဂ္ဂိုလ်ထူးကြီးများမှာ ကမ္ဘာ့လူမှုရေးရာ တိုးတက်ရေးကိုရှေးရှုလျက် မိမိတို့ပညာစွမ်းဖြင့် မနားမနေကြိုးပမ်းအားထုတ်ခဲ့ကြသူများဖြစ်ကြ၏။

အနှစ်ငါးဆယ်အတွင်းပေါ် ပေါက်ခဲ့သော ပုဂ္ဂိုလ်ကျော်များအနက် ဤအခန်းတွင် လက်ရွေးစင် ပုဂ္ဂိုလ်ကြီးအချို့ကိုသာ ရွေးချယ်တင်ပြထားပေသည်။ ထည့်သွင်းဖော်ပြအပ်သော အခြားပုဂ္ဂိုလ်ကျော်များမရှိတော့ဟုမဆိုလိုချေ။ ရှိကောင်းရှိပေလိမ့်မည်။ နိုင်ငံအသီးသီး၊ လုပ်ငန်းအမျိုးမျိုး၊ ပညာရပ်အဖုံဖုံတို့နှင့်သက်ဆိုင်သော ပုဂ္ဂိုလ်ကြီးများ အများရှိရာတွင် ကမ္ဘာ့ကောင်းကျိုးကိုဖြစ်စေ၊ မြန်မာ့ကောင်းကျိုးကိုဖြစ်စေ ပေါက်ရောက်အောင်မြင်စွာ စွမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်ကျော်များကို ပြည်ထောင်စုသားများ အတုယူအားကျစိမ့်သောငှာ အထူးသဖြင့် အာရှတိုက်သားများကို ထည့်သွင်းထားပေသည်

ယခုရွေးခြယ်ဖော်ပြထားသော ပုဂ္ဂိုလ်ကျော်များသည် ကာလဒေသအလိုက် စွမ်းရည်သတ္တိထူးများ ရှိကြသူများဖြစ်ကြသည့်တိုင်အောင် ထိုသူအားလုံးသည် လူတိုင်း၏ကောင်းကျိုးချမ်းသာကို ဆောင်ရွက်ခဲ့သူများဖြစ်ကြသည်ဟူ၍ကား မဆိုနိုင်ချေ။ သို့ရာတွင် ဤအခန်း၌ထည့်သွင်းထိုက်သော ပုဂ္ဂိုလ်ကျော်များ ဟူ၍ကား ခေါ် ဆိုထိုက်ပေသည်။




**ဗိုလ်ချုပ်အောင်ဆန်း** (၁၉၁၄ - ၁၉၄၇)။ ။မြန်မာတမျိုးသားလုံး၏ခေါင်းဆောင် အာဇာနည် သူရဲကောင်းကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝ၊ နိုင်ငံရေးသမားဘဝ၊ စစ်ဗိုလ်ဘဝနှင့် ခေါင်းဆောင်ဘဝစသောဘဝအမျိုးမျိုး၌ နိုင်ငံတော်၏အကျိုးကို မဖြစ်မနေထူးချွန်အောင်မြင်စွာ ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်ထူးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီးအဖြစ် မြန်မာကသာမက ကမ္ဘာကပါသိသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ဗြိတိသျှလက်အောက်ခံ နှင်းပြားဘဝမှရင်း၊ ဂျပန်လက်အောက်ခံ အညှဉ်းဆဲခံဘဝမှရင်း ကင်းကင်းရှင်းရှင်း လွတ်မြောက်နိုင်စေရန် ရဲဘော်သုံးကျိပ်အား ဦးဆောင်၍ရင်း၊ အမျိုးသားတပ်မတော်အား ဦးစီး၍ရင်း၊ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးအား ခေါင်းဆောင်၍ရင်း ဆောင်ရွက်ခဲ့၏။ ဗြိတိသျှနယ်ချဲ့တို့က သွေးခွဲရန် ကြံစည်ခဲ့သော သွေးရင်းသားရင်း တောင်ပေါ်သားတို့နှင့် သွေးစည်းမိကာ ပြည်ထောင်စုမြန်မာနိုင်ငံ ထူထောင်ခဲ့သည်မှာလည်း ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးပင်ဖြစ်၏။ ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာနိုင်ငံမှာ မကြုံဘူးအောင် စည်းလုံးညီညွတ်လှသဖြင့် နယ်ချဲ့တို့ကပင် ရင်သပ်အံ့မောရသည့်အခြေသို့တိုင်ခဲ့သည်။

ဝုဒရိုဝီလဆင် (၁၈၅၆ - ၁၉၂၄)။ ။ကမ္ဘာ့ဒီမိုကရေစီခေါင်းဆောင်ကြီး ဝုဒရိုဝီလဆင်၏ ရည်ရွယ်ချက်ကား ငြိမ်းချမ်းရေး ထာဝစဉ်တည်တံ့ ခိုင်မြဲရေးပင်ဖြစ်သည်။ ပထမကမ္ဘာစစ်အတွင်းက အမေရိကန်ပြည်ထောင်စုအား စစ်မှရှောင်နိုင်သမျှရှောင်ရန် ဆောင်ရွက်၏။ မရှောင်သာသည့်အဆုံးမှ စစ်ထဲသို့ဝင်စေသည်။ စစ်ပြီးလုနီးတွင် သူ၏ကမ္ဘာ့ငြိမ်းချမ်းရေး ဆယ့်လေးချက်ကျေညာစာတမ်းကို ထုတ်ပြန်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကိုဆောင်ရွက်ပေးမည့် နိုင်ငံပေါင်းချုပ်အသင်း ထူတောင်ရန်ဟူသော သူ၏ဆန္ဒမှာ ပဲရစ်မြို့၌ကျင်းပသော ငြိမ်းချမ်းရေးကွန်ဖရင့်တွင် ပြည့်ဝသွားသော်လည်း သူ့နိုင်ငံကနိုင်ငံပေါင်းချုပ်အသင်းတွင် မပါဝင်ခဲ့ချေ။ သို့သော်နောင် နှစ်ပေါင်းသုံးဆယ်ခန့်ကြာသောအခါ အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂတွင်ပါဝင် ဆင်နွှဲလိုက်ခြင်းဖြင့် ဝီလဆင်၏ဆန္ဒကို ထောက်ခံခဲ့လေသည်။ ၁၉၅၀ ပြည့်နှစ်လောက်တွင်ကား သူ၏ဒီမိုကရေစီဝါဒကိုပင် ဒီမိုကရေစီ နိုင်ငံတိုင်းကလက်ခံဆောင်ရွက်နေကြ၏။







**ကမ္ဘာ့ကွန်မြူနစ် ခေါင်းဆောင်ကြီးများ** ဖြစ်ကြသော ဗီ - အိုင် - လီနင် (၁၈၇၀ - ၁၉၂၄) နှင့် ဂျေ - ဗီ - စတာလင် (၁၈၇၉-၁၉၅၂) တို့၏ ရည်ရွယ်ချက်နှင့် လမ်းစဉ်များသည် အခြားသူများထက် ထူးကဲရကား အနှစ်ငါးဆယ်ကာလကိုပင် တနည်းတဖုံ ပြောင်းလဲသွားစေလေသည်။ ထိုသူတို့၏ လုံ့လကြောင့်ပင် ရုရှနိုင်ငံသည် ဇာဘုရင်၏ ဖိနှိပ်စိုးမိုးမှုမှကင်းလွတ်၍ ပြည်သူ့သမ္မတနိုင်ငံဖြစ်လာလေသည်။ တော်လှန်ရေးစိတ်ဓာတ်ပြင်းထန်နေသူလီနင် (ဝဲပုံ) သည် သူ၏ကွန်မြူနစ်လမ်းစဉ်နှင့် ဒီမိုကရေစီ အရင်းရှင်စနစ်တို့ မည်သည့်အခါမျှ ငြိမ်းချမ်းစွာ ပူးပေါင်း၍မရနိုင်ဟူ၍ တထစ်ချယူဆထားသူဖြစ်သည်။ လီနင်ကား ဆိုဗီယက် ရုရှနိုင်ငံ၏ပထမဆုံးသောသမ္မတဖြစ်သည်။ လီနင်ကွယ်လွန်သောအခါ စတာလင် (ယာပုံ) တက်လာသည်။ သူတို့နှစ်ဦးကား ကွန်မြူနစ်ဝါဒ၏ဖခင်ကြီးများပေတည်း။



**မဟတ္တမဂန္ဒီ**(၁၈၆၉ - ၁၉၄၈)။ ။"မဟတ္တမ" ဆိုသော စကားမှာ ဟိန္ဒူကျမ်းဂန်အရ "မြတ်သောဝိညာဉ်တော်" ဟုအဓိပ္ပါယ်ရရှိသဖြင့် မိုဟန်ဒတ် ကရမ်ချန် ဂန္ဒီအတွက် အသင့်လျော်ဆုံးသော ဘွဲ့ထူးဖြစ်လေသည်။ ၁၉၄၈ ခုနှစ် အထိ အိန္ဒိယနိုင်ငံကို အချုပ်အချယ်ခံဘဝမှ ကင်းလွတ်စေမှုအတွက် အသက်ပေး၍ ဆောင်ရွက်သော ခေါင်းဆောင်ကြီးဖြစ်၏။ ထို့ပြင်ဇာတ်မြင့်ဇာတ်နိမ့်မရှိ၊ လူတိုင်း မိမိရရှိထိုက်သည့် အခွင့်အရေးများကို ရရှိအောင် အနုနည်းဖြင့်ရှေ့ဆောင်၍တိုက်ပေးသည်သာမက၊ အိန္ဒိယနိုင်ငံ အုပ်ချုပ်ရေးသစ်ရပြီးသည့် အချိန်ကာလ၏ နောက်ပိုင်းတွင် တည့်မတ်မှန်ကန်သော လမ်းစဉ်ကို စောင့်ထိန်းလိုက်နာသွားကြရန် ချမှတ်ပေးခဲ့သည်။ လွန်ကဲသောခန္တီပါရမီရှင်တဦးဖြစ်၍ လူသာမန်တို့ထက် မွန်မြတ်သော ပုဂ္ဂိုလ်ထူးကြီးဖြစ်သောကြောင့် ကမ္ဘာအနှံ့ ကျော်ကြားကာ ကြည်ညိုလေးစားခြင်းခံရလေသည်။



မိုဟာမက်အလီဂျင်းနား (၁၈၇၆ - ၁၉၄၈)။ ။အိန္ဒိယနိုင်ငံမှ ပါကစ္စတန်ဟူသော သီးခြားမွတ်စလင်နိုင်ငံ ဖြစ်လာရန် အားထုတ်ကြိုးပမ်းခဲ့သူ မွတ်စလင်ခေါင်းဆောင်ကြီးဖြစ်သည်။ ၁၉၁၆ ခုနှစ်တင် မွတ်စလင်လိဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရ၍ ၁၉၃၄ ခုနှစ်မှစ၍ နှစ်စဉ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည်။ သူ၏ မဖြစ်မနေခေါင်းမာမာနှင့် ဆောင်ရွက်မှုကြောင့် ၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံကို သီးခြားထူထောင်ခွင့် ရသောအခါ ဂျင်းနားသည် (ယာပုံ) ဘုရင်ခံချုပ် ဖြစ်လာလေသည်။ မွတ်စလင်လူထု၏ အထူးကြည်ညို လေးစားခြင်းကို ခံရလျက် တိမ်မြုပ်ကွယ်ပျောက်နေသော မဂိုအင်ပိုင်ယာကို ဖော်ထုတ်ပေးသူဟူသည့် အထိမ်းအမှတ်အဖြစ်ဖြင့် ဂျင်းနားအား "ကေရာဇ်ဂျင်းနား" ဟူ၍ပင် သူ၏အမျိုးသားများက ဘွဲ့ထူးတပ်ပေးကြလေသည်။ အမှန်စင်စစ်လည်းဂျင်းနားကားပါကစ္စတန်နိုင်ငံ၏ဖခင်ကြီးပေတည်း။



**ဒေါက်တာဆွန်ယက်ဆင်**(၁၈၆၇-၁၉၂၅)။ ။သန်းပေါင်းလေးရာကျော်ရှိသော တရုပ်အမျိုးသားတို့အတွက် အမြော်အမြင်နှံ့သဖြင့် ဖရိုဖရဲ အကွဲကွဲဖြစ်ကာ အုပ်ချုပ်မှုညံ့ဖျင်းသလောက် ပြည်သူပြည်သားတို့ ဆင်းရဲဒုက္ခရောက်စေသော မန်ချူးကေရာဇ်အား အုပ်ချုပ်ပုံစံနစ်နှင့်တကွ အမြစ်ကပါတွန်းလှန်ခဲ့သော ပုဂ္ဂိုလ်ကျော်ကြီးဖြစ်သည်။ ဤသို့တွန်းလှန်ရာ၌ ဘေးဒုက္ခအတန်တန်ကို ရင်ဆိုင်ရသော်လည်း အာဇာနည်ပီပီ မလျှော့သောဇွဲ၊ စွဲမြဲသောသတ္တိ၊ လွန်ကဲသောဝီရိယဖြင့် ကြိုးပမ်းခဲ့ရာ နောက်ဆုံး၌ မန်ချူးမင်းဆက်ပြုတ်၍ သမ္မတနိုင်ငံ ထူထောင်နိုင်ခဲ့သော ပီသုကာအာဇာနည်ကြီးအဖြစ် ရောက်ခဲ့၏။ တရုပ်လူထုကြီး နိုးကြားထကြွလာစေရန် ရှေးဦးစွာ နိုင်ငံရေးမျက်စိဖွင့်ပေးသူ "ခေတ်သစ်တရုပ်နိုင်ငံ၏ဖခင်ကြီး" ပေတည်း။



**ကီမားအာတာတပ်**(၁၈၈၁ - ၁၉၃၈)။ ။တူရကီနိုင်ငံကို ခေတ်မီသော သမ္မတနိုင်ငံအဖြစ်သို့ ရောက်အောင် လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် အဆင်းရဲအပင်ပန်းခံကာ ကြိုးပမ်းခဲ့သည့် တူရကီနိုင်ငံ၏ဖခင်ကြီး မွတ်စတာဖာကီမားသည် တူရကီနိုင်ငံ၏ ဘုရင်စံနစ်ကို ပြောင်းလဲပစ်ရုံမက တူရကီနိုင်ငံအတွင်း လွှမ်းမိုးချုပ်ချယ်လျက်ရှိသော အယူဝါဒ အယူအဆများနှင့် ဖျောက်ဖျက်ပစ်ထိုက်သော ဓလေ့ထုံးစံများကိုပါ အမြစ်မှလှန်၍ ပယ်ဖျက်ပစ်လိုက်သောပုဂ္ဂိုလ်ကြီးဖြစ်၏။ တူရကီ အမျိုးသမီးများအား ယောကျ်ားများနှင့်တူညီသော အခွင့်အရေးများပေးခြင်းနှင့် မရှင်းလင်း မပြတ်သားသဖြင့် သင်ကြားရန်ခက်မှုကြောင့် စာတတ်သူ နည်းရခြင်းကိုသိသဖြင့် တူရကီဗျည်းအက္ခရာများကို လူတိုင်း လွယ်လင့်တကူ သင်ယူတတ်မြောက်နိုင်စေရန် ပြုပြင်ပြောင်းလဲလိုက်၏။ ယင်းသို့ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားနှင့် နိုင်ငံ၏ကျေးဇူးရှင် မိဘသဖွယ်လုပ်ကိုင်ဆောင်ရွက် ပြုစုပေးသူအဖြစ်ဖြင့်မွတ်စတာဖာကီမား ဟူသောအမည်အစား ကီမားအာတာတပ်ဟူ၍ ခေါ်ဝေါ်ကြသည်။ အဓိပ္ပါယ်ကား "တူရကီလူမျိုးတို့၏ဖခင်" ဖြစ်သတည်း။



**မာရှယ်တီတိုး** (၁၈၉၂-        )။ ။ယူဂိုစလားဗီယားနိုင်ငံ၏ခေါင်းဆောင်ကြီး မာရှယ်တီတိုးသည် ရုရှ၏ဩဇာလွှမ်းမိုးခြင်းကိုမခံဘဲ မိမိနိုင်ငံနှင့်လျော်ကန်သလို ကွန်မြူနစ်ဝါဒကိုသုံးလိုက်သဖြင့် ဝါဒချင်း တညီကြသော်လည်း ရုရှတို့နှင့် ဆန့်ကျင်ဖက်ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ရုရှတို့က တီတိုးအား အမေရိကန်ရွှေဒင်္ဂါးဖြင့် ဝယ်ထားသော ဖက်ဆစ်ဟုဆိုကြသည်။ သို့ရာတွင် တီတိုးကား ကွန်မြူနစ်ဝါဒကို ကိုယ်ပိုင်ဉာဏ်ဖြင့်လေ့လာ၍ မိမိနိုင်ငံအခြေအနေနှင့် ဟပ်မိအောင် ထုတ်နုတ်အသုံးပြုရာ၌ နာမည်ကျော်သော ကမ္ဘာကျော် မျိုးချစ်ပုဂ္ဂိုလ်ကြီးတည်း။ သူ၏အမည်ရင်းကား ဂျိုးဇစ်ဗရော့ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တမျိုးသားလုံးကို ဦးဆောင်၍ ဖက်ဆစ်ဂျပန်ရန်ကို တော်လှန်တိုက်ခိုက်ခဲ့သည့်နည်းတူ မာရှယ်တီတိုးသည်လည်း တမျိုးသားလုံးကို စည်းလုံးစေ၍ နာဇီဂျာမန်ရန်ကို တွန်းလှန်ခဲ့သည်။ သူသည် ယူဂိုစလားဗီးယားနိုင်ငံမှ ဘုရင့်အုပ်ချုပ်ရေးကို ပယ်ဖျက်ကာ ပြည်သူ့သမ္မတနိုင်ငံတည်ထောင်လိုက်လေသည်။




**ဖီးမာရှယ်ပီဗူဆွန်ဂရမ်** (၁၈၉၇-        )။ ။ယိုးဒယားနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပုံသစ်သွန်း၍ အကောင်အထည် ဖော်လိုက်သော ယိုးဒယားနိုင်ငံရေးခေါင်းဆောင်ကြီး ဆွန်ဂရမ်သည် နိုင်ငံရေး၌သာမဟုတ် စစ်ရေး၌လည်း ကျွမ်းကျင်သူဖြစ်၏။ အခြေခံဥပဒေသစ်အရ အထက်အောက်လွှတ်တော်နှစ်ရပ်၊ ကက်ဗိနက်အစိုးရအဖွဲ့၊ ဘုရင်တို့ သုံးဦးပေါင်း၍ အုပ်ချုပ်ရေး၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ နိုင်ငံရေးတွင် ဝင်ရောက်ဆောင်ရွက်ခြင်းမပြုရေး၊ တရားလွှတ်တော်၏ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်စသော ဒီမိုကရေစီ အခွင့်အရေးစစ်စစ်တို့ကို ရရှိလေသည်။ ၁၉၃၈ ခုနှစ်မှ ၁၉၄၄ ခုနှစ်အတွင်း ယိုးဒယားနိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ပြီးနောက် ၁၉၄၈ ခုနှစ်တွင်တဖန် စစ်တပ်၏အကူအညီဖြင့် ဝန်ကြီးချုပ်အဖြစ်တင်မြှောက်ခြင်းခံရပြန်သည်။





**ဝင်စတန်ချာချီ** (၁၈၇၄-          ) **နှင့်ဖရန်ကလင်ရုစဗဲ့** (အထက်ယာပုံ) (၁၈၈၂-၁၉၄၅) တို့သည် ကမ္ဘာ့ဒီမို ကရေစီဝါဒ၏ ခေါင်းဆောင်ကြီးများဖြစ်ကြသည်။ သူတို့ နှစ်ဦးသည် ဒုတိယကမ္ဘာစစ် အတွင်းကတွေ့ဆုံဆွေးနွေး လေ့ရှိကြသည်။ ချာချီ (ဝဲပုံ) သည် နှစ်ငါးဆယ်အတွင်း ကမ္ဘာ့သမိုင်းတွင် စာတင်လောက်သည့် ဗြိတိသျှလူမျိုး ခေါင်းဆောင်ကြီး တဦးဖြစ်ကြောင်းကို သူ၏နိုင်ငံရေး သက်တမ်းကပင်ထောက်ခံနေသည်။ ရုစဗဲ့ (ယာပုံ) သည် လည်းအမေရိကန်ပြည်ထောင်စု၏ သမ္မတအနေနှင့် [illegible] မေရိကန်သမိုင်းကို ထွန်းပြောင်စေခဲ့သူဖြစ်ခြင်းကြော[illegible] မေရိကန်တို့၏ချစ်ကြည်လေးစားခြင်းကို နှစ်ငါးဆ[illegible] တွင်း အများဆုံးခံယူရသူဖြစ်သည်။

**ဒေါက်တာအာမက်ဆိုကာနို** (၁၉၀၀-          )။ ။အင်ဒို နီးရှားလွတ်လပ်ရေးဖခင်ကြီး ဒေါက်တာ ဆိုကာနိုသည် အသက် ၂၀ အရွယ်လောက်ကပင် အင်ဒိုနီးရှားအမျိုး သားရေးကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ထောင် ကျခြင်း၊ ပြည်နှင်ဒဏ်ခံရခြင်းစသော ဆုတို့ကို အဖန်ဖန် ရခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့နှင့်ပူးပေါင်း၍ အမျိုးသား ထူထောင်ရေးများကို ဆောင်ရွက်ပြီးနောက် စစ်အပြီးတွင် ဂျပန်တို့ လက်နက်ချ၍ ဒတ်ချအစိုးရပြန် ဝင်လာသောအခါ ဆိုကာနိုပင် ခေါင်းဆောင်လျက် ဒတ်ချတို့အား လက်နက်ကိုင်၍ တော်လှန်ခဲ့၏။ အင်ဒိုနီး ရှားသမ္မတနိုင်ငံအဖြစ် မိမိတို့ဖာသာ မိမိတို့ကြေညာလေ သည်။ လေးနှစ်တိုင်တိုင် ခုခံတိုက်ခိုက်ပြီးနောက် ကုလ သမဂ္ဂ၏ ကြားဝင်ဆောင်ရွက်မှုကြောင့် ၁၉၄၉ ခုနှစ်တွင် ဒတ်ချတို့က အင်ဒိုနီးရှားသမ္မတနိုင်ငံကို အသိအမှတ်ပြု လိုက်ရာ ဒေါက်တာဆိုကာနိုပင် ပထမဆုံးသော သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရလေသည်။





ဆရာတော်ဦးဥတ္တမ (၁၈၇၉ - ၁၉၃၉)။ ။နိုင်ငံတော်နှင့်တကွ လူမျိုးတမျိုးလုံးအား ဖိနှိပ်ချုပ်ချယ်လျက်ရှိသော နယ်ချဲ့ကို ရဲရဲဝံ့ဝံ့ရင်ဆိုင်၍ တွန်းလှန်ခဲ့သော မျိုးချစ်အာဇာနည် ပုဂ္ဂိုလ်ကျော်ကြီးတည်း။ နယ်ချဲ့တို့၏အာဏာတန်းခိုးဖြင့် ဆင်းရဲမှုမှန်သမျှကို နိုင်ငံအား ချစ်သောစိတ်ဖြင့် မတွန့်မဆုတ်ခံယူခဲ့သည့် ဆရာတော်၏ကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် လွတ်လပ်ရေးလမ်းစကိုမြင်ခဲ့ကြသည်။ ယခု မြန်မာနိုင်ငံသူနိုင်ငံသားတို့ လက်ဆုပ်လက်ကိုင် အပိုင်ရလျက်ရှိသော အချုပ်အခြာအာဏာပိုင်လွတ်လပ်ရေးသည် ဆရာတော်ချခဲ့သောပန္နက်အုတ်တိုင်မှ ငွားငွားစွင့်စွင့် ပေါ်ထွက်လာသော ဗိမာန်ကြီးဖြစ်၏။ ဆရာတော်ကား မြန်မာနိုင်ငံ၌ ပထမဆုံး နိုင်ငံရေးအသင်းဖြစ်သည့် ဂျီ-စီ-ဘီ-အေအသင်းကြီးကို ဦးစီးခဲ့သည်။ ထိုအချိန်က ကမ္ဘာ၌လွှမ်းမိုးနေသည့် မိမိနိုင်ငံကိုသာမိမိကြည့်၍ အခြားနိုင်ငံအရေးကို လျစ်လျူပြုသောကျဉ်းမြောင်းလှသည့် အမျိုးသားစိတ်မျိုးကို စက်ဆုပ ရွံရှာစွာ တိုက်ဖျက်ခဲ့သောပုဂ္ဂိုလ်ကြီးလည်းဖြစ်၏။



ဦးနု(၁၉၀၆- )။ ။ဗိုလ်ချုပ်အောင်ဆန်းတို့ကျဆုံးသွားသည်နှင့် တပြိုင်နက်အစိုးရသစ်ချက်ခြင်းဖွဲ့ကာ မြန်မာ့လွတ်လပ်ရေးကိုလက်ဆုပ်လက်ကိုင် အပိုင်ရအောင် ဦးနုသည် ဆက်လက်ဆောင်ရွက်ခဲ့၏။ လွတ်လပ်ရေးရပြီးနောက်ရောင်စုံသူပုန်တို့အား အမြော်အမြင်ကြီးစွာဖြင့်ကြံ့ကြံ့ခံ၍တွန်းလှန်နှိမ်နင်းနိုင်သဖြင့်သာမြန်မာနိုင်ငံမှာ ယခုအခါ ပြည်တော်သာစခန်းသို့တက်လှမ်းနေလေသည်။ဦးနုသည်ဝန်ကြီးချုပ်အဖြစ်ဖြင့်သာမဟုတ်၊မြန်မာနိုင်ငံ၏အင်အား အတောင့်တင်းဆုံးလူထု၏ ထောက်ခံမှုအရဆုံးသော ဖ-ဆ-ပ-လအဖွဲ့ချုပ်၏ဥက္ကဋ္ဌအဖြစ်ဖြင့်လည်း ဆောင်ရွက်လျက်ရှိ၏။ ဗြိတိသျှလက်အောက်ခံဘဝကပင် ကျောင်းသား ခေါင်းဆောင်၊တို့ဗမာအစည်းအရုံး ခေါင်းဆောင်စသည့် ဘဝအမျိုးမျိုးဖြင့် မြန်မာ့လွတ်လပ်ရေးကိုစတင်၍ ဆောင်ရွက်ခဲ့ရာအပေါင်းပါနှင့် ငယ်သားများ၏ ကြည်ညိုခြင်းကို အထူးခံယူရသော ခေါင်းဆောင်ကြီးဖြစ်သည်။ နိုင်ငံရေးတွင်ဝင်ရောက်ဆောင်ရွက်ရုံမက စာပေရေးသားခြင်းဖြင့်လည်းနိုင်ငံပြုလုပ်ငန်းကို လုပ်ကိုင်သည်။ မြန်မာ့လွတ်လပ်ရေးကို အကောင်အထည် ဖော်လိုက်သော နု - အက်တလီစာချုပ်ကို မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးခဲ့သူဖြစ်ရုံမက ကမ္ဘာကပင် ခြီးကျူးခြင်းခံရသော ကမ္ဘာကျော် နိုင်ငံရေးခေါင်းဆောင်ကြီးဖြစ်လေသည်။



**ကလီးမင့်အက်တလီ** (၁၈၈၃- )။ ။ဗြိတိသျှလေဘာပါတီခေါင်းဆောင် အက်တလီသည် ဆိုရှယ်လစ်ဝါဒကို နှစ်သက်သူဖြစ်သည်။ အလုပ်သမား လူတန်းစားတို့၏ ဆင်းရဲကြပ်တည်းလှသောဘဝကိုကိုယ်တွေ့ဖြစ်ခဲ့ရာ မနှစ်သက်ဘဲ နယ်ချဲ့ဝါဒကို မုန်းတီးလေသည်။ ဒုတိယကမ္ဘာစစ်ပြီးသည်နောက် အက်တလီ၏ လေဘာအစိုးရတက်လာသည်။ သူ့လက်ထက်တွင် ဗြိတိသျှတို့၏ နယ်ချဲ့ကိုလိုနီစံနစ် အတော်ပင် ချုပ်ငြိမ်းသွားသည်။ အရှေ့အာရှနိုင်ငံများဖြစ်သော မြန်မာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီဟိုဠ်နိုင်ငံများ လွတ်လပ်ရေးရကြသည်။ သူ့လက်ထက်တွင်ပင် ဂရိတ်ဗြိတိန်နိုင်ငံ၏ စက်မှုလက်မှု လုပ်ငန်းအဝဝကို ပြည်သူပိုင်အဖြစ် အများအပြားပင် ပြုလုပ်လိုက်သည်။



**မော်စီတုံး** (၁၈၉၃- )။ ။လူဦးရေများပြားလှကျယ်ပြန့်လှသော တရုပ်နိုင်ငံကြီးအား ကွန်မြူနစ်နိုင်ငံအဖြစ်သို့ ပြောင်းလဲပစ်လိုက်ခြင်းမှာ နှစ်ငါးဆယ်အတွင်း အံ့ဖွယ်သူရဲ ထူးကဲသောဖြစ်စဉ်တရပ်ပေတည်း။ ယင်းသို့ အပြောင်းအလဲကို ဦးစီးဆောင်ရွက်သူသည် ကမ္ဘာကျော်ခဲ့သည်မှာ အထူးအံ့ဖွယ်မရှိချေ။ စာပေကျွမ်းကျင်ခြင်း အပြောကောင်းခြင်းနှင့် စီမံခန့်ခွဲတတ်ခြင်း အဝရှိသော အရည်အချင်းများနှင့် ပြည့်စုံသော တရုပ်ကွန်မြူနစ်ခေါင်းဆောင်ကြီး မော်စီတုံးသည် ထိုအချိန်က အာဏာလက်ရှိ ချန်ကေရှိတ်၏ အမျိုးသား စစ်တပ်များကိုပင် အောင်မြင်စွာနှိမ်နင်း၍ တရုပ်နိုင်ငံကြီးကို သူ့လက်ပါအောင် သိမ်းသွင်းနိုင်ခဲ့လေသည်။ ၁၉၂၁ ခုနှစ်တွင် တရုပ်ကွန်မြူနစ်ပါတီတည်ထောင်ရာ၌ ပါဝင်ခဲ့၍ ၁၉၃၅ ခုနှစ် ယီနန်ကွန်မြူနစ်အစိုးရ၏ ခေါင်းဆောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ယင်း တရုပ်နိုင်ငံတောင်ပိုင်းသို့ တဖြည်းဖြည်း ချီတက်သိမ်းသွင်းရာ ၁၉၄၈ ခုနှစ်တွင် နိုင်ငံ၏ထက်ဝက်ကို သိမ်းသွင်းမိ၍ ၁၉၄၉ ခုနှစ်တွင် ကျန်ဒေသများမှအပ တနိုင်ငံလုံးကို သိမ်းသွင်းနိုင်ခဲ့သည်။ နိုင်ငံတွင်း၌ [illegible]



ဂျဝါဟာလာလ်နေရူး (၁၈၈၉- )။ ။အိန္ဒိယနိုင်ငံကြီး၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ဂန္ဒီနှင့်တွဲဖက်၍ [illegible] [illegible] ခေါင်းဆောင်ကြီးတဦး [illegible] [illegible] ဖြစ်သည့် ဂန္ဒီကြီး၏ [illegible] အိန္ဒိယကွန်ဂရက်၌ ဥက္ကဋ္ဌအဖြစ် [illegible] ခြင်းခံရ၏။ လက် [illegible] နိုင်ငံရေး ဆောင်ရွက်မှုများကြောင့် [illegible] ထောင်ကျခံခဲ့ရသည်။ ၁၉၄၇ ခုနှစ်၌ အိန္ဒိယနိုင်ငံကို ဒိုမီနီယံအဆင့်အတန်း ပေးလိုက်ရာတွင် နေရူးသည် ဝန်ကြီးချုပ်ဖြစ်လာသည်။ ပြည်တွင်းရေးတွင်သာမက ပြည်ပကိစ္စအရပ်ရပ်နှင့် ပြည်ထောင်ချင်းချင်း ဆက်ဆံရေးများ၌ အထူးကျွမ်းကျင်လိမ္မာသော ခေါင်းဆောင်ကြီးဖြစ်သည်။ အာရှတိုက် စည်းလုံးရေးကို အထူးလုံးပန်းနေသောပုဂ္ဂိုလ်ကျော်ကြီးပေတည်း။




ဒေါက်တာ ကေအမ်း ဝိုက်ဇမန်(၁၈၇၄- )။ ။လူမျိုးပိုင်နိုင်ငံပျောက်လျှင်လူမျိုးပါပျောက်မည့်အရေးကို ကြိုတင်မြင်ရှုမက၊ မိမိလူမျိုးပိုင်နိုင်ငံ ရရှိရေးအတွက် မဖြစ်မနေဆောင်ရွက်ခဲ့သော အဇ္ဇရေးယယ်နိုင်ငံ မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်၏။ ငယ်ရွယ်စဉ်ကပင် ယေဟူဒီနိုင်ငံရေး လှုပ်ယှားမှုများတွင်ပါဝင်ဆောင်ရွက်ခဲ့သည်။ ဇိုင်ယင်နစ် အဖွဲ့ကြီးတွင် နှစ်ပေါင်းများစွာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ ပထမကမ္ဘာစစ်အတွင်း၌ မဟာမိတ်တို့တွင် စစ်လက်နက်ခဲယမ်းမီးကျောက်များ အခက်အခဲ တွေ့ရှိခိုက် ဒေါက်တာဝိုက်ဇမန်က ဖြေရှင်းပေးနိုင်ခဲ့သော ကျေးဇူးကိုတုံ့ပြန်သည့်အနေဖြင့် သူ၏တောင်းဆိုချက်များကိုလိုက်လျောကာ ၁၉၁၇ ခုနှစ်တွင် ဗြိတိသျှတို့ကယေဟူဒီတို့အား ကိုယ်ပိုင်နိုင်ငံပေးရန် ကတိပြုသည့် ဗယ်လဖိုးကျေညာစာတမ်းကိုထုတ်ပြန်လိုက်သည်။ ဒေါက်တာဝိုက်ဇမန်၏ကျေးဇူးကြောင့် ယေဟူဒီတို့အတွက် ကိုယ်ပိုင်နိုင်ငံအဖြစ် အဇ္ဇရေးယယ်နိုင်ငံ သတ်မှတ်ပေးရသည့် အခြေသို့ဆိုက်လာသည်။ ဝိုက်ဇမန်သည် ယေဟူဒီတို့အား ရှေးယခင်ကမ္ဘာ့သမိုင်းတွင် လူမျိုးကြီးတမျိုးအနေနှင့် အသိအမှတ်ပြုခြင်းခံခဲ့ရသည့် အဆင့်အတန်းမျိုးသို့ ပြန်လည်ရောက်ရှိနိုင်ရန် ကြိုးစားလျက်ရှိသည်။

**ဂျင်နရယ် ဒွိုက်ဒီအိုက်ဇင်ဟောင်းဝါး** (၁၈၉၀ -        ) အား နှစ်ငါးဆယ်အတွင်း အထူးချွန်ဆုံးသော စစ်သည်တော်တဦးအဖြစ် မှတ်တမ်းတင်ရပေမည်။ ဒုတိယကမ္ဘာစစ်အတွင်းဖြစ်သော ၁၉၄၄ ခု ဇွန်လ ၆ ရက်နေ့တွင် နော်မန်ဒီကမ်းခြေ တက်ပွဲသမိုင်းတွင် စာတင်လောက်သောစစ်သည်တော်အင်အားစုကြီးကို ဦးစီးကာ အောင်ပွဲဆင်နိုင်ခဲ့သဖြင့် အထူးပင် ကျော်ကြားခဲ့သည်။ ထိုမျှသာမကသေး နာဇီဝါဒကြီး ကမ္ဘာသို့ပြန့်ပွားခြင်းမှ လွတ်ကင်းအောင် အပြီးတိုင်ဦးစီး၍ နှိမ်ပေးနိုင်ခဲ့သူလည်း ဖြစ်သည်။




**သခင်ကိုယ်တော်မှိုင်း**(၁၈၇၅ -        )။ ။စာရေးဆရာကြီး၊ မြန်မာပညာရှိ၊ စာဆိုတော်၊ မျိုးချစ်ပုဂ္ဂိုလ်ကြီးစသောဘာဝအမျိုးမျိုးဖြင့် အမိမြန်မာနိုင်ငံ၏ ကောင်းကျိုးကို ဆောင်ရွက်ခဲ့သော မစ္စတာမောင်မှိုင်း၊ သခင်ကိုယ်တော်မှိုင်းစသော အမည်တို့ဖြင့် ကျော်ကြားသူဆရာကြီးဦးလွန်းအား လူအများက သူပုန်စာရေးဆရာကြီးဟုပင် ခေါ်ကြသည်။ ရေးနည်းဖြင့်၎င်း၊ ရေးသားသောအကြောင်းရပ်ဖြင့်၎င်း စာပေလောက၊ နိုင်ငံရေးလောကတွင် သူမတူအောင် အဆန်းထွင်၍ ပုန်ကန်ခဲ့သည်။ ရှေးခေတ်ကို အလေးပြုသလောက် ခေတ်သစ်ကိုလည်း အထင်မသေးချေ။ နိုင်ငံပြုစကားပြေ၊ လေးချိုး၊ ကဗျာဆောင်းပါး၊ ဋီကာ မြောက်မြားစွာရေးခဲ့၏။ ၁၉၂၀ ပြည့်နှစ်တွင် တက္ကသိုလ်သပိတ်ကြီး ပေါ်ပေါက်လာသောအခါ အမျိုးသားတက္ကသိုလ်ဖွင့်သည်နှင့် တပြိုင်နက် ဆရာကြီးသည် ကိုယ်ကျိုးစွန့်၍ အသက်ရှင်နေသမျှ မိမိ၏အသက်စည်းစိမ်အိုးအိမ်ကိုပင် အမျိုးသား ပညာရေးအတွက် အသုံးပြုရန် စိတ်ပြဋ္ဌာန်းထားသူဖြစ်၏။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၌ အရေးပါလှသော တို့ဗမာအစည်းအရုံးကိုလည်း ဆရာကြီးပင် မွေးထုတ်ခဲ့လေသည်။ လွတ်လပ်ပြီးခေတ်တွင် ဆရာကြီးသည် အလင်္ကာကျော်စွာဘွဲ့ဖြင့် ပထမဆုံးချီးမြှင့်ခြင်းခံရ၍ နိုင်ငံတော်အစိုးရ ရိက္ခာသော ထောက်ပံ့ခြင်းကိုလည်းရရှိသည်။





**သခင်မြ (၁၈၉၇ - ၁၉၄၇)။** ။မြန်မာနိုင်ငံ တောင်သူလယ်သမားတို့၏ ဖခင်ကြီးအဖြစ် လူသိများသော သခင်မြသည် မြန်မာ့လွတ်လပ်ရေး၏ သားကောင်းရတနာကြီးဖြစ်သည်။ တောင်သူလယ်သမားတို့၏ တော်လှန်ရေးဖြစ်သော သာယာဝတီသူပုန်အရေးဖြစ်စဉ်က တောင်သူလယ်သမားတို့ဖက်မှ ဝင်ရောက် ဆောင်ရွက်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရ၏။ ဖ-ဆ-ပ-လ ဦးစီးအဖွဲ့ဝင်ဖြစ်ရုံမက မြန်မာနိုင်ငံ ဆိုရှယ်လစ်ပါတီ၏ ပထမဆုံးသောဥက္ကဋ္ဌဖြစ်သည်။ သခင်မြကား မြန်မာနိုင်ငံ ဆိုရှယ်လစ်ပါတီဝင်တို့၏ ဖခင်ကြီးလည်းဖြစ်ချေသည်။

**ရာဗိန္ဒြာနတ်တဂိုး (၁၈၆၁ - ၁၉၄၁)။** ။နိုင်ငံရေးတွင်ဂန္ဒီကြီး၏သတင်းရနံ့ သင်းပျံ့သလောက် သုခုမပညာဖက်တွင် တဂိုး၏သတင်းသည်လည်း ကမ္ဘာ၌မွှေးလှသည်။ သူသည် စာပေသမား သက်သက်သာမဟုတ်၊ မျိုးချစ်ပုဂ္ဂိုလ်ကြီးလည်းဖြစ်၏။ မျိုးရိုးနှင့်ချီ၍ လူရည်ချွန်ခဲ့ကြသော တဂိုးမျိုးတွင် ထိုစာဆိုသည် အချွန်ဆုံးဖြစ်၏။ သူချစ်သော အိန္ဒိယနိုင်ငံသည် မျိုးခြားအောက်တွင် ကျွန်ဖြစ်၍နေသည်ကို မရှုဆိတ်နိုင်သဖြင့် နိုင်ငံရေးကို သူ့အမြင်သူ့အတွေးနှင့် အားပေးလေသည်။ ဝန္ဒေမာတရံဟူသောအမျိုးသားသီချင်းကို အသက်သွင်းသူ ပုဂ္ဂိုလ်ကြီးလည်းဖြစ်၏။ ရှေးအိန္ဒိယနိုင်ငံ၏ ဓလေ့စဉ်လာမပျက် ပညာဆည်းပူးနိုင်ကြရန် စံပြအဖြစ် စန်တိနိကေတန်ကျောင်းတော်ကြီးကို ၁၉၀၁ ခုနှစ်တွင် တည်ထောင်၏။ ထိုစာဆိုကြီးသည် ပြဇာတ်၊ အစမ်းစာ၊ ပေးစာနှင့် ကဗျာလင်္ကာများကို ရေးသားရာ၌ သူမတူအောင်တော်လှသဖြင့် သူ့အား "ဗင်္ဂါလီရှယ်လီ" ဟူ၍ပင်ခေါ်ကြသည်။ သူ၏ဂီတဥ္စလီကဗျာများမှာ ယခုတိုင် ကျော်ကြားလှသည်။ ၁၉၁၃ ခုနှစ်တွင် စာပေဆိုင်ရာနိုဗယ်ဆု ချီးမြှင့်ခြင်းခံရ၍ ၁၉၁၅ ခုနှစ်တွင် ဆာဘွဲ့ကိုရခဲ့သည်။ တဂိုးကား သုခုမပညာရပ်တွင် ပါရဂူမြောက် ပုဂ္ဂိုလ်ကြီးဖြစ်ရုံမက၊ လူ့သမိုင်းတွင် သူကဲ့သို့ အကြံဉာဏ်ပြည့်ဝ၍ စကားလုံးကြွယ်ဝသည့် ပါရမီထူးလှသောလူရည်ချွန်ပုဂ္ဂိုလ်ကား မရှိသလောက်ရှားလှသည်။






**ဦးဘချို** (၁၈၉၃ - ၁၉၄၇)။ ၊ ။စာပေနယ်တွင် စွယ်စုံကျွမ်းကျင်သူဖြစ်သည်သာမက ဂီတပညာရှင်တဦးအဖြစ်လည်းကျော်ကြားသော ဦးဘချိုသည် မြန်မာ့လွတ်လပ်ရေးကို ကလောင်စွမ်းဖြင့် လှုံ့ဆော်ပေးခဲ့သည်။ ဒီးဒုတ်ဂျာနယ်ကို ဦးစီးထုတ်ဝေခဲ့သောကြောင့် ဒီးဒုတ်ဦးဘချိုဟုတွင်သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းဖြစ်မြောက်ရေးကို အားပေးကူညီခဲ့သူဖြစ်ရုံမက၊ စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သေးသည်။ ဖ-ဆ-ပ-လဦးစီးအဖွဲ့ဝင်အဖြစ် ပြည်မနှင့် တောင်တန်းသားတို့ စည်းလုံးရေးအတွက် အထူးကြိုးပမ်းခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးပေတည်း။



**သောမတ်-အေ-အက်ဒီဆင်** (၁၈၄၇ - ၁၉၃၁)။ ။ယခုခေတ်၌ လူတိုင်းတွေ့မြင်အသုံးပြုနေကြသော လျှပ်စစ်မီးခွက်၊ ဓာတ်မီး၊ ဓာတ်စက်၊ ဓာတ်ပြားနှင့် ရုပ်ရှင်အစရှိသည့် လုပ်ငန်းများကို စတင်တီထွင်သူ သောမတ်-အေ- အက်ဒီဆင်ကား ကမ္ဘာ့ ကျေးဇူးရှင်ကြီးပင် ဖြစ်ချေတော့သည်။ ဝဲပုံတွင်အက်ဒီဆင်ပြခန်းဖွင့်ရန် ထိုပုဂ္ဂိုလ်ကြီးနှင့် စပ်လျဉ်းသောပစ္စည်းများ စုဆောင်းနေသူ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည့် ဟင်နရီဖို့(၁၈၆၃ - ၁၉၄၇)အားအက်ဒီဆင်ကိုယ်တိုင်လျှပ်စစ်ဓာတ်ခလုတ်ကို ပထမဆုံးဖွင့်သောအိမ်ကလေး ပေးအပ်နေသည်ကို တွေ့မြင်ရပေမည်။ ဖို့ကား (ဝဲလူ) ကမ္ဘာကျော် ဖို့မော်တော်ကားကုမ္ပဏီသူဌေးကြီးဖြစ်၏။ စက်ရုံလုပ်ငန်းများ၌ ပုံစံတူပစ္စည်းအများထုတ်လုပ်နည်းစံနစ်ကို စတင်တီထွင်၍ စက်မှုလက်မှုသွန်းကားရေးကို အထူးအားပေးသူလည်းဖြစ်သည်။


**မဒမ်မာရီကျူးရီး(၁၈၆၇ - ၁၉၃၄)**။ ။ကမ္ဘာတွင် အံ့ခ မန်းလိလိ ထူးချွန်သူအမျိုးသမီး သိပ္ပံပါရဂူ မဒမ်ကျူးရီး သည် ရာသက်ပန်ဇီဝိတဒါနအဖြစ် ဆေးနည်းကို ကမ္ဘာသို့ သူ၏အသက်ကိုပင်စတေးကာ ပေးလှူသွားသော ကမ္ဘာ့ ကျေးဇူးရှင် အမျိုးသမီးကြီးဖြစ်၏။ ခင်ပွန်းသည် ပီယဲ ကျူးရီးနှင့်အတူ ရေဒီယံဓာတ်ကို ငွေကုန်လူပန်း ကိုယ် စိတ်ဆင်းရဲခံကာ ရှာဖွေခဲ့သည်။ ရေဒီယံဓာတ်ကိုရှာမတွေ့ မီ ခင်ပွန်းသည် သေဆုံးသွားသော်လည်း မဒမ်ကျူးရီး သည် မလျှော့သောဇွဲဝီရိယဖြင့် ဆက်လက်ရှာဖွေသဖြင့် တွေ့ရှိခဲ့သည်။ ရေဒီယံဓာတ်၏အစွမ်းကား ကင်ဆာရော ဂါကုသရာ၌ ထက်မြက်လှပေသည်။ ကိုယ်ကျိုးမငဲ့ဘဲ အ များအကျိုးအတွက် မိမိပညာစွမ်းကို ကမ္ဘာသို့ရက်ရောစွာ ပေးလှူခဲ့သဖြင့် ကမ္ဘာတဝှန်းလုံးရှိ ရောဂါသည်ပေါင်း များစွာတို့၏အသက်ကို ကယ်နိုင်ခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် ဇနီးမောင်နှံနှစ်ယောက်စလုံး နိုဗယ်ဆုကိုရသည်။ ၁၉၁၁ ခု နှစ်တွင် ဓာတုဗေဒပညာရပ်အတွက် နိုဗယ်ဆုကို ဒုတိယအကြိမ် ခြီးမြှင့်ခြင်းခံရပြန်သည်။





**အယ်လဗတ် အိုင်းစတိုင်း (၁၇၇၉ - )**။ ။ကမ္ဘာ ကျော်သိပ္ပံပါရဂူကြီး အိုင်းစတိုင်းသည် ၁၉၀၅ ခုနှစ်တွင် သူ၏ရီလေတစ်ဗတီသီအိုရီ စတင်ထုတ်ပြန်လိုက်ရာ နှစ်ငါး ဆယ်အတွင်း၌ ထိုသီအိုရီသည် အတော်ပင် ကျယ်ပြန့်လာ လေသည်။ ၁၉၂၀ ပြည့်နှစ်တွင် သူ၏သတင်းမှာ ကမ္ဘာ နှံ့ကျော်ကြားလာသည်။ ၁၉၂၁ ခုနှစ်တွင် သူသည် ရူပ ဗေဒပညာအတွက် နိုဗယ်ဆုကိုရရှိ၏။ အိုင်းစတိုင်းသည် ဂျာမန်နိုင်ငံဖွား ယေဟူဒီအမျိုးသားဖြစ်သည်။ ၁၉၀၁ ခုနှစ်တွင် ထွက်ပေါ်လာသည့် ကွမ်တမ်သီအိုရီခေတ်မှသည် အနုမြူဗုံး ခေတ်တိုင်အောင် ထင်ရှားသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

**ဂျွန်ဒူဝီ** (၁၈၅၉-　　)။ ။ပညာရေးလောကတွင်က လေးပညာရေးသည် အရေးအကြီးဆုံးဟု ယုံကြည်ရုံမက ထိုအယူအဆပေါ်တွင်မူတည်၍ တိုးတက်သော ပညာရေး စံနစ်ကို တီထွင်ခဲ့သူ ဂျွန်ဒူဝီအား တိုးတက်ပညာရေးစံနစ် ၏ဖခင်ဟု အများကခေါ်ကြသည်။ ၁၉၀၀ ပြည့်နှစ်တွင် ဒူဝီသည် အမေရိကန်ပြည်ထောင်စု ရှီကာဂိုတက္ကသိုလ်၌ ကလေးများအား အဓိကထား၍ သင်ကြားသောကျောင်း ကို ပထမဆုံးဖွင့်လှစ်သည်။ ဒူဝီကား ပညာရေးလောက၌ သာမဟုတ်၊ ယထာဘူတနှင့် စိတ္တဗေဒပညာလောက၌ လည်း ထင်ရှားသောပုဂ္ဂိုလ်ကြီးဖြစ်သည်။





**ပါဗလိုပီကာဆို** (၁၈၈၁-　　) သည် နှစ်ငါးဆယ် အတွင်း ပန်းချီပညာဖက်၌ စွယ်စုံကျွမ်းကျင်သော ငပိ အမျိုးသား ပုဂ္ဂိုလ်ကျော်တဦးဖြစ်သည်။ သဘာဝကို ... စွာခံမင်သူဖြစ်လျက် သဘာဝကို အနုပညာနည်းဖြင့် ... ပြရာ၌ ပြိုင်ဖက်ကင်းသူဖြစ်၏။ သူ၏ပညာကို လေး... အားပေးခြင်းမပြုရုံမက အပြစ်ရှာနေသော ကွန်မြူ နစ် ဝါဒကိုပင် သူသည် လိုလားနှစ်သက်နေသောကြောင့် လူ ထူးတယောက်ဟုဆိုရပေမည်။ သဘာဝကျအောင် ရေး ဆွဲနိုင်သည့်ဖက်၌ အနှစ်ငါးဆယ်အတွင်း သူ့ထက် ကျော် လွန်နိုင်သူမရှိသေးချေ။

**ဆာအလက်ဇန္ဒားဖလဲမင်း** (၁၈၈၁-　　)။ ။ဆေး ပညာရပ်များ၏ တိုးတက်မှုကို ကြိုးပမ်းရာ၌ ထိပ်တန်းသို့ ရောက်ခဲ့သူ စကော့လူမျိုး ကမ္ဘာ့ကျေးဇူးရှင် ဆာအလက် ဇန္ဒားဖလဲမင်းသည်ပင်နီဆီလင်ဆေးကို ဦးစွာရှာဖွေတွေ့ရှိ ခဲ့သူဖြစ်၏။ ပင်နီဆီလင်ဆေး၏ ကျေးဇူးကြောင့် ဒုတိယ ကမ္ဘာစစ်အတွင်းနှင့် စစ်ပြီးခေတ်တွင် လူပေါင်း ဂထောင် သောင်းမက အသက်ရှင်ကြရ၏။ ထိုဆေး၏လက်တွေ့အ သုံးဝင်ပုံကို ဆာဟိုးဝပ်ဖလော်ရီနှင့် အပေါင်းပါတစုက ရှာဖွေဖြန့်ချိသည်။ ၁၉၄၄ ခုနှစ်တွင် ဖလဲမင်းအားဆာဘွဲ့ အပ်နှင်း၍ သုတေသနပြုပြီးနောက် ၁၉၄၅ ခုနှစ်တွင် ဟိုးဝပ် ဖလော်ရီနှင့်တွဲဖက်၍ နိုဗယ်ဆု ချီးမြှင့်ခြင်းခံရလေသည်။





**ဂီတစာဆိုတော်ကြီး ရစ်ချတ်စထြော့** (၁၈၆၄-၁၉၄၉) သည် ဂျာမန်အမျိုးသားဖြစ်၏။ ၁၉၄၉ ခုနှစ် သူကွယ်လွန်သည်အထိ ဂီတပညာ၏ အဆီအနှစ်များကို ကမ္ဘာအား အမွေပေးခဲ့သည်။ သူ၏သီချင်းများမှာ နားဝင်ချိုသာလှသဖြင့် တိုင်းနိုင်ငံအများက သူ့အား အထင်ရှားဆုံးသော လစ်ရစ်ရေးဆရာကြီးအဖြစ် အသိအမှတ်ပြုထားသည်။ သူနှင့် ထိပ်တန်းမှတပြိုင်တည်း ပေါ်ထွက်လာကြသော ဂီတစာဆိုတော်မှူးများကား အစ်ဂိုစထြာဗင်စကီနှင့် ဂျင်းဆီဗီးလီးယပ်တို့ဖြစ်ကြ၏။ အီတလီလူမျိုး အာတူရိုတော်စကန်နီနီကား တီးဝိုင်းခေါင်းဆောင်များအထဲတွင် အထင်ရှားဆုံး ပုဂ္ဂိုလ်ကြီးဖြစ်သည်။



**မစ္စစ်ဆရိုဂျိနီနိုင်ဒူး** (၁၈၇၉- )။ ။အာရှတိုက်ရှိ ပြည်ပိုင်အစိုးရအဖွဲ့ဝင် ရာထူးရာခံ အမြင့်ဆုံးခြီးမြှင့်ခြင်းခံရသူ အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲဝင် ဂုဏ်ထူးဆောင်အမျိုးသမီးကြီး ဆရိုဂျိနီနိုင်ဒူးသည် ဂန္ဒီ၏လက်ရုံးသဖွယ် အားကိုးရသူဖြစ်သည်။ ၁၉၂၅ ခုနှစ်တွင် အိန္ဒိယအမျိုးသားကွန်ဂရက်၏ ပထမဆုံးသော အမျိုးသမီးဥက္ကဋ္ဌအဖြစ် အရွေးခံရသည်။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရသောအခါ ယူပီနယ်ဘုရင်ခံအဖြစ် ခြီးမြှောက်ခြင်းခံရရာ အာရှတိုက်တခွင်တွင် အမြင့်ဆုံးသောရာထူးဖြင့် ပထမဆုံး ခြီးမြှင့်ခြင်းခံရသော အမျိုးသမီးဖြစ်သောကြောင့် အာရှအမျိုးသမီးလောကကိုလည်း ထွန်းပြောင်စေသည်။ ၁၉၄၇ ခုနှစ်တွင် ဒေလီ၌ကျင်းပသော အာရှကွန်ဖရင့်၌ သဘာပတိအဖြစ်တင်မြှောက်ခြင်းခံရသည်။ နိုင်ငံရေး၌ ထူးချွန်ရုံသာမက ကဗျာစာပေဖက်၌လည်း ကျော်ကြားသူဖြစ်လေသည်။

# ကုန်သွယ်စီးပွားရေး

၁၉၀၀ မှ ၁၉၅၀ ပြည့်နှစ်အတွင်း ကမ္ဘာ့စီးပွားရေးကို ခြုံကြည့်သည်ဖြစ်စေ၊ နိုင်ငံတခုစီအနေဖြင့် စစ်တမ်းထုတ်ကြည့်သည်ဖြစ်စေ နိမ့်လိုက်မြင့်လိုက်ဖြစ်နေသည်ချည်းတွေ့ရ၏။ စီးပွားရေး ဖြစ်ထွန်းသည့် ခေတ်တွင် လူတို့နေရေးထိုင်ရေးမှစ၍ စားရေးသောက်ရေးပါ အဆင့်အတန်းမြင့်သလောက် စီးပွားရေး ပျက်ကပ်နှင့်ကြုံလျှင် နေရေးထိုင်ရေး စားရေးသောက်ရေးစသည်တို့မှာ အတော်ပင် အခြေယိုင်သွား လေသည်။

ဤအနှစ်ငါးဆယ်အတွင်း၌ ကမ္ဘာစစ်ကြီးနှစ်ခုနှင့်လည်း ကြုံခဲ့ရသည်။ စစ်တို့မည်သည် ဖြုန်းစား ဖြစ်၍ ဖြုန်းစားပြီးသည်မဟုတ်ဘဲ မဖြစ်မီကာလကကြိုတင်၍ စစ်ရိပ်စစ်ငွေ့များတက်လျက်၊ ဖြစ်ပြီး နောက်လည်း စစ်ဒဏ်ကိုမခံရသည့်နိုင်ငံဟူ၍ မရှိလောက်အောင်ဖြစ်ခဲ့လေသည်။ စစ်ဖြစ်ခါနီးတွင် ကုန် ပစ္စည်းပေါသလောက် ဝယ်ယူနိုင်သူရှား၍ စစ်အပြီးတွင် ဝယ်ယူလိုသူရှိသော်လည်း ကုန်ပစ္စည်းရှားသည့် အဖြစ်မျိုးနှင့်တိုးနေ၏။ စစ်ရေးမှလွဲလျှင် မည်သည်ကိုမျှဂရုမစိုက်နိုင်သည့် စစ်အတွင်း၌ကား စစ်ပစ္စည်း မှတပါး အခြားပစ္စည်းတို့နှင့်ဆိုင်သော ကုန်သွယ်စီးပွားရေးမှာ ဆုတ်ယုတ်လျက်သာရှိသည်။

စီးပွားရေးပျက်ကပ်နှင့် ကြုံသည့်အခါ စပါးတွေပုံနေပါလျက် လူတို့ငတ်မွတ်ခေါင်းပါးနေရခြင်း၊ ကုန်ရုံထဲတွင် အထည်အလိပ်များပုံနေပါလျက် ချမ်းချမ်းတီးတီးတွင် မီးလှုံ၍မလုံနိုင်ဘဲ ခိုက်ခိုက်တုန်အောင် နေရခြင်းစသော မယုံနိုင်စရာ အဖြစ်များကိုတွေ့ရ၏။ စီးပွားရေးတက်သည့် ခေတ်နှင့်ကြုံသည့်အခါ၌မူ ပျော်ပွဲရွှင်ပွဲခြိမ့်ခြိမ့်သဲ၍ သာသနာရေးနှင့်လူမှုရေးတို့ကို ဆောင်ရွက်နိုင်ကြလေသည်။ ဤနှစ်ငါးဆယ် အတွင်းလူမှုရေးရာစာအုပ်၌ ကမ္ဘာပေါ်ရှိ မည်သည့်လူမျိုးနှင့်မျှ မကင်းနိုင်သော ကုန်သွယ်စီးပွားရေး အကြောင်းရပ်ကို မှတ်တမ်းတင်ရာတွင် ကမ္ဘာ့အနောက်နှင့်အရှေ့ရှိ ထိပ်တန်းနိုင်ငံများနှင့် မြန်မာနိုင်ငံ တို့၏ စီးပွားရေးအခြေတို့ကို မှုတည်၍ဖော်ပြထားလေသည်။

# စီးပွားရေးလုပ်ငန်းချဲ့ထွင်ခြင်း

၁၉၀၀ ပြည့်နှစ်မှ ၁၉၁၃ ခုနှစ်အတွင်းတွင်ကမ္ဘာ့စီးပွားရေး လုပ်ငန်းများသည် အစဉ်တစိုက် ကြီးပွားတိုးတက်လာလေသည်။ အမေရိကန် ပြည်ထောင်စု၌ ၁၉၀၀ ပြည့်နှစ်မတိုင်မီ ၁၀ နှစ်ခန့်က အစပျိုးခဲ့သော လုပ်ငန်းစည်းရုံးမှုသည် ၁၉၀၁ ခုနှစ်သို့ရောက်သောအခါ အမေရိကန်ပြည်ထောင်စု သံမဏိ ကော်ပိုရေးရှင်းကြီး ဖွဲ့ခြင်းအားဖြင့် အကြီးဆုံးသောလုပ်ငန်းရပ်ကြီး ဖြစ်လာ၏။ ကုန်ထုတ်လုပ်ရေး လုပ်ငန်းမှာလည်း တနှစ်ထက်တနှစ် အဆပေါင်းများစွာ တိုးတက်လာသည်။ ၁၉၀၀ ပြည့်နှစ်တွင် စက်ဘီးလုပ်ငန်းများ တိုးတက်နေသလောက် ၁၉၀၈ ခုနှစ်တွင် ဟင်နရီဖို့ဒ်၏ မော်တော်ကားလုပ်ငန်း ကြီးပွားလာသည်။ ၁၉၁၃ ခုနှစ်လောက်တွင် ဖို့သည် တနေ့လျှင် ကားပေါင်း တထောင်ကျ အောင် လုပ်နိုင်သောနည်းကို ရရှိခဲ့လေသည်။ မှန်မှန်ရောင်းသည်ပင် တနှစ်အတွင်း မော်တော်ကားပေါင်း ၂၅၀,၀၀၀ မက ထုတ်ရောင်းနိုင်ခဲ့သည်။

သံမဏိလုပ်ငန်း ဖြစ်ထွန်းသည်နှင့်အမျှ မီးရထားသံလမ်းများခင်းမှု အတော် ခရီးရောက်ခဲ့၏။ ၁၉၁၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ မီးရထားလမ်းမိုင် ၂၅,၀၀၀ ခန့်ခင်းနိုင်ခဲ့၏။

အလုပ်သမားနှင့် လုပ်ငန်းပိုင်ရှင်တို့၏ အဆင်မပြေမှုများလည်း ထိုခေတ်တွင် ပေါ်ပေါက်လာခဲ့သည်။ လုပ်ငန်းပိုင်ရှင်တို့၏ ဖိနှိပ်ချုပ်ချယ်မှုများကို တွန်းလှန်ရန် အလုပ်သမားများသည် အဖွဲ့အစည်းဖွဲ့ကာ အရေးဆိုကြသည်။ စက်မှုလုပ်ငန်းကြီးပွားတိုးတက်ရာဌာနများတွင် လူမျိုးစုံ လူဦးရေ ပိုမိုများပြားလာလေလေ မကျေနပ်မှုများကို စည်းရုံးကာ တောင်းဆိုလေလေ ဖြစ်လာသည်။

ကမ္ဘာ့ စက်မှုလက်မှု အလုပ်သမားများအနက် စိတ်ထက်သန်လှသော အလုပ်သမားများ၏ ဦးဆောင်မှုဖြင့် ဆိုရှယ်လစ်ဝါဒနှင့် အလုပ်သမားအစည်းအရုံး တည်ထောင်ရေး အကြံအစည်များ ဝင်ရောက်လာကာ ကမ္ဘာ့စက်မှုလက်မှု အလုပ်သမားများ အစည်းအရုံး တည်ထောင်သည်အထိ အောင်မြင်ခဲ့သည်။ ထိုအလုပ်သမား အစည်းအရုံးကြီးမှာ အလုပ်သမားများအပေါ်၌ အတော်ဩဇာရှိခဲ့သော်လည်း မကြာမီ အဖျက်ခံရလေသည်။

ဂျပန်နိုင်ငံ၌မူ ထိုခေတ်က လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများကို အထူးသဖြင့် အနောက်နိုင်ငံ နည်းစံနစ်များပေါ်တွင် မူတည်၍လုပ်ကိုင်နေကြ၏။ သူတို့၏နိုင်ငံကို အထူးသဖြင့် စက်မှုနိုင်ငံဖြစ်အောင် ကြိုးစားကြသည်။ လုပ်ငန်းများကို အနည်းအကျဉ်း လုပ်ကိုင်ရာမှ အကြီးအကျယ်ချဲ့ထွင်လုပ်ကိုင်ကြသည်။ ၁၉၀၀ ပြည့်နှစ် မတိုင်မီက နိုင်ငံခြားသို့ ခြည်ထည်အနည်းအကျဉ်း တင်ပို့ရောင်းချခဲ့ရာမှ ၁၉၀၀ ပြည့်နှစ်ကျော်သောအခါ ခြည်ခင်၊ ခြည်ထုပ်များကို အကြီးအကျယ်ထုတ်လုပ်ရောင်းချနိုင်သော လုပ်ငန်းကြီးများကို တည်ထောင်ကြသည်။ ပိုးထည်နှင့် ပိုးခြည်များကိုလည်း ချဲ့ထွင်လုပ်ကိုင်ကြရာ ၁၉၀၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံထွက်ကုန်အားလုံး၏ ၂၂ ရာခိုင်နှုန်းသည် ခြည်ထည်နှင့်ပိုးထည် (ခြည်ခင်အပါအဝင်) တို့ ဖြစ်သည်ကိုတွေ့ရ၏။ နောက်အနှစ် ၂၀ အတွင်း ခြည်နှင့်ပိုးလုပ်ငန်းသည် ဂျပန်နိုင်ငံ၏ အကြီးကျယ်ဆုံးသော လုပ်ငန်းတရပ်ဖြစ်လာလေသည်။

ပထမကမ္ဘာစစ် မဖြစ်မီခေတ်ဖြစ်သော ၁၉၀၀ မှ ၁၉၁၄ ခုနှစ်အတွင်း ကမ္ဘာ့လယ်သမားတို့၏အခြေအနေသည် ကောင်းမွန်သည်ဟု ဆိုရပေမည်။ ကမ္ဘာပေါ်တွင် စက်မှုလုပ်ငန်း တိုးတက်လာသလောက် မြို့ကြီးများတွင်လူဦးရေ တိုးတက်လာသဖြင့် လယ်ယာထွက်ကုန်များ အရောင်းရတွင်ကျယ်


လာသည်။ လယ်ယာလုပ်ငန်းကိုအဓိကထား၍လုပ်ကိုင်သောမြန်မာနိုင်ငံ၌မူ နိုင်ငံခြားဓနရှင်တို့က နိုင်ငံတွင်းထုတ်ကုန်မှန်သမျှကိုငွေရင်းများစွာ မ,တည်၍လုပ်ကိုင်နေကြ၏။ နိုင်ငံတွင်းငြိမ်းအေးမှသာ ကူးသန်းရောင်းဝယ်ရေး တိုးတက်နိုင်မည်၊ ကူးသန်းရောင်းဝယ်ရေး တိုးတက်မှသာ အရင်းစိုက်လုပ်ကိုင်ထားသော လုပ်ငန်းကြီးများဖြစ်ထွန်းနိုင်ချေမည်။ ထို့ကြောင့် ဗြိတိသျှအစိုးရတို့သည် ဆူပူတော်လှန်သူတို့အား ဒလကြမ်းနှိပ်ကွပ်ကြ၏။ နှိပ်ကွပ်ရာ၌ သွားလာရေး လွယ်ကူမှုအတွက်၎င်း၊ အုပ်ချုပ်မှုလက်လှမ်း မှီရန်၎င်း၊ လုပ်ငန်းများ လျင်မြန်ကြီးပွားရန်၎င်း ကုန်းလမ်းရေလမ်း အနှံ့အပြားဖောက်လုပ်၍ စာတိုက်နှင့် ကြေးနန်းဌာနတို့ကိုဖွင့်လှစ်၏။ အောက်မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်ထားစဉ်ကပင် မီးရထားလမ်းမိုင် ၁၆၀ ခန့်ရှိခဲ့ရာ ၁၉၁၃ ခုနှစ်ခန့်တွင်မိုင် ၁,၄၀၀ ခန့် ဖောက်လုပ်ပြီး ဖြစ်လေသည်။

မြန်မာ့ အဓိကထွက်ကုန်တခုဖြစ်သော ဆန်စပါး၏အဖိုးတန်ပုံကို ရှေးဦးမဆွကပင် သိခဲ့သော ဗြိတိသျှနှင့် နိုင်ငံခြားသား ဓနရှင်တို့သည် ဆန်စပါးလုပ်ငန်းတွင် ငွေလုံးကြေးလုံး မ,တည်ကာ နိုင်ငံခြားသို့ တင်ပို့ရောင်းချသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အစိုးရကလည်း နိုင်ငံခြားအစိုးရ ဖြစ်နေရကား နိုင်ငံခြားသား ဓနရှင်ကြီးများအဖို့တပန်းသာနေလေတော့သည်။ နေပူမိုးရွာမရှောင် နွားနှင့်ဖက်၍ရုံးကာ အလုပ်လုပ်ကြရသောတိုင်းရင်းသား လယ်သမားတို့ကား နိုင်ငံခြားသို့ရောင်းချရေးကိုလည်း မမြှော်တွေးမိကြပေ။ နိုင်ငံခြားသားများ မရောက်မီက ဆန်စပါးကို နိုင်ငံတွင်းသုံးလောက်ရုံမျှသာ စိုက်ပျိုးခဲ့ကြသည်။ နိုင်ငံခြားဓနရှင်များက နိုင်ငံခြားသို့ တင်ပို့ရောင်းချရန် ထွက်သမျှ ဝယ်ယူနေသောအခါမှ မြေလွတ်ရှိရာ မြေညီအရပ်များကို ခုတ်ထွင် ရှင်းလင်း၍ စပါးများကို စိုက်ပျိုးကြသည်။ ဆန်စပါးလုပ်ငန်း တိုးတက်ကောင်းမွန်သည်နှင့်အမျှ လယ်အလုပ်သမားများ လိုလာသည်။ အိန္ဒိယနိုင်ငံမှ ကုလားများကို ကောက်ရိတ်ရန် ခေါ်ယူ၍ခိုင်းစေကာ မြန်မာတို့နှင့် ပြိုင်ဆိုင်စေခဲ့သည်။ ၁၈၆၉ ခုနှစ်တွင် ဆူးအက်တူးမြောင်း ဖွင့်လိုက်သောအခါမှ စ၍ အရှေ့နှင့်အနောက် ကုန်ကူးသန်းရောင်းဝယ်ရေး ပိုမိုတွင်ကျယ်လာသည်။ ဆူးအက်တူးမြောင်းမဖွင့်မီ မြန်မာနိုင်ငံမှတင်ပို့သောဆန်တန်ချိန်မှာ၁၆၀,၀၀၀ ခန့်ဖြစ်သော်လည်း ၁၉၀၀ ပြည့်နှစ်ခန့်တွင် နိုင်ငံခြားသို့ တင်ပို့ရောင်းချသော ဆန်စပါးတန်ချိန်မှာ ၅၀၀,၀၀၀ နီးပါးဖြစ်လာ၏။

မြန်မာနိုင်ငံ၏ အခြား ထွက်ကုန်များဖြစ်သော ကျွန်းသစ်နှင့်ရေနံလုပ်ငန်းများ၌လည်းမြန်မာများမှာ စာရေးစာချီနှင့် ကူလီအလုပ်သမားများအဖြစ်သာ လုပ်ကိုင်ရသည်မှတပါး အခြားအကျိုး[illegible] မခံစားကြရချေ။ တောင်သူ လယ်သမားတို့သည် ကျွန်းသစ်နှင့်ရေနံလုပ်ငန်း အလုပ်သမားများထက် အနည်းငယ်ပို၍ အကျိုးခံစားရသေးသည်။ ကျွန်းသစ်နှင့်ရေနံလုပ်ငန်း၌ကား နိုင်ငံခြားသား ဓနရှင်တို့ကအဆီအနှစ်ကို စားသုံးရသလောက် အလုပ်သမားများက အရိုးကိုပင် မမြင်လိုက်ကြရချေ။

နိုင်ငံတွင်း လုပ်ငန်းများကို နိုင်ငံခြားသားများက လက်ဝါးကြီး အုပ်ကြရုံသာမက နိုင်ငံခြားမှ လူသုံးပစ္စည်းများလည်း ဝင်ရောက်လာသဖြင့် ဈေးပေါပေါနှင့် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သောကြောင့် မြန်မာနိုင်ငံအိမ်တွင်းမှုလုပ်ငန်းများလည်း တဖြည်းဖြည်း လုံးပါးပါးလာသည်။

၁၉၀၀ မှ ၁၉၁၃ ခုအထိ ကမ္ဘာ့စီးပွားရေးကို ခြုံ၍ကြည့်မူ အလုပ်ရှင်နှင့်အလုပ်သမား မကျေနပ်မှုများ ကြားမှပင် ကမ္ဘာစစ်ဖြစ်ခါနီး အချိန်တွင် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး အခြေအနေသည် ကောင်းမွန်လျက်ရှိသည်ဟုဆိုနိုင်သည်။




**တိုက်ပွဲဝင်အမျိုးသမီး။** ။အလုပ်သမားအရေး တိုက်ပွဲဆင်နေသော အလုပ်သမားသမဂ္ဂဝင်အမျိုးသမီး ရို့ရှီနိဒါမန်သည် အမေရိကန်လူလတ်တန်းစား အလုပ်သမားများအားတရားဟောနေသည်ကို ဝဲပုံ တွင်တွေ့မြင်ရပေမည်။ ၁၉ဝ၅ ခုတွင် ကမ္ဘာ့စက်မှုလက်မှုအလုပ်သမားအစည်းအရုံး ပေါ်လာသော်လည်း ကြာကြာမခံခဲ့ချေ။





**ရှေးခေတ်ဓာတ်ဆီတိုင်။** ။စတင်းဒတ်ရေနံကုမ္ပဏီ၏ပထမဆုံးသော ဓာတ်ဆီရောင်းတိုင်ကို (ယာပုံ) အိုဟိုင်ယိုပြည်နယ် ကိုလံဗတ်မြို့၌ ၁၉၁၂ ခုနှစ်တွင် တည်စိုက်ခဲ့သည်။ သို့ဓာတ်ဆီတိုင်နေရာတွင် မော်တော်ကား ရပ်ရန်ရုံရှိ၏၊ ဓာတ်ဆီပိုက် နှစ်ခုထားသည်။ ဓာတ်ဆီထည့်လိုသည့်အခါ မော်တော်ကားသည် ရုံ၏ရှေ့ပေါက်မှဝင်၍ထည့်ပြီးလျှင်နောက်ပေါက်မှပြန်ထွက်ရ၏။



**ဒိုင်ယယ်ခေါ် တိုင်းခွက်မရှိသောတယ်လီဖုံး။** ။နယူးယော့မြို့ရှိ ကိုလံဗတ်ဗဟိုစကားပြောကြေးနန်းရုံကြီးကို ၁၈၉၀ ပြည့်နှစ်ခန့်က ဤသို့ (ဝဲပုံ) မြင်ရ၏။ ထိုခေတ်က သံလိုက်မီးညှိစက်မျိုးဖြင့် လည်သော တယ်လီဖုန်းများကိုအသုံးပြုရသော ခေတ်ဖြစ်သည်။ နှစ်အနည်းငယ်အတွင်းထိုရုံကြီးကို ဗက်ထရီဖြင့်အသုံးပြုရသော စက်အဖြစ်သို့ပြောင်းလဲလိုက်သည်။ ထိုအခါမှစ၍စကားပြောကြေးနန်းပြောသူက ခွက်ကို မလိုက်ရုံမျှဖြင့် ရုံးခန်းရှိကြေးနန်းဆက်သွယ်သောဌာနသို့ ချက်ခြင်းရောက်လာသည်။ ၁၀ နှစ်အတွင်း ယင်းဌာန၏ ပုံပြင်ပြောင်းလဲမှုကိုကြည့်၍ကမ္ဘာ့စက်မှုလုပ်ငန်းကို အကဲခတ်နိုင်သည်။




ပုံစံတူပစ္စည်းအများ ထုတ်လုပ်သောစံနစ် မရှိသေးမီခေတ်က (အထက်ပုံ-ယင်းခေတ် မော်တော်ကားအလုပ်ရုံ) မော်တော်ကားကိရိယာပစ္စည်းများကို စက်ဖြင့်မဟုတ်ဘဲ လက်ဖြင့်လုပ်ကိုင်ကြသည်။



**ဟင်နရီဖို့ဒ်၏ မော်တော်ကား လုပ်ငန်းသည်** ပုံစံတူပစ္စည်းအများထုတ်လုပ်သောစံနစ် ပေါ်ပေါက်လာသောအခါ၌ အထက်ပုံတွင် တွေ့မြင်ရသော မူရင်းအဆောက်အအုံနှင့် မဖြစ်တော့ဘဲ ပိုမိုကြီးကျယ်လာလေသည်။

**အလုပ်သမားနစ်နာမှုများ။** ။ ၂၀ ရာစုနှစ်အစဖြစ်သော ပထမကမ္ဘာစစ်ကြီး မဖြစ်မီခေတ်တွင် အလုပ်ရုံများသည် ညစ်ကြေးကြပ်တည်းခြင်း၊ ကလေး အလုပ်သမားများကို ခိုင်းစေခြင်း (ပုံ-ဖိနပ်အလုပ်ရုံတခု၌ ကလေးများ အလုပ်လုပ်နေစဉ်) တို့ ပေါ်ပေါက်လျက်ရှိ၏။ ၁၉၁၀ ပြည့်နှစ်အထိ ကလေးအလုပ်သမားဦးရေမှာ တိုးတက်လျက်ပင်ရှိသေးသည်။ နောက်ဆုံးတွင် စက်ရုံများ၌ ကလေးများခိုင်းစေမှုကိုတားမြစ်ရန် ဥပဒေထုတ်ရသည့် အခြေသို့တိုင်ခဲ့သည်။ အလုပ်သမား အစည်းအရုံးများ ပေါ်ပေါက်လာမှုကြောင့် အလုပ်ရုံစက်ရုံအခြေအနေ အထားအသိုများကို ပြုပြင်ပြောင်းလဲပေးရသည်။ အလုပ်ရှင်နှင့် အလုပ်သမား ပြေပြစ်စွာဆက်ဆံရေးသည် အကျိုးရှိကြောင်း သိရှိလာကြသဖြင့် အလုပ်ရှင်တို့သည် အလုပ်သမားပြဿနာများကို စိတ်ပါဝင်စားလာကြသည်။ ထိုသို့ ရင်းရင်းနှီးနှီး ဆက်သွယ်၍စံနစ်တကျအုပ်ချုပ်မှုကြောင့် ၁၀ နှစ်အတွင်း လုပ်ငန်းများနှင့် ထွက်ကုန်များ တိုးတက်လာလေသည်။








အလုပ်ရုံများ၌ ယခုခေတ်ကဲ့သို့ အစစအရာရာတွင် စက်များမတီထွင်ရသေးသဖြင့် လက်ဖြင့်ပင် လုပ်ကိုင်ကြရသည်။ လက်ကိုသာအားကိုး၍ လုပ်ကိုင်ကြရခြင်းမှာ အလုပ်နှောင့်နှေးခြင်း၊ ညစ်ပတ်ပေကျံခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်ခြင်းတို့ဖြစ်ရသည်။ သိုးမွေးလုပ်ငန်းကဲ့သို့ လုပ်ငန်းမျိုး၌သိုးမွေးတွင်ဖုံနှင့်ပိုးမွှားများပါလေရာ ယာပုံတွင် တွေ့ရသကဲ့သို့ လုပ်ကိုင်ရသော အလုပ်သမားများတွင်အဆုတ်နှင့်ဆိုင်သော ရောဂါများကျရောက်ကြသည်ကို အများအပြားတွေ့ရသည်။ထိုခေတ်ကကျောက်မီးသွေးကဲ့သို့ ညစ်ပတ်ပေကျံသော ပစ္စည်းမျိုးကိုပင် လက်နှင့်ကိုင်၍ (ဝဲပုံ) ရွေးခြင်း၊ သယ်ခြင်း ပြုကြရသည်။

**ရေနံဘုရင်ဂျွန်ဒီရော့ကဖဲလား(အကြီး)သည်** (အောက်ပုံ)စတင်းဒတ်ရေနံကုမ္ပဏီကို ၁၈၇၀ ပြည့်နှစ်ကပင်စတင်တည်ထောင်ခဲ့ရာ ကမ္ဘာ့ရေနံသူဌေးကြီးဟုပင် ခေါ်တွင်ရလေသည်။





**ကလန်ဒိုက်ဒေသရှိ** အယ်ဒိုရားဒိုးရွှေတွင်းကို ၁၉၀၂ ခုနှစ်၌ တွေ့မြင်ရပုံ။ အမေရိကန် စက်မှုလုပ်ငန်းများ ကြီးကျယ်ဖြစ်ထွန်းလာသည့်အချိန်တွင် အလက်စကာနယ်၌ ရွှေတွေ့ခြင်း၊ နီဗားဒါပြည်နယ်၌ ငွေတွေ့ခြင်းတို့ကြောင့်အမေရိကန်နိုင်ငံသူနိုင်ငံသားတို့အဖို့ စီးပွားရေး အလွန်ချောင်လည်ခဲ့သည်။




**မြင်းမဲ့ယာဉ်မျိုးကို** စတင်တီထွင်စဉ်က မော်တော်ကား ကုမ္ပဏီများသည် ကြော်ငြာများဖြင့် အကြီးအကျယ်လူသိများအောင် ပြုလုပ်ကြသည်။ ပက်ကတ်မော်တော်ကား ကုမ္ပဏီက "ဤကားမျိုးရှိသူကိုမေးကြည့်စမ်းပါ"ဟု ကြော်ငြာတွင် စာလုံးကြီးဖြင့်ရေး၍ ဖို့မော်တော်ကားကုမ္ပဏီက "လမ်း၏သခင်"ဟု စာတမ်းကြီးရေးကာ ကြော်ငြာသည်။ အိုးမိုဗိုင်းကုမ္ပဏီကမူ အောက်ပါအတိုင်း (အထက်ပုံ) ကြော်ငြာ၏။ "ဤလှပ၍အသုံးဝင်သော မော်တော်ယာဉ်သည် မြင်းခြောက်ကောင်အားကို ဆောင်နိုင်၍ မိုင် ၁၀,၀၀၀ အတွက် တနှစ်လျှင်ဒေါ်လာ ၃၅.၆၀ သာ ကုန်ကျမည်။ မြင်းတကောင်တည်းကို ထိန်းသိမ်းမွေးမြူရခြင်းသည်ပင် တနှစ်အတွင်းဒေါ်လာ ၁၈,၀၀၀ ကုန်ကျမည်ဖြစ်သဖြင့် ဤမော်တော်ယာဉ်ကိုဝယ်ထားလျှင် ငွေကုန်သက်သာမည်မှာစိတ်ချရသည်" ဟု စာဖြင့်လည်းရေး၍ ပုံတွင် မြင်းနှင့် မော်တော်ယာဉ်ကို ယှဉ်လျက်ကုန်ကျမည့်ငွေကိုစာဖြင့် ရေးထိုးပြထားသည်။



**အမေရိကန်သံမဏိလုပ်ငန်းကို** အင်ဒရူးကာနက်ဂီ (ယာပုံ) နှင့်ချားအမ်ရွပ်တို့ ၁၉၀၁ ခုနှစ်တွင်တည်ထောင်ကြသည်။

ဆယ့်ငါးဒေါ်လာမှ ဒေါ်လာငါးဆယ်အထိ တန်ဖိုးရှိသော စက်သီချင်းနှင့်အတူ ဗစ်တာ၏နာမည်ကျော် ခွေးတံဆိပ် စက်သီချင်းအပ်များလည်း ပေါ်လာရာ ယာပုံအတိုင်း ကြော်ငြာ၍ တွင်ကျယ်အောင် ရောင်းချကြလေသည်။




အမျိုးသမီးများအတွက် ခါးသေးရင်ချီ ပဒုမကြာပုံဟန်ဖြစ်ရေးအတက် ကာဗိုကော့ဆက်ကုမ္ပဏီက ကော့ဆက်ခေါ် ခါးစည်းဝတ်စုံများကို တီထွင်ရောင်းချရာ ဤသို့ (ယာပုံ) ချစ်စဖွယ်အမျိုးသမီးပုံတွင် ကော့ဆက်ဆင်ကာ ကြော်ငြာလေသည်။




အချိန်ကုန်နှင့် လူသက်သာသော ဆေးကြော ဖွပ်လျှော်သည့်စက်မျိုး ပေါ်လာသည့်အခါ ဤသို့ (ဝဲပုံ) ကြော်ငြာ၍ရောင်းကြပြန်သည်။



# စစ်ပြီးခေတ်ကမ္ဘာ့စီးပွားရေး

ပထမကမ္ဘာစစ်ပြီးခေတ်တွင် ကမ္ဘာ့စီးပွားရေး လုပ်ငန်းများ မကြုံစဖူး အထူးတိုးတက်များပြား လာခဲ့သည်။ စက်မှုနိုင်ငံများ၌ပုံစံတူပစ္စည်းအများ ထုတ်လုပ်သည့်စံနစ် ထွန်းကားလာသည်ကို တွေ့ရ၏။ ထိုစံနစ်ကို ဖိုမော်တော်ကားသူဌေး ဟင်နရီဖို့က စတင်တီထွင်လိုက်သည်။ ထို့ကြောင့်ပင် သူ၏ မော်တော်ကား လုပ်ငန်းသည် အံ့ဩလောက်အောင် တိုးတက်ခဲ့၏။ ၁၉၁၃ ခုနှစ် အတွင်း၌ မော်တော်ကားပေါင်း ၂ သိန်း ပြုလုပ်ပြီးစီးရာမှ ၁၉၂၉ ခုနှစ်တင် ၅ သန်းခွဲအထိ တိုးတက်ပြီးစီး လာလေသည်။ အိမ်တွင်းသုံး စက်ကိရိယာများ၊ ရေဒီယိုစသည်တို့ကိုလည်း ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။

ယင်းသို့ အမြောက်အမြား ပြုလုပ်ပြီးစီးသော ကုန်ပစ္စည်းများကို တွင်ကျယ်စွာ ရောင်းချနိုင်ရန် ဆိုင်ကြီးများ၊ ဌာနခွဲဆိုင်များနှင့် ကြော်ငြာပေး နိုင်သောဂျာနယ်၊ ရေဒီယိုစသည့် လုပ်ငန်းများ အထူးကြီးပွားလာလေသည်။ လယ်ယာလုပ်ငန်း၊ ကျောက်မီးသွေးလုပ်ငန်းနှင့် အထည်အလိပ် လုပ်ငန်းများမှာ ပထမကမ္ဘာစစ်အတွင်းက အလွန်အမင်း တိုးချဲ့လုပ်ကိုင်ခဲ့သဖြင့် စစ်အပြီးတွင် အတော်ပင်အခက်အခဲနှင့် ကြုံတွေ့နေရလေသည်။

ဤခေတ်တွင် အလုပ်သမား ဆက်ဆံရေးမှာ ပြေပြစ်သည်။ အစိုးရကလည်း စီးပွားရေးလုပ်ငန်းများတွင် အခွင့်အရေး ပို၍ပေးခဲ့လေသည်။ စီးပွားရေးလောက၌ အစိုးရက ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့ချေ။

ပထမကမ္ဘာစစ်ပြီးခေတ်မှ ကမ္ဘာ့စီးပွားရေး ကြပ်တည်းသောခေတ်ဖြစ်သည့် ၁၉၃၀ ပြည့်နှစ် တဝိုက်အထိ ပုံစံတူပစ္စည်းအများ ထုတ်လုပ်သော စံနစ် အတော်ပင် ကြီးပွားခဲ့သည်။ အမေရိကန် လုပ်ငန်းကြီးများကို ဤစံနစ်ဖြင့် ပြုလုပ်သဖြင့် နိုင်ငံတော်ဝင်ငွေ၏ ၆၂ ရာခိုင်နှုန်းကို ထိုလုပ်ငန်းကြီး များမှ ရရှိခဲ့လေသည်။

အမေရိကန်နိုင်ငံ၌ စီးပွားရေး တရှိန်ထိုးကြီးပွား လာမှုကြောင့် လုပ်ငန်းကြီးများ၏ အစုဝင်များ တိုးတက်များပြားခဲ့သည်။ နယူးယောက့်မြို့ စတော့ လဲလှယ်ရေး ရုံးတခုတည်း၌ပင် ၁၉၂၅ ခု ဇန္နဝါရီ လမှ ၁၉၂၉ ခု အောက်တိုဘာလအတွင်း အစုဝင် ပေါင်း ကုဋေငါးဆယ်ခန့်မှ ကုဋေတရာအထိ တိုး တက်လာသည်။


စက်မှုလက်မှု ထွန်းကားဖွံ့ဖြိုးရေးအတွက် အား သွန်ဆောင်ရွက်နေသော ဂျပန်နိုင်ငံကိုကြည့်မူ ပ ထမကမ္ဘာစစ် ဖြစ်ပွားလိုက်သဖြင့် အရှိန်ယူ၍ငင်၌ လုပ်ကိုင်နေသော စီးပွားရေး လုပ်ငန်းများသည် အတော်ပင် အစီအစဉ် ပျက်သွားလေသည်။ ၁၉၁၅ ခုနှစ် နှစ်ဦးလောက်အထိ ဂျပန်စီးပွားရေးသည် စံထားရလောက်အောင် ဖွံ့ဖြိုးတိုးတက်လျက်ရှိ၏။ မဟာမိတ်နိုင်ငံများက ဂျပန်တို့ထံမှ စစ်လက်နက် များနှင့် သင်္ဘောများကိုပင် မှာယူကြရသည့်အခြေ အထိ ဂျပန်စက်မှုလုပ်ငန်းများ တိုးတက်နေသည်။ လက်ရှိလုပ်ငန်းများကို ချဲ့ထွင် လုပ်ကိုင်ကြရုံမက၊ လုပ်ငန်းသစ်များကိုလည်း စတင်တည်ထောင်လုပ် ကိုင်ကြသည်။ ၁၉၁၄ ခုနှစ်မှ ၁၉၁၉ ခုနှစ်အတွင်း စစ်ခေတ်တလျှောက်တွင် အလုပ်သမား ၅ယောက် နှင့် ၅ ယောက်ထက်များ၍ ငှားရမ်းလုပ်ကိုင်ခဲ့ သောစက်ရုံကလေးများသည် အလုပ်သမားဦးရေ ၉၄၇,၀၀၀ မှ ၁,၆၁၂,၀၀၀ အထိ ငှားရမ်းလုပ်ကိုင် ရသော စက်ရုံကြီးများ ဖြစ်လာသည်။ သို့ရာတွင် ၁၉၂၀ ပြည့်နှစ် မတ်လလောက်တွင် စဉ်ဆက်အရှိန် သည် ဂျပန်စီးပွားရေးကို လာ၍ဂယက်ရိုက်လေ

သည်။ အထူးသဖြင့် ပိုးရိုင်းနှင့် ဆန်စပါးဈေးများ ယိုင်ဆင်းလာ၏။ သို့ရာတွင် အစိုးရက ပိုးဈေးနှုန်း ထိန်းသိမ်းရေးကို ဆောင်ရွက်ရုံမက၊ ဆန်စပါးထိန်း သိမ်းရေး အက်ဥပဒေကို ထုတ်ပြန်ကာ ဈေးနှုန်း များမကျဆင်းအောင် ဆောင်ရွက်လိုက်သဖြင့် ၂ နှစ်အတွင်း ဂျပန်နိုင်ငံသည် စီးပွားရေးကြပ်တည်း မှုမှ ကင်းလွတ်သွားလေသည်။ သို့သော် စစ်အ တွင်းက လိုအပ်တိုင်း အရမ်းချဲ့ထွင်လုပ်ကိုင်ခဲ့သော အထူးသဖြင့် သဘောတည်သည့် လုပ်ငန်းနှင့် ကျောက်မီးသွေးတွင်း လုပ်ငန်းမျိုးများကား ထိန်း သိမ်း၍ မရနိုင်လောက်အောင်ပင် ပျက်စီးဆုံးရှုံး ကြရရှာသည်။

ယင်းသို့ စစ်အပြီး စီးပွားရေးပျက်စီးမှုကို ထိန်း သိမ်းနေရစဉ် ၁၉၂၃ ခု စက်တင်ဘာလတွင် ဂျပန် နိုင်ငံ၌ ငလျင်ကြီး အကြီးအကျယ်တုန်လှုပ်ရာ လုပ် ငန်းကြီးများ အတော်ပင်ပျက်စီးသွားလေသည်။ လူထုစီးပွားရေး ပျက်စီးရုံသာမက၊ အစိုးရသည် လည်း အပျက်အစီးများကို ပြန်လည်ထူထောင်ရ ပြန်သဖြင့် အခြားနိုင်ငံများမှ ချေးငှား၍ဆောင် ရွက်ရလေသည်။ သို့ရာတွင် နိုင်ငံခြားနှင့် ငွေလဲ လှယ်ရေး နှုန်းထားများတက်သဖြင့် နိုင်ငံခြားသို့ ကုန်ထုတ်လုပ် ရောင်းချရေးအတွက် အခက်အခဲ တွေ့ကာ ဂျပန်နိုင်ငံသည် ၁၉၂၇ ခုနှစ်တွင် စီးပွား ရေးပျက်ကပ်နှင့် ရင်ဆိုင်တိုးရပြန်၏။ ယင်းသို့ဖြစ် ရခြင်းကား စစ်အတွင်းနှင့် စစ်ပြီးစနှစ်များက တည်ထောင်လုပ်ကိုင်ခဲ့သော အခြေမခိုင်မြဲလှသည့် လုပ်ငန်းများကို ဂျပန်တို့သည် အခြားနိုင်ငံများ နည်းတူ ဖျက်သိမ်း ရှင်းလင်းပစ်ခြင်းမပြုသဖြင့်ဖြစ် ၏။ ၁၉၂၇ ခုနှစ်တွင် စီးပွားရေးပျက်ကပ်နှင့် တဖန် ရင်ဆိုင်ရသည့်အခါကျမှပင် ထိုကဲ့သို့သော လုပ်ငန်း များကို ရှင်းလင်းထိုက်သလောက် ရှင်းလင်းပစ်၍ စံနစ်တကျ အခြေခိုင်အောင် ငွေအင်အား မ,တည် သင့်က မ,တည်လုပ်ကိုင်လိုက်ကြ၏။


မြန်မာနိုင်ငံကဲ့သို့ လယ်ယာလုပ်ငန်း လုပ်ကိုင် သောနိုင်ငံများ၌လည်း ပထမကမ္ဘာစစ်အပြီး ၁၀ နှစ်အတွင်း စပါးဈေး၊ ဆန်ဈေးကောင်းသဖြင့် စီး ပွားရေးချောင်လည်လျက်ရှိ၏။


သို့ရာတွင် ၁၉၂၉ ခုနှစ်တွင် ကမ္ဘာ့စတော့ဈေး များ၊ အထူးသဖြင့် အမေရိကန်စတော့ဈေး အကြီး အကျယ် ပျက်ပြားခဲ့လေသည်။ လူထုစီးပွားရေး ပျက်လျှင် မိမိတို့မည်မျှပင် ကုန်ထုတ်လုပ်စေကာမူ ဝယ်အားမရှိတော့ပြီဖြစ်၍ အကျိုးမရှိမည်ကို မြင် သဖြင့် ပုံစံတူပစ္စည်းအများ ထုတ်လုပ်ရေးစံနစ် လည်း ပျက်ပြားခဲ့ရသည်။




**ဟင်နရီဖို့၏ကားအလုပ်ရုံတွင်** ပုံစံတူပစ္စည်းအများ ထုတ် လုပ်သောစံနစ်ကို (ဝဲပုံ - ဤစံနစ်ဖြင့်ဖို့ကားရုံတွင်ကားဆင် နေစဉ် အောက်မှ ကိုယ်ထည်ဘောင်တရွေ့ရွေ့ရောက်လာ သည်နှင့်တပြိုင်နက် လူထိုင်ရန်နေရာစသော အပေါ် ကိုယ် ထည်ကို ဂုံးပေါ် မှလျှောချပေးလိုက်ရာ အဆင်သင့်စောင့် နေသော အလုပ်သမားများက တပ်ဆင်ပေးကြသည်) ၁၉၁၀ ပြည့်နှစ်လောက်ကပင် စတင်တီထွင်လုပ်ကိုင်လာရာ ပထမကမ္ဘာစစ်ပြီးခေတ်တွင် ဖို့မော်တော်ကား လုပ်ငန်း သည် အကြီးဆုံးသောစီးပွားရေးလုပ်ငန်း တရပ်ဖြစ်လာ သည်။ အနှစ်နှစ်ဆယ်အတွင်း တီမော်ဒယ် ဖို့ကားပေါင်း ဆယ့်ငါးသန်းကျော် ထုတ်လုပ်နိုင်ခဲ့သည်။


**မိချီဂန်မြို့ဖလင့်အရပ်ရှိ** ချက်ဗလက် ကားအလုပ်ရုံကြီး၌လည်း(ယာပုံ - ၁၉၂၀ ပြည့်နှစ်လောက်ကကန်းဆာပလာ အသီးအသီး တပ်ဆင်ရန်စီတန်းနေသော ကားကိုယ်ထည်များကို ဤသို့တွေ့ရ၏။ ယာဖက်တန်းတွင် ကုန်တင်ကားများကိုတွေ့ရ၍ ဝဲဖက်တန်းတွင် လူစီးကားများကိုတွေ့ရမည်) ပုံစံတူပစ္စည်းအမျိုး ထုတ်လုပ်သောစံနစ်ကိုပင် အသုံးပြုကြသည်။






**ရှေ့ဆောင်သူ ၃ ဦး။** ။သောမတ် အက်ဒီဆန်၊ဟင်နရီဖို့နှင့် ဟာဗေးဖားယားစတုန်း (ဝဲပုံ - ၁၉၂၃ ခုက ထိုသုံးဦးအတူ ဓာတ်ပုံရိုက်ကူးထားစဉ်) တို့၏ကျေးဇူးကြောင့် လူထုသည် စည်းစိမ်လည်းရှိ၍ အန္တရာယ်လည်းနည်း ယာဉ်မျိုးကို စီးနိုင်ခဲ့သည်။







**လေကြောင်းဖြင့်ခရီးရှည်ပျံသန်းခြင်း။** ။ကမ္ဘာပေါ်တွင် ရှေးအကျဆုံးသော ရှိုင်ယယ်ဒတ်ချ်လေကြောင်းကုမ္ပဏီ (ကေ - အယ် - အမ်) သည် ကိုယ်ပိုင်လေယာဉ်မရှိစဉ်ကပင် ငှားရမ်း၍ အမ်စတာဒမ်မြို့မှလန်ဒန်မြို့သို့ (ဝဲပုံ - ပထမဆုံးအကြိမ်) စံနစ်တကျ ပျံသန်းခဲ့သည်။ ယင်းသို့ နိုင်ငံအချင်းချင်း အဆက်အသွယ် လုပ်ကိုင်ကောင်းမွန်မှုသည် ကမ္ဘာ့ခရီးသွားရေး တိုးတက်ရာတိုးတက်ကြောင်း တရပ်ဖြစ်သည်။ ၁၉၂၈ ခုနှစ်တွင် ပိုင်ယာယ်ဒတ်ချ်လေကြောင်းကုမ္ပဏီကပင် ဒတ်ချ်အာရှဒေသကျွန်းစုသို့ လေကြောင်းလမ်းတခုဖွင့်လှစ် (ယာပုံ) ပျံသန်းသည်။ ဤမျှရှည်လျားသော ခရီးကိုပင် ဘယ်သူကမှ မပျံသန်းသေးချေ။




**ကားမောင်းစံချိန်။** ။၃ တန်တင်ပက်ကတ်ကားကြီးသည် ၁၉၂၀ ပြည့်နှစ်၌ လော့အင်ဂျလီမြို့မှ နယူးယော့မြို့အထိ ၁၃ ရက်မောင်း၍ စံချိန်သစ်ထွင်လိုက်လေသည်။ ဝန်တင်ကားကြီးမျိုးသည် ၁၉၂၀ ပြည့်နှစ်ခန့်က ပေါ်ပေါက်လာသည်။ မကြာမီ မီးရထားများနှင့် အပြိုင်အဆိုင်ဖြစ်လာသည်။







**အမေ့ာပြေဆေး။** ။၁၉၂၀ ပြည့်နှစ်တဝိုက်တွင် အရက်ပိတ်ပင်မှုကြောင့် အရက်မပါသော ကိုကာကိုလာဖီလတ်ရည်(ဝဲပုံ - ဖီလတ်ရည်ကြော်ငြာ)ကျော်ကြားလာသည်။

**အမြောက်အမြား ကုန်ထုတ်လုပ်မှုနှင့်** တဆက်တည်းပင် အစုအပုံလိုက် ကုန်စည်ဖြန့်ချိရောင်းချသော ဆိုင်ကြီးများပေါ်လာသည်။ စားကုန်သောက်ကုန် လုပ်ငန်းမျိုးတွင် စည်သွတ်၊ ဗူးသွင်း၊ အထုပ်ထုပ်စသော နည်းများ ပေါ်ပေါက်လာကတည်းက ဤကဲ့သို့(ယာပုံ) အစုလိုက်အပုံလိုက် လက်ကားရောင်းချသော ဆိုင်ကြီးများ ပေါ်ပေါက်ခဲ့သည်။



**တကယ့်ဖြစ်စဉ်ကဲ့သို့** ရိုက်ကူးပြသနိုင်သော ရုပ်ရှင်ကို လူကြိုက်များ၏။ ၁၉၁၀ ပြည့်နှစ်လောက်တွင် ရုပ်ရှင်လုပ်ငန်းသည် (ဝဲပုံ) ကမ္ဘာ့ကုန်သွယ်စီးပွားရေးလောကတွင် ထင်ရှားသောလုပ်ငန်း တရပ်ဖြစ်လာသည်။





**ကျွန်းကိုင်းမှ ကိုင်းကျွန်းမှီဆိုသကဲ့သို့** မော်တော်ကားလုပ်ငန်းများကြီးပွားမှုကြောင့် ရေနံလုပ်ငန်းများ (အထက်ပုံ- ၁၉၂၀ ပြည့်နှစ်လောက်က ကာလီဖိုးနီးယားပြည်နယ် လောင်းဗိချ်မြို့ရှိ ဆစ်နယ်ဟေးရေနံတွင်းများ) လည်း ကြီးပွားလာသည်။


**လယ်ယာထွက်ကုန်ပိုလျှံမှု။** ။အမေရိကန်သမိုင်းတွင်ပထမဆုံးအကြိမ် ကောက်ပဲသီးနှံများ ပိုလျှံ၍ထွက်မှုကြောင့် ပထမကမ္ဘာစစ်ပြီးခေတ်တွင် အရေးကြီးသောပြဿနာတရပ် ပေါ်ပေါက်လာသည်။ ပထမကမ္ဘာစစ်အတွင်းနှင့် ပြီးခါစ ထိုထွက်ကုန်များ အလွန် လိုနေသောကြောင့် အမေရိကန်လယ်သမားများ အစွမ်းကုန်ထွန်ယက်လုပ်ကိုင်ခဲ့၏။ မကြာမီပင် ထိုထွက်ကုန်များသည် ရောင်းနိုင်သည်ထက် ပို၍ထွက်နေကြောင်းတွေ့ရသည်။ အမေရိကန်

**အစုလိုက်အပုံလိုက်** လက်ကားကုန်စည်ဖြန့်ဖြူးသည့် စနစ်တွင် ဝယ်သူကျအောင် ရောင်းနိုင်သော ကုန်ရောင်းသူများ (အထက်ယာပုံ - ခရီးသွားများအား လမ်းပေါ်၌ပင် ကုန်ဝယ်ရန်ဆွယ်ကြသည်) နှင့် ကြော်ငြာကောင်းတို့သည အရေးအကြီးဆုံးဖြစ်၏။

ကွန်ဂရက်က ယင်းပြဿနာကိုဖြေရှင်းရန် ကြိုးစားသော်လည်း ကမ္ဘာ့စီးပွားရေးကြပ်တည်းသောနှစ်များရောက်မှ သာလျှင် အရေးတယူ ဆောင်ရွက်နိုင်တော့သည်။













ကြော်ငြာကောင်းများ။ ။ရေဒီယို အသံဖမ်းစက်များ ပေါ်ပေါက်လာရာ တီထွင်ပြုလုပ်သော ကုမ္ပဏီများသည် အရောင်းတွင်ကျယ်စေရန် အနည်းနည်းဖြင့်ကြော်ငြာကြသည်။ ပျော်တော်ဆက်အနေဖြင့်၎င်း၊ ပညာဗဟုသုတသတင်းအစုံအလင်ကို ဖြန့်ချိပေးသည့်အနေဖြင့်၎င်း များဖွာအသုံးခင်၍ အဖိုးတန်ကြောင်းများကို ထည့်သွင်းရေးသားခဲ့ ကြော်ငြာလေ့ရှိကြ၏။ ၁၉၂၄ ခုနှစ်တွင် ဇင်းနစ်ရေဒီယိုများမှာ ပုံစံအကောင်းဆုံးဖြစ်ရုံမက၊ တန်ဖိုးမှာလည်း ၉၅ ဒေါ်လာမှ ၅၅၀ ဒေါ်လာအထိ အမျိုးမျိုးအစားစားရှိသည့်အပြင် ကြော်ငြာတွင်ပါသည့် အတိုင်း (ယာပုံ)ရွှေ့ပြောင်းသယ်ယူရန် လွယ်ကူသောအသေးစားစက်များကိုလည်း ၂၂၄ ဒေါ်လာနှင့် ရောင်းချလေသည်။

"ကုလားအုပ်တံဆိပ် စီးကရက်သာသောက်ရမည်ဆိုပါက ခရီးတမိုင်ဝေးသော်လည်း ခြေလျင်လျှောက်သွားမှာပါဘဲ" အစရှိသော ကြွေးကြော်သံများသည် ၁၉၂၁ ခုနှစ်မှစ၍ ခေတ်စားလာခဲ့ရာ ကုလားအုပ်တံဆိပ် စီးကရက်ကြော်ငြာစာတမ်း (ဝဲပုံ) ၏ လက်သုံးတရပ်ဖြစ်လာ၏။ လူသိမခံလိုသည့် ဆေးပညာရှင်များ၏ အကျိုးကိုမထိခိုက်စေဘဲ လူထုအားဆေးနည်းများကို ထုတ်ဖော်ကြော်ငြာပေးသော စံနစ်ပေါ်ပေါက်လာရာ၊ စက္ကစ်ဆေးကြော်ငြာတွင်(အလယ်ပုံ) ဖော်ပြပါဆေး၏ အဖိုးမဖြတ်နိုင်သောဆေးစပ်များမှာ ဆေးပညာရှင်၏ ပြောင်မြောက်သောအရည်အချင်းနှင့်ဖြူစင်သောစိတ်ထားကို ဂုဏ်ပြုလျက်ရှိ၏ဟူ၍ရေးသားထားသည်ကို တွေ့ရလေသည်။

# စီးပွားရေးကြပ်တည်းမှု

၁၉၃၀ ပြည့်နှစ်ခန့်တွင် ကမ္ဘာ့လူထုသည် စီးပွားရေးကြပ်တည်းမှုနှင့် ရင်ဆိုင်ကြရသည်။ နိုင်ငံတွင်းထွက်ကုန်များကလည်းမရောင်းရ၊ အလုပ်အကိုင်ကလည်းရှားပါး၊ ကုန်ပစ္စည်းဈေးနှုန်းကလည်း ကျဆင်း၍သာနေလေရာ အချို့နိုင်ငံများတွင် ငတ်မွတ်ခေါင်းပါးသည့် အရေးနှင့်ပင် ရင်ဆိုင်တိုးရ၏။ အမေရိကန်ပြည်ထောင်စု၌လည်း ပြည်သူလူထု မြော်လင့်ကြီးစွာဖြင့် ဝယ်ယူထားသော စတော့ဈေးများသည် ၁၉၂၉ ခုနှစ်တွင် အထူးကျဆင်းသွားသောကြောင့် နယူးယော့စတော့ လဲလှယ်ရေး

ရုံးတွင် အစုပေါင်း ၁၆ သန်းကျော်ကိုတနေ့အတွင်း လက်ကူး၍ ရောင်းကြရသည့်အခြေသို့ ဆိုက်သွားလေသည်။

စတော့များကို ကတိုက်ကရိုက်စုပုံ၍ ရောင်းချကြသဖြင့် စတော့တန်ဖိုး အဆမတန် ကျသွားလေသည်။ လွန်ခဲ့သော ခုနစ်နှစ်အတွင်း တဟုန်ထိုးတက်ခဲ့သော စတော့ လက်မှတ်ဈေးမှာ ထိုအချိန်တွင် အံ့သြလောက်အောင် ကျဆင်းသွား၏။

ရက်သတ္တ သုံးပတ်အတွင်း နယူးယောခ့်မြို့စတော့လဲလှယ်ရေးရုံးကြီးတခုတည်း၌ပင် ရှုံးသောစတော့တန်ဖိုးမှာကုဋေသုံးထောင်ကျော်ဖြစ်၏။

အမေရိကန် ပြည်ထောင်စု၌ ယင်းကဲ့သို့ စီးပွားရေးကြပ်တည်းလာခဲ့ရာ ကမ္ဘာ့နိုင်ငံ အသီးအသီးသို့ အနှံ့အပြား ကူးစက်ခဲ့လေသည်။ ၁၉၂၉ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ စက်မှုလုပ်ငန်းထုတ်လုပ်သော နိုင်ငံ ၂၄ နိုင်ငံမှ ထုတ်လုပ်သည့်အစုစု ကုန်ပစ္စည်းများ၏ ၄၆ ရာခိုင်နှုန်းကို အမေရိကန်မှ ထုတ်လုပ်သည်။ ၁၉၂၇ ခုနှစ်နှင့် ၁၉၂၈ ခုနှစ်များတွင် စက်မှုလုပ်ငန်းထုတ်လုပ်မှု၌ နိုင်ငံကြီး ၁၅ နိုင်ငံက အင်္ဂကအသုံးပြုသော ကုန်ကြမ်း ၉ မျိုးအစုစု၏ ၃၉ ရာခိုင်နှုန်းကို အမေရိကန်တနိုင်ငံတည်းက သုံးစွဲခဲ့၏။ ၁၉၂၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသည် ပြည်ပတိုင်းပြည်များမှ ဒေါ်လာသန်းပေါင်း ၇,၄၀၀ ဖိုး ဝယ်ယူသုံးစွဲခဲ့၏။ ဤသို့ဖြင့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေး လုပ်ဆောင်မှုများသည် ကမ္ဘာ့နိုင်ငံ အသီးအသီးနှင့် အလွန်ဆက်စပ်လျက်ရှိရာ အမေရိကန်စီးပွားရေး ပျက်ကပ်သည် ကမ္ဘာ့စီးပွားရေးသို့ ကူးစက်ထိခိုက်သည်မှာ အံ့သြစရာမဟုတ်ချေ။

အမေရိကန် ပြည်ထောင်စုနှင့် အပြန်အလှန်ကုန်သွယ်မှုဖြင့် စီးပွားရေး လမ်းဖြောင့်နေခဲ့ကြရသော ကမ္ဘာ့နိုင်ငံ အသီးအသီး၏ စီးပွားရေးလုပ်ငန်းများသည်လည်း အမေရိကန် စီးပွားရေးကြပ်တည်းမှုကြောင့် ကုန်ဝယ်မှု လျော့သွားသည့်အတွက် ဆုတ်ယုတ် ပျက်ပြားသွားကြရကုန်သည်။ ဆိုဗီယက်ရုရှနိုင်ငံမှအပ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးအသီးသည် အနည်းနှင့်အများဆိုသလိုပင် စီးပွားရေးကြပ်တည်းမှုနှင့် ကြုံကြရသည်။ ရုရှနိုင်ငံသည် ထိုစဉ်အခါက ထိုရှယ်လစ်နိုင်ငံ တည်ထောင်ပြီးစ ဖြစ်သည်။ ၁၉၂၈ ခုနှစ်မှစ၍ ရုရှသည် ငါးနှစ်စီမံကိန်းများချမှတ်၍ စီးပွားရေး ထူထောင်မှုကိုလုပ်ဆောင်ခဲ့ရာ ရုရှစီးပွားရေးမှာ အခြားနိုင်ငံများနှင့်စာလျှင် တနှစ်ထက်တနှစ် ယုတ်လျော့သည်မရှိ၊ တိုးတက်လာသည်ကိုသာ တွေ့ရလေသည်။

ဆိုဗီယက်ရုရှနှင့် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နိုင်ငံတို့၏ စက်မှုလုပ်ငန်းအခြေပြဇယား
(၁၉၂၉ ခုနှစ်ကို အခြေခံအဖြစ် ပြထားသည်)

| | ၁၉၂၉ | ၁၉၃၉ | ၁၉၄၆ | ၁၉၄၇ | ၁၉၄၈ | ၁၉၄၉ | ၁၉၅၀ |
|---|---|---|---|---|---|---|---|
| ဆိုဗီယက်ရုရှနိုင်ငံ | ၁၀၀ | ၅၅၂ | ၄၆၆ | ၅၇၁ | ၇၂၁ | ၈၇၀ | ၁၀၈၂ |
| အမေရိကန်ပြည်ထောင်စု | ၁၀၀ | ၉၉ | ၁၅၅ | ၁၇၅ | ၁၇၅ | ၁၆၀ | ၁၈၂ |
| ဗြိတိန်နိုင်ငံ | ၁၀၀ | ၁၂၃ | ၁၁၂ | ၁၁၈ | ၁၃၅ | ၁၄၄ | ၁၅၇ |
| ပြင်သစ်နိုင်ငံ | ၁၀၀ | ၈၀ | ၆၃ | ၈၅ | ၉၅ | ၉၂ | ၉၂ |

ယင်းသို့ ကမ္ဘာ့စီးပွားရေး ကြပ်တည်းမှုပေါ်ပေါက်စဉ် ကမ္ဘာပေါ်၌ ကောက်ပဲသီးနှံဈေးများ အဆမတန် ကျသွားသည်နှင့်အမျှ မြန်မာနိုင်ငံတွင် မြေတန်ဖိုးများ ကျသွားလေသည်။ စပါးဈေးဆန်ဈေးကောင်းစဉ်က မြေတန်ဖိုးများ အတက်ကြမ်းသလောက် စပါးဈေး ဆန်ဈေးကျသွားသောအခါ မြေတန်ဖိုး အကျကြမ်းလေသည်။ မြန်မာနိုင်ငံရှိ လယ်သမားများသည် မြေများကို ချစ်တီးများထံတွင် ပေါင်နှံ၍ လုပ်ကိုင်သူများဖြစ်ရာ မြေဈေးများကျသည့်အခါ ပေါင်ထားသော ငွေတိုးကပင် မြေဈေးထက် များနေရကား ထိုမြေယာတို့မှာ အပေါင်ဆုံးလုနီးနီး ဖြစ်နေပေတော့သည်။ တရားရုံးတော်များမှာ အခြားအလုပ်များ မလုပ်နိုင်လောက်အောင်ပင် အပေါင်ရွေးခွင့် နုတ်သိမ်းပိတ်ပင်သော အမှုများဖြင့် ပြည့်နှက်နေ၍ များစွာသောမြို့စားများမှာ အပေါင်ဆုံးသည့်တိုင်အောင် မစောင့်တော့ဘဲ မိမိတို့၏ လယ်မြေများကို မြီရှင်များလက်သို့ ထိုးအပ်ကြလေတော့သည်။ ၁၉၃၀ ပြည့်နှစ်မတိုင်မီက ၁၅ဝိ ဈေးရောင်းနေရသော စပါးများကို ၁၉၃၀ ပြည့်နှစ် စီးပွားရေးကြပ်တည်းသောခေတ်တွင် ၆ဝိ ဈေးဖြင့်သာ ရောင်းကြရတော့၏။ စပါးသစ်ကို အားကိုး၍ရောင်းရမည်အထင်နှင့် ကြိုတင် ချေးယူသုံးစွဲထားသော ဆင်းရဲသားလယ်သမားများသည် ငွေရေးကြေးရေး အခက်အခဲနှင့် ရင်ဆိုင်ကြရလေသည်။ ပြည်တွင်းထွက်ကုန်များ ဈေးကျသော်လည်း နိုင်ငံခြားမှလာသော လူသုံးကုန်ပစ္စည်းများမှာကား ဈေးပိုမိုတက်လာ သောကြောင့် ဝယ်ယူသုံးစွဲသူများသည် စပါးကိုအားထား၍အသက်မွေးနေကြသူများ ဖြစ်သဖြင့်စီးပွားရေးကြပ်တည်းမှု ဖြစ်ကြရသည်။

ဆင်းရဲသား လယ်သမားတို့မှာ လယ်ဆင်းစက ချေးယူထားသော အကြွေးငွေကို မပေးဆပ်နိုင်သဖြင့် မိမိတို့ပိုင် ပေါင်ထားသောလယ်မြေကလေးများကို ပေးအပ်လိုက်ကြရလေသည်။ ကိုယ်ပိုင်လယ်ဧက အနည်းငယ်ကိုလုပ်ကိုင်လျက် အသက်မွေးနေကြသော ဆင်းရဲသား လယ်သမားတို့ကား လယ်မဲ့ယာမဲ့ဘဝသို့ နေ့ခြင်းညခြင်း ရောက်သွားကြရသည်။ လူသုံးကုန်ပစ္စည်း ဈေးကလည်းတက်၊ ဝယ်စရာငွေလည်းမရှိသော ဆင်းရဲသားတို့မှာ အဝတ်အစားဒုက္ခ၊ အစားအသောက် ဒုက္ခများကို ကြာရှည်ရင်မဆိုင်နိုင်ကြတော့ရကား သာယာဝတီနယ်တွင် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား သူပုန်ထခြင်း၊ မြန်မာနိုင်ငံ အရပ်ရပ်တွင် ဆူပူမှုများ ပေါ်ပေါက်လာခြင်း၊ ရန်ကုန်မြို့၌ မြန်မာကူလီများက ဝမ်းရေးမအေးနိုင်သဖြင့် သူတို့၏ထမင်းလုပ်ကို လုစားနေသော ကုလားကူလီများနှင့် အဓိကရုဏ်းဖြစ်ခြင်းစသည့် ဆူပူလှုပ်ရှားမှုများ ပေါ်ပေါက်လာလေသည်။ အချို့နယ်များတွင် ငတ်မွတ်ခေါင်းပါးလွန်းသဖြင့် သစ်ရွက်ပြုတ်နှင့်ဆန်ကွဲကြိုသောက်ရ၏။ အချို့မှာမူ မင်းမရပ်နိုင်လွန်းသောကြောင့် စပါးများကို ဝင်၍လုကြ၏။ ဆန်စပါး၊ အထည်အလိပ်ပစ္စည်း ပေါပါလျက်နှင့် ငွေကြေးရှားပါးမှုကြောင့် မစားရမဝတ်ရ ဖြစ်ရရှာသောသူတို့အတွက် အစိုးရက အချို့နေရာများတွင် ကန်တူး၊ ကန်ဆည်၊ လမ်းဖောက်အလုပ်များ ရှာပေးကာ ငွေလက်ထဲရောက်အောင် လုပ်ပေးလေသည်။ ပြည်၊ ပဲခူးအစရှိသော မြို့များ၌ ပိုက်ဆံချမ်းသာသူများက ဆန်၊ ငါးပိစသည်တို့ လှူဒါန်းကြ၏။ မြန်မာနိုင်ငံ အစိုးရလခစားများပင် လခမှ ဆယ်ရာခိုင်နှုန်း အဖြတ်ခံရ၏။ စီးပွားရေးကြပ်တည်းမှုကား ကမ္ဘာ့နိုင်ငံအရပ်ရပ်ကို အတော်ပင် ချောက်ချားစေသည်။ ၁၉၃၀ - ၃၁ ခုနှစ်များ အတွင်း၌ ကမ္ဘာ့စီးပွားရေး ကြပ်တည်းမှုကြီးဖြစ်ပေါ်လာခြင်းသည် စီးပွားရေးအခြေတကျ စီစဉ်၍မရနိုင်သေးသော ဂျပန်နိုင်ငံသို့လည်း ဂယက်ရိုက်လာလေသည်။ ဤဂယက်ရိုက်မှုသည် ဂျပန် စက်မှုလုပ်

ငန်းကြီးများကို အပြောင်းအလဲ ဖြစ်စေရုံသာမက ဂျပန် စီးပွားရေးလောက တခုလုံးကိုလည်း ခြေလှမ်းပြောင်းစေလေသည်။ ၁၉၃၀ ပြည့်နှစ်မတိုင်မီအတွင်း လုပ်ငန်းအရပ်ရပ်ကို အခပေါပေါနှင့်ငှား၍ ရနိုင်သောလူအားနှင့် လုပ်ခဲ့သော်လည်း ထိုနောက်တွင်မှ စက်ကိုအားကိုး၍ လုပ်ကိုင်ကြသည်။


ကမ္ဘာ့စီးပွားရေး ကြပ်တည်းမှုကြီး ဂယက်ရိုက်လာသည်နှင့်တပြိုင်နက် ဂျပန်အစိုးရက ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှု ဝန်ကြီးဌာနအောက်တွင်စက်မှုလက်မှုထုတ်လုပ်မှုမျှတရေးဗျူရိုကိုဖွင့်လှစ်၍ စီးပွားရေးလုပ်ငန်းများကိုတိုးတက်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ နိုင်ငံတွင်းလုပ်ငန်းအရပ်ရပ်ကို ပူးပေါင်း ဆောင်ရွက်ရေးများ ပြုလုပ်သည်။၁၉၃၀-၃၁ ခုနှစ်အတွင်း ဂျပန်အစိုးရသည် စီးပွားရေးကြပ်တည်းမှုမှ လွတ်မြောက်ရေးကိုသာ အားသွန်ကြိုးပမ်း ဆောင်ရွက်လေသည်။ ထို့ကြောင့် ၁၉၃၅ ခုနှစ်တွင် စီးပွားရေး ကြပ်တည်းမှုကြီးပပျောက်သွားရုံသာမက နိုင်ငံရေးအာဏာများသည် စစ်ဖက်မှ လူစုလက်ထဲသို့ ကျရောက်နေလေသည်။ ဂျပန် စက်ရုံကြီးများသည်လည်း စစ်လက်နက်ပစ္စည်းများကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကာ စစ်ပြင်ကြ၏။ နိုင်ငံထွက် သံနှင့်ကျောက်မီးသွေးတို့ဖြင့်ပင် မလောက်နိုင်ဘဲ နိုင်ငံခြားမှ ဝယ်ယူလုပ်ကိုင်ကြ၏။ ထွက်သမျှ ကုန်ပစ္စည်းများကိုလည်း ဈေးပေါပေါနှင့် ကမ္ဘာအနှံ့အပြားသို့ ရောင်းချလိုက်ရာ ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးတွင် အာရှတိုက်နိုင်ငံများအားလုံးလို၏ အားကိုး အားထားပြုရာနိုင်ငံတနိုင်ငံဖြစ်လာသည်။ ၁၉၃၆ ခုနှစ်တွင် သံနှင့်ကျောက်မီးသွေးပေါသော မန်ချူးရီးယားနိုင်ငံကိုသိမ်းပိုက်ကာ စက်မှုလုပ်ငန်းကြီးများ တည်ထောင်လုပ်ကိုင်သည်။ သို့ဖြင့် ၁၉၄၃ ခုနှစ်တွင် ယင်းကဂျပန်၏အကြီးအကျယ်ဆုံး ထွက်ကုန်အဖြစ်ကျော်ကြားသော အထည်အလိပ် လုပ်ငန်းများပင်ပျောက်ကွယ်လုမတတ်ဖြစ်ကာ ဂျပန်သည် အမေရိကန်၊ အင်္ဂလိပ်တို့နှင့် ယှဉ်ပေါင်တန်း လိုက်နိုင်သော စက်မှုလုပ်ငန်း ထွန်းကားသည့် နိုင်ငံကြီးအဖြစ်သို့ရောက်ခဲ့လေသည်။


ဂျပန်၏ လုပ်ငန်းကြီးမှန်သမျှလိုလိုကို ကြည့်ပါမူ ချမ်းသာသောမိသားစု အနည်းငယ်လက်တွင် ရှိနေသည်ကိုတွေ့ရ၏။ ဇေဇတ်စူ၊မစ်စူအိ၊မစ်စူဗီရှိ၊ဆူမိတိုမိုအစရှိသော စီးပွားရေးသမား မိသားစုတို့ကသေတ္တာတွင်းလုပ်ငန်း၊ စက်ရုံလုပ်ငန်း၊ ရောင်းဝယ်ဖောက်ကားရေး လုပ်ငန်း၊ သတင်းစာလုပ်ငန်း၊ ဘဏ်လုပ်ငန်းတို့ကို ဦးစီးရုံမက နိုင်ငံခေါင်းများ၌လည်း ဩဇာ လွှမ်းမိုးနေသည်။ [illegible]တွင် ဒုတိယကမ္ဘာစစ် ပြီးဆုံးသွား၍ ဂျပန်နိုင်ငံအုပ်ချုပ်ရေးကိုမဟာမိတ်တို့ချုပ်ကိုင်လိုက်သောခါ ထိုမိသားစုတို့ထံမှလုပ်ငန်းများကို ခွဲထုတ်[illegible]ချပစ်စေကာ နိုင်ငံသူနိုင်ငံသား လူများစုပိုင်ဖြစ်အောင် ပြုလုပ်ပေးလိုက်၏။ စစ်နှင့်သက်ဆိုင်သောပစ္စည်းများကိုမပြုလုပ်ရန်တားမြစ်၍အထည်အလိပ်စသောစစ်သုံးမဟုတ်သည့် ပစ္စည်းများကိုသာ လုပ်ကိုင်ခွင့်ပြုလေသည်။ စစ်ကြောင့် အကြီးအကျယ်ပျက်စီးဆုံးရှုံးခဲ့ရသော လုပ်ငန်းကြီးများကိုလည်း ပြန်လည်ထူထောင်၍ လုပ်ကိုင်စေ၏။ သို့ရာတွင် လေယာဉ်ပျံလုပ်ငန်း၊ သင်္ဘောလုပ်ငန်း၊ သံနှင့်သံမဏိလုပ်ငန်းကြီးများကို ၉၀ ရာခိုင်နှုန်းခန့် ဖျက်သိမ်းပစ်ခြင်း ခံရ၏။ စစ်အပြီးတွင် မဟာမိတ်တို့က ဂျပန်တို့အား တန် ၁၅,၀၀၀,၀၀၀ ခန့် သင်္ဘောများတည်ဆောက်ခွင့် ပြုသော်လည်း သင်္ဘောကလေးများကိုသာတည်ရ၍ သင်္ဘောကြီးများတည်ခြင်းကိုပိတ်ပင်ထားလေသည်။

ငန်းကြီးများကို အပြောင်းအလဲ ဖြစ်စေရုံသာမက ဂျပန် စီးပွားရေးလောက တခုလုံးကိုလည်း ခြေလှမ်းပြောင်းစေလေသည်။ ၁၉၃၀ ပြည့်နှစ်မတိုင်မီအတွင်း လုပ်ငန်းအရပ်ရပ်ကို အခပေါပေါနှင့်ငှား၍ ရနိုင်သောလူအားနှင့် လုပ်ခဲ့သော်လည်း ထိုနောက်တွင်မှ စက်ကိုအားကိုး၍ လုပ်ကိုင်ကြသည်။

ကမ္ဘာ့စီးပွားရေး ကြပ်တည်းမှုကြီး ဂယက်ရိုက်လာသည်နှင့်တပြိုင်နက် ဂျပန်အစိုးရက ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှု ဝန်ကြီးဌာနအောက်တွင်စက်မှုလက်မှုထုတ်လုပ်မှုမျှတရေးဗျူရိုကိုဖွင့်လှစ်၍ စီးပွားရေးလုပ်ငန်းများကိုတိုးတက်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ နိုင်ငံတွင်းလုပ်ငန်းအရပ်ရပ်ကိုပူးပေါင်း ဆောင်ရွက်ရေးများ ပြုလုပ်သည်။၁၉၃၀ -၃၁ ခုနှစ်အတွင်း ဂျပန်အစိုးရသည် စီးပွားရေးကြပ်တည်းမှုမှ လွတ်မြောက်ရေးကိုသာ အားသွန်ကြိုးပမ်း ဆောင်ရွက်လေသည်။ ထို့ကြောင့် ၁၉၃၅ ခုနှစ်တွင် စီးပွားရေး ကြပ်တည်းမှုကြီးပပျောက်သွားရုံသာမက နိုင်ငံရေးအာဏာများသည် စစ်ဖက်မှ လူစုလက်ထဲသို့ ကျရောက်နေလေသည်။ ဂျပန် စက်ရုံကြီးများသည်လည်း စစ်လက်နက်ပစ္စည်းများကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကာ စစ်ပြင်ကြ၏။ နိုင်ငံထွက် သံနှင့်ကျောက်မီးသွေးတို့ဖြင့်ပင် မလောက်နိုင်ဘဲ နိုင်ငံခြားမှ ဝယ်ယူလုပ်ကိုင်ကြ၏။ ထွက်သမျှ ကုန်ပစ္စည်းများကိုလည်း ဈေးပေါပေါနှင့် ကမ္ဘာ့အနှံ့အပြားသို့ ရောင်းချလိုက်ရာ ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးတွင် အာရှတိုက်နိုင်ငံများအားလုံးလို၏ အားကိုး အားထားပြုရာနိုင်ငံတနိုင်ငံဖြစ်လာသည်။ ၁၉၃၆ ခုနှစ်တွင် သံနှင့်ကျောက်မီးသွေးပေါသော မန်ချူးရီးယားနိုင်ငံကိုသိမ်းပိုက်ကာ စက်မှုလုပ်ငန်းကြီးများ တည်ထောင်လုပ်ကိုင်သည်။ သို့ဖြင့် ၁၉၄၃ ခုနှစ်တွင် ယခင်က ဂျပန်၏အကြီးအကျယ်ဆုံး ထွက်ကုန်အဖြစ်ကျော်ကြားသော အထည်အလိပ် လုပ်ငန်းများပင်ပျောက်ကွယ်လုမတတ်ဖြစ်ကာ ဂျပန်သည် အမေရိကန်၊ အင်္ဂလိပ်တို့နှင့် ယှင်ပေါင်တန်း လိုက်နိုင်သော စက်မှုလုပ်ငန်း ထွန်းကားသည့် နိုင်ငံကြီးအဖြစ်သို့ရောက်ခဲ့လေသည်။

ဂျပန်၏ လုပ်ငန်းကြီးမှန်သမျှလိုလိုကို ကြည့်ပါမူ ချမ်းသာသောမိသားစု အနည်းငယ်လက်တွင် ရှိနေသည်ကိုတွေ့ရ၏။ ဇေဇတ်စူ၊မစ်စူအိ၊မစ်စူဘီရှိ၊ဆူမိတိုမိုအစရှိသော စီးပွားရေးသမား မိသားစုတို့ကသေတ္တာတွင်းလုပ်ငန်း၊ စက်ရုံလုပ်ငန်း၊ ရောင်းဝယ်ဖောက်ကားရေး လုပ်ငန်း၊ သတင်းစာလုပ်ငန်း၊ ဘဏ်လုပ်ငန်းတို့ကို ဦးစီးရုံမက နိုင်ငံရေးပါတီများ၌လည်း ဩဇာ လွှမ်းမိုးနေသည်။ သို့ရာတွင် ဒုတိယကမ္ဘာစစ် ပြီးဆုံးသွား၍ ဂျပန်နိုင်ငံ၏အုပ်ချုပ်ရေးကိုမဟာမိတ်တို့ချုပ်ကိုင်လိုက်သောအခါ ထိုမိသားစုတို့ထံမှလုပ်ငန်းများကို ခွဲထုတ်ရောင်းချပစ်စေကာ နိုင်ငံသူနိုင်ငံသား လူများစုပိုင်ဖြစ်အောင် ပြုလုပ်ပေးလိုက်၏။ စစ်နှင့်သက်ဆိုင်သောပစ္စည်းများကိုမပြုလုပ်ရန်တားမြစ်၍အထည်အလိပ်စသောစစ်သုံးမဟုတ်သည့် ပစ္စည်းများကိုသာ လုပ်ကိုင်ခွင့်ပြုလေသည်။ စစ်ကြောင့် အကြီးအကျယ်ပျက်စီးဆုံးရှုံးခဲ့ရသော လုပ်ငန်းကြီးများကိုလည်းပြန်လည်ထူထောင်၍ လုပ်ကိုင်စေ၏။ သို့ရာတွင်လေယာဉ်ပျံလုပ်ငန်း၊ သင်္ဘောလုပ်ငန်း၊ သံနှင့်သံမဏိလုပ်ငန်းကြီးများကို ၉၀ ရာခိုင်နှုန်းခန့် ဖျက်သိမ်းပစ်ခြင်း ခံရ၏။ စစ်အပြီးတွင် မဟာမိတ်တို့ကဂျပန်တို့အား တန် ၁၅,၀၀၀,၀၀၀ ခန့် သင်္ဘောများတည်ဆောက်ခွင့် ပြုသော်လည်း သင်္ဘောကလေးများကိုသာတည်ရ၍ သင်္ဘောကြီးများတည်ခြင်းကိုပိတ်ပင်ထားလေသည်။








**အလုပ်လက်မဲ့များသည်** စီးပွားရေး ကြပ်တည်းသည့်ခေတ်တွင် ပို၍ပေါသည်။ လူတိုင်းလိုလို အကြပ်အတည်းနှင့် ကြုံတွေ့နေရသဖြင့် တောင်းရမ်းစားသူများပင် ထမင်းဝဖို့ခဲယဉ်းလှသည်။ အထက်ပုံပါမိသားစုကဲ့သို့ အိမ်ထောင်ဦးစီး ဖခင်ကလည်းမကျန်းမာ၊ သားသမီးတို့ကလည်း လူမမယ်ဖြစ်နေသည့်အခါတွင် ယင်းအလုပ်လက်မဲ့များ၏ဘဝသည် မစဉ်းစားရဲအောင်ပင် ဖြစ်တော့သည်။

**စီးပွားရေးကြပ်တည်းမှုကြီးနှင့်** ရင်ဆိုင် တိုးနေရသည့် ကြားမှပင် လယ်ယာသမားအချို့သည် ကပ်ဘေးကြီး (အောက်ပုံ-အမေရိကန်ပြည်ထောင်စု၌ ၁၉၃၄ ခုနှစ်တွင် ဖုတ်မုန်တိုင်းကြီးတိုက်ခတ်သဖြင့် လယ်ယာများ ပျက်စီးစဉ်)နှင့် ကြုံလိုက်ကြရသေးသည်။

**ပေါင်မုန့်ဝယ်ရန်အလှည့်ကျစောင့်နေသည့်လူတန်းကြီးမျိုး** (အထက်ပုံ) မှာ စီးပွားရေး ကြပ်တည်းသည့် နှစ်များအတွင်းအမေရိကန်ပြည်ထောင်စုနယူးယော့မြို့တိုင်းစကဲ့ယား၌နေ့စဉ်တွေ့မြင်နိုင်သည်။ တခါတရံ တနေ့လုံးလိုလိုပင် တန်းစီ၍စောင့်ရ၏။ စိတ်ပျက်၍ပြန်သွားပါက ငတ်ရသာရှိမည်ဖြစ်သဖြင့် ဇွဲနှင့်စောင့်ကြရလေသည်။ ဤမျှအပြင်းအထန် စီးပွားရေး ကြပ်တည်းသော်လည်း ငတ်မွတ်၍သေဆုံးသည်ဟုကား အမေရိကန်ပြည်ထောင်စုတွင် မတွေ့ရချေ။


**သန်းပေါင်းများစွာသော** အမေရိကန် အလုပ်လက်မဲ့ဒုက္ခသည်တို့သည် ဝမ်းရေးအတွက် အလုပ်အကိုင်ရှာဖွေရန် တအိမ်သားလုံး တမြို့ဝင် တမြို့ထွက် လှည့်လည်ရှာဖွေယင်း လမ်းဘေးစား လမ်းဘေးနားကြရသည်။







ဒဗ္ဗျူ - ပီ - အေ ခေါ် လုပ်ငန်းတိုးတက်မှု အုပ်ချုပ်ရေးအဖွဲ့ဝင် အလုပ်သမားလုပ်ကိုင်ရသည့် လုပ်ငန်းများတွင် နာတာလူးပွဲတော်အခါ၌ ဆင်းရဲသည့်ကလေးသူငယ်များအား လက်ဆောင်ပေးရန် အရုပ်ဟောင်းများကို ပြင်ဆင်ရခြင်း(အထက်ပုံ)လည်း ပါဝင်သည်။ ၁၉၃၅ ခုနှစ်တွင် အမေရိကန်အစိုးရက အလုပ်လက်မဲ့ သုံးသန်းခွဲအတွက် အလုပ်ရှာပေးခဲ့၏။




**စီမံကိန်းနှင့်လုပ်ငန်းစဉ်များ။** ။နယူးဒီးခေါ် စီးပွားရေးစီမံကိန်းဖြင့် အမေရိကန်စီးပွားရေး ပျက်ပြားမှုကို ပြန်လည်ထူထောင်ရန်အတွက် ပြုလုပ်ရာ၌ ယင်းစီမံကိန်း၏ အထိမ်းအမှတ်ကား အပြာရောင် သိမ်းငှက်ဖြစ်သည်။ အင်-အာ-အေ ခေါ် အမျိုးသား ပြန်လည်ထူထောင် အုပ်ချုပ်ရေးလုပ်ငန်း၌ပါဝင်ဆောင်ရွက်နေပုံကို [illegible] ကဖော်ပြသည်။ ထိုလုပ်ငန်းတွင်စီးပွားရေးလုပ်ငန်းရှင်တို့အချင်းချင်းမျှတသော သဘောဖြင့်သာ အပြိုင်အဆိုင် ပြုလုပ်ရန်၊ အလုပ်သမားများစုပေါင်း၍အရေးဆိုနိုင်ရန် စသည်တို့အတွက် စည်းမျဉ်းများ သတ်မှတ်ခြင်းလည်း ပါဝင်သည်။ အင်-အာ-အေအကြီးအကဲ ဂျင်နရယ်ဂျွန်ဆန်က နယူးယော့မြို့အမှတ် ၅ ရိပ်သာလမ်းလျှောက်တွင် အလံကိုင်၍လှည့်လည်ခြင်းဖြင့် လုပ်ငန်းကိုစတင်ဖွင့်လှစ်သည်။




အလုပ်လက်မဲ့များ၏ပြဿနာကို ဖြေရှင်းပေးရေးအတွက် စက်ချုပ်အလုပ်သမားများသမဂ္ဂဝင်အလုပ်လက်မဲ့များက ကပွဲဖြင့် (ဝဲပုံ) ဝင်ငွေရအောင်ပြုလုပ်ကြ၏။






နယူးဒီးစိမံကိန်း၏ ပထမဆုံးသော အရေးပေါ်သက်သာချောင်ချိမှု အုပ်ချုပ်ရေးအဖွဲ့သည် ပထမအစ၌ ထောက်ပံ့ရေးလုပ်ငန်းကိုသာ လုပ်ကိုင်ခဲ့၏။ ထို့နောက်အလုပ်ကို ရှာပေး၏။ သို့ရာတွင် ၁၉၃၅ ခုနှစ်၌ လုပ်ငန်းတိုးတက်မှု အုပ်ချုပ်ရေးအဖွဲ့ ပေါ်လာသောအခါ ပျက်သွားလေသည်။ ပြည်သူ့လုပ်ငန်း အစီအစဉ်အားလုံးကို တိုးတက်ရေးအုပ်ချုပ်မှုအဖွဲ့ကတာဝန်ယူဆောင်ရွက်လိုက်သည်တွင် အသုင်ပေါ်လာသလောက် အလုပ်ခိုကပ်သူ (အထက်ပုံ) များလာသည်။


**အင် - ဝိုင် - အေ** ခေါ် အမျိုးသားလူငယ် အုပ်ချုပ်ရေးအဖွဲ့သည် လုပ်ငန်းတိုးတက်ရေး အုပ်ချုပ်မှုအဖွဲ့ အငယ်စားဖြစ်သည်။ ကျောင်းသားများအား ပညာရပ်တခုခုကို သီးသန့်သင်ကြားပေး၍ (အလယ်ပုံ) အခကြေးငွေပေးရန် ရန်ပုံငွေများထားရှိ၏။



**နယူးဒီးစီမံကိန်းများတွင်** အကျော်ကြားဆုံးသော လုပ်ငန်းကား စီ - စီ - စီ ခေါ် ရှင်းလင်းရေး အရပ်သားတပ်ဖွဲ့၏ အလုပ်များပင်ဖြစ်၏။ ဤတပ်ဖွဲ့၏ ဆောင်ရွက်မှုကြောင့် အလုပ်လက်မဲ့လူငယ် ငါးသိန်းခန့်သည် သစ်တောများတွင် အလုပ်ရကြ၏။ ထိုတပ်ဖွဲ့၏ စီမံကိန်းတွင် မြေကြီးရှင်းလင်းရေး၊ သစ်ပင်များစိုက်ပျိုးရေးနှင့် မြေရိုင်းများသို့ ရေသွင်းပေးရေးတို့ ပါဝင်လေသည်။



**ပြည်သူ့လုပ်ငန်း။** ။လူထုသုံး အလုပ်ကုမ္ပဏီများက ပြင်းထန်စွာ ကန့်ကွက်ကြသည့်ကြားမှပင် အမေရိကန်ကွန်ဂရက်အဖွဲ့က တီ-ဗီ-အေ ခေါ် တဲနက်စီမြစ်ဝှမ်းဒေသ အာဏာပိုင်အဖွဲ့ကို ၁၉၃၃ ခုနှစ်၌ ဖွဲ့စည်းရန်ပြဋ္ဌာန်းခဲ့သည်။ ၁၉၂၀ ပြည့်နှစ်ကပင် အထက်လွှတ်တော်အမတ် ဂျော့နောရစ်က တဲနက်ဆီမြစ်ရေကို ဓာတ်အားပေးရေးလုပ်ငန်းတွင် အသုံးပြုရန်နှင့် မြစ်ဖြတ်သွားသောဒေသများကို ရေမလွှမ်းမိုးနိုင်ရန် ဆောင်ရွက်ဖို့အကြံပေးဘူးသည်။ တဲနက်ဆီမြစ်ဖြတ်သွားသော ပြည်နယ်ခုနစ်နယ်အတွက် ထိုမြစ်နှင့်မြစ်လက်တက်များပေါ်တွင် ရေကာတာ ၁၆ ခု တည်ဆောက်၍ အုတ်ရစ်နှင့်မတ်ဆယ်ရှိုးလတို့ရှိ စင်လက်နက်အလုပ်ရုံကြီးကိုလည်းစေသည်။ နောရစ်အား ဂုဏ်ပြုသောအားဖြင့် အရှေ့တဲနက်ဆီပြည်နယ်ရှိ ကလင့်မြစ်ပေါ်တွင်တည်ဆောက်ထားသော ရေကာတာကို နောရစ်ရေကာတာ(အထက်ပုံ)ဟု အမည်ပေးထားသည်။ ပြည်သူ့လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့က ငွေကြေးအကုန်အကျခံ၍ အလုပ်သမားများနှင့် နေ့ရောညပါအလျင်အမြန်ဆောက်လုပ်ကြ၏။ တီ-ဗီ-အေ၏ ဆောင်ရွက်မှုကြောင့် လျှပ်စစ်ဓာတ်အားကီလိုဝတ်နှစ်သန်းခန့်ပေးနိုင်၍ အိမ်ခြေငါးသိန်းအား လျှပ်စစ်ဓာတ်မီး တပ်ဆင်ပေးနိုင်သည်။







**ဗိုလဒါကင်ညွှန်လုပ်ငန်းစဉ်ကို** အမေရိကန် ကွန်ဂရက်က ၁၉၂၈ ခုနှစ်တွင် ချမှတ်လိုက်သည်။ ကိုလိုရားဒိုးမြစ် ရေလျှံခြင်းကြောင့် မြေကေပေါင်းများစွာ ပျက်စီးရသည့်အဖြစ်မှ ကာကွယ်ရန်စီစဉ်ခြင်းဖြစ်သည်။ ထိုအစီအစဉ်အရ ဗိုလဒါရေကာတာကို (အထက်ပုံ) တည်ဆောက်ရာ ၁၉၃၆ ခုနှစ်တွင်ပြီးသည်။ ယင်းရေကာတာကို သမ္မတ ဟူးဗားအား ဂုဏ်ပြုသောအားဖြင့် ဟူးဗားရေကာတာဟုခေါ်သည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးသော ရေကာတာလည်းဖြစ်၏။ မြေကေပေါင်းများစွာကို ရေပေးသွင်းနိုင်ရုံမက လျှပ်စစ်ဓာတ်အားလည်း ပေးနိုင်သည်။

**ကမ္ဘာပေါ်တွင်လူတို့လက်ဖြင့်** ဆောက်လုပ်သည့် အကြီးဆုံးသော ပုရန်အဆောက်အအုံဖြစ်သည့်ကောင်လီရေကာ တာကြီး (ဝဲပုံ)ကို ဗွန်နီဗီမြို့အထက် မိုင် ၄၅၀ အကွာရှိ ကိုလံဘီယာမြစ်ပေါ်တွင် တည်ဆောက်ထားသည်။ ၁၉၃၃ ခုနှစ်တွင် စတင်တည်ဆောက်၍ ကိုလံဘီယာမြစ်ဝှမ်းဒေ သရှိ ကန္တာရလယ်ယာ ခြောက်သောင်းနှင့်သော မြေဧက သန်းကို ရေပေးနိုင်ခဲ့သဖြင့် ယခုအခါ လယ်ယာလုပ်ငန်း စိုက်ပျိုးရေးလုပ် ငန်းများ ဖြစ်ထွန်းလျက်ရှိသည်။

**အိန္ဒိယနိုင်ငံတွင်** ဆင်းနယ်အစရှိသော ခြောက်သွေ့၍ မြေ ဩဇာကောင်းသည့် ဒေသများ၌ လယ်ယာစိုက်ပျိုးလုပ် ကိုင်နိုင်စေရန် အိန္ဒိယအစိုးရသည် စီမံကိန်းအမျိုးမျိုးနှင့် ဆောင်ရွက်လေသည်။ ဆင်းနယ်၌ တူးမြောင်းများ ဖောက်ပြီးနောက် အိန္ဒုမြစ်ကိုဖြတ်ကာ ဆတ်ကားရေကာ တာကို ဆောက်လုပ်၍ လယ်များသို့ ရေပေးသွင်းသည်။ ဤသို့ဖြင့် လူဦးရေအခါမတန်များနေသော အိန္ဒိယနိုင်ငံ၏ ငတ်မွတ်မှုပြဿနာကို ဖြေရှင်းရန်ကြိုးစားကြသည်။




**လီနင်၏ဆိုဗီယက်ရုရှအစိုးရသည်** ၁၉၂၁ ခုနှစ်တွင် အင်-အီ-ပီ ခေါ် စီးပွားရေးဝါဒသစ်ကို စတင်အုတ်မြစ်ချလိုက်သည်။ ထိုဝါဒအရ နိုင်ငံတော်က စီးပွားရေးလုပ်ငန်းကြီး များကို ချုပ်ကိုင်ထားသော်လည်း ကျသင့်သည့်အ ကောက်ခွန်ပေးနိုင်ပါက နိုင်ငံသူနိုင်ငံသားတို့သည် ကိုယ် ပိုင်ဆိုင်၊ ကိုယ်ပိုင်စက်ရုံစသော အမြတ်ထွက်ကုန်လုပ်ငန်း များကို လုပ်ကိုင်နိုင်၏။ ထို့ကြောင့်ထွက်ကုန်များ တိုး တက်လာသည်။ သို့ရာတွင် စတာလင် တက်လာသော အခါ ထိုဝါဒသစ်ကို ခေတ္တလက်ခံကျင့်သုံးပြီးနောက်၊ နိုင်ငံ တော်၏စက်မှုလုပ်ငန်းများ အခြေကောင်းလာသည်နှင့်တ ပြိုင်နက် ၁၉၂၈ ခုနှစ်တွင် ပထမငါးနှစ်စီမံကိန်းကိုချမှတ်၍ စတင်ဆောင်ရွက်လေသည်။ ထိုစီမံကိန်းအရ တဦးချင်း လုပ်ကိုင်နေသော စက်မလက်မှုလုပ်ငန်းများကို စုပေါင်း ဖောက်ကား လုပ်ကိုင်ရေးအဖြစ် ပြောင်းလဲလိုက်၏၊ ကျောက်မီးသွေး၊ ရေနံ၊ သံ၊ သံမဏိစသော လုပ်ငန်းကြီး များအပြင် လယ်ယာလုပ်ငန်းအတွက်နှင့် လျှပ်စစ်ဓာတ် အားပေးရေး လုပ်ငန်းများအတွက် ရေကာတာကြီးများ (အောက်ပုံ-နီပါမြစ်ပေါ်၌ ဖြတ်ဆောက် ထားသော ကမ္ဘာပေါ်ရှိ အကြီးဆုံးသောရေကာတာတို့အနက် တခု အပါအဝင် ရေကာတာကြီး) ဆောက်လုပ်ပြီးစီးခဲ့သည်






**ရေယွန်ပိုးတုလုပ်ငန်းကို**(အထက်ပုံ) ဒုတိယကမ္ဘာစစ်ကြို ခေတ်အစဖြစ်သော ၁၉၃၀ ပြည့်နှစ်ခန့်တွင် ဂျပန်နိုင်ငံ သည်အကြီးကျယ်ဆုံးလုပ်ကိုင်ရောင်းချခဲ့၏။ ရေယွန်ပိုးတု လုပ်ငန်း၌သာမဟုတ်၊ အစဉ်အလာလုပ်ကိုင်ခဲ့သော ပိုး ခြည်ဝါခြည်လုပ်ငန်းများ၌လည်း ဂျပန်နိုင်ငံသည် ထင် ရှားလေသည်။




**ဂျပန်နိုင်ငံ** မော်တော်ကားစက်ရုံကြီးများ (အထက်ပုံ)၌ လည်း ပုံစံတူပစ္စည်းအမျိုး ထုတ်လုပ်ရေးစံနစ်ကို အသုံးပြု လျက်ရှိကြ၏။

**လယ်ယာလုပ်ငန်း** အကြီးအကျယ်လုပ်ကိုင်သော နိုင်ငံ များတွင် သီးနှံဖျက်ပိုးများသည် တိုင်းပြည်၏စီးပွားရေး ကိုအတော်ပင်ပျက်စီးစေခဲ့သည်။ ထိုသို့စီးပွားရေးပျက်စီး မှုမှကင်းလွတ်ရန် လယ်ယာစိုက်ပျိုးရေး သုတေသနဌာန များဖွဲ့စည်း၍ ပိုးသတ်ဆေးများကို လေယာဉ်ပေါ်မှတဖုံ (အောက်ပုံ)လယ်ကွင်းထဲ၌လယ်ထွန်စက်ကဲ့သို့သော စက် မျိုးနှင့် တနည်း လျှောက်ဖြန်းကာစီးပွားရေးကို ကာကွယ် ကြသည်။





**ဂျပန်တို့သည်စစ်အတွက်** ဒုတိယကမ္ဘာစစ်ကြိုခေတ်တွင်သ ကြီးအကျယ် ပြင်ဆင်လျက်ရှိကြသည်။ သင်္ဘောတည် ဆောက်သည့် လုပ်ငန်းတွင် အထူးသဖြင့် ကြီးကျယ်လှ သည်။ သင်္ဘောအတွက် အင်ဂျင်စက်များ ဟသိတာဘန်း ကြီး လုပ်ကိုင်နေသည်ကို ဝဲပုံတွင် တွေ့မြင်နိုင်သည်။




**ဗြိတိသျှအင်ပိုင်ယာအတွင်းရှိအကြီးကျယ်ဆုံးသော သံနှင့် သံမဏိလုပ်ငန်း။** ။တာတာသံနှင့်သံမဏိကုမ္ပဏီကိုအိန္ဒိယနိုင်ငံ ဗီဟာနယ် ဂျမ်ရှက်ပုရ်မြို့တွင် ၁၉၀၇ ခုနှစ်က စတင်တည်ထောင်လိုက်သည်။ ယင်းသို့တည်ထောင်ရန် အကြံရကာ အပတ်တကုတ်ကြိုးစားစီစဉ်သော မစ္စတာဂျေအင်တာတာကို အစွဲပြု၍ ထိုကုမ္ပဏီကို တာတာသံနှင့် သံမဏိကုမ္ပဏီဟု မှည့်ခေါ်ထားသည်။ အိန္ဒိယနိုင်ငံ စီပီနယ် ချန်ဒါဒိစတြိတ်၌ သံများတွေ့ရှိနိုင်သည်ဟူသော ဂျပန်ပါရဂူတဦး၏ အစီရင်ခံစာကို ဖတ်ရကတည်းက မစ္စတာတာတာသည် အိန္ဒိယနိုင်ငံတွင် သံနှင့်သံမဏိလုပ်ငန်းထူထောင်ရန်စိတ်ဝင်စားခဲ့ကြသည်။ သို့ရာတွင်အားပေးကူညီမည့်သူ မရှိမှုကြောင့် ထိုအကြံမှာ ခေတ္တမျှပျက်သွားခဲ့သည်။ သို့ရာတွင် မကြာမီပင် မစ္စတာတာတာသည် အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် လော့ဂျော့ဟယ်မီတန်အား သူ့အကြံကိုပြောလိုက်ရာ ဟယ်မီတန်၏အကူအညီကို ရရှိလိုက်သည်နှင့်တပြိုင်နက် အစိုးရအရာရှိပိုင်း၏အနှောင့်အယှက်အချို့ ပျောက်သွားကာ လုပ်ငန်းကို စတင်လုပ်ကိုင်နိုင်လေသည်။ ပထမသော် အမေရိကန်သတ္တုအတိုင်ပင်ခံအင်ဂျင်နီယာတဦးကိုငှားရမ်း၍ ချန်ဒါဒိစတြိတ်၌ သံနှင့် ကျောက်မီးသွေးများကိုရှာသည်။ သို့ရာတွင် ကြေနပ်လောက်အောင် မရရှိသဖြင့် ချန်ဒါဒိစတြိတ်အရှေ့ဖက်ရှိ ဒရပ်ဒေသတွင်ရှာပြန်၏။ သံအမြောက်အမြား တွေ့ရှိသော်လည်း ကျောက်မီးသွေးထွက်သည့် ဒေသနှင့် ဝေးနေသဖြင့် အခက်အခဲနှင့် တွေ့ပြန်လေသည်။ ထို့ကြောင့်ဗီဟာကျောက်မီးသွေးတွင်းများနှင့် ဒရပ်သံတွင်းများအလယ်ရှိ ဂျမ်ရှက်ပုရ်မြို့တွင် တည်ထောင်လိုက်သည်။ တာတာကုမ္ပဏီ တည်ထောင်ရာ၌ အိန္ဒိယတိုင်းရင်းသားများချည်းစုပေါင်း၍ ရင်းနှီးတည်ထောင်ကြ၏။ ၁၉၀၈ ခုနှစ်တွင်မှစက်ကြီးကိုဆောက်လုပ်၏။ ၁၉၁၁ ခုဒီဇင်ဘာလရောက်မှ သံပစ္စည်းပထမဆုံးထွက်၍ ၁၉၁၃ ခုနှစ်တွင် သံမဏိပစ္စည်း ပထမဆုံးထွက်၏။ ထိုသံနှင့်သံမဏိစက်ရုံကို ရှေးဦးမဆွ တည်ထောင်စဉ်က သံစိမ်းတန်ချိန် ၁၆၀,၀၀၀ နှင့် သံမဏိတန်ချိန် ၁၆၀,၀၀၀ ကျအောင် စီစဉ်ထား၏။ စက်ရုံကြီးမှ သံနှင့်သံမဏိပစ္စည်းများ စတင်ထွက်၍ မများမကြာမီပင် ပထမကမ္ဘာစစ်ဖြစ်ပွားရာ ထိုလုပ်ငန်းအတွက် အထူးအခွင့်အရေးရသကဲ့သို့ဖြစ်သွား၏။ အခြားနိုင်ငံမှ သံမဏိဝယ်ယူရန် ခက်ခဲသွားသဖြင့် နိုင်ငံတွင်းဝက်ရုံမှ ပိုမိုထုတ်လုပ်ရ၏။ ၁၉၁၆-၁၇ ခုနှစ်လောက်တွင် လုပ်ငန်းမှာတရှိန်တည်း တိုးတက်လာရာ သံစိမ်းတန်ချိန် ၁၄၇,၄၉၇ ခန့်ထွက်၍ သံမဏိတုံး ၁၃၉,၄၃၃ တန် ထွက်ပြီးလျှင် မီးရထား သံလမ်းများစသော သံမဏိပစ္စည်း ၉၇,၇၂၆ တန်ထွက်သည်ကိုတွေ့ရ၏။ စစ်အတွက်သံနှင့်သံမဏိပစ္စည်း အမြောက်အမြားလိုချိန်လည်းဖြစ်ရကား တာတာကုမ္ပဏီ၏လုပ်ငန်းမှာ အတော်ပင်ကြီးပွားလာသည်။

ယင်းသို့ဖြင့် တခြားပြည်ကြီးများလာရာ ဖြစ်ပြီးသည့် နောက် [illegible] နှစ်ကျော် သမိုင်းတန်ချိန် ၂၄၀,၂၃၀ [illegible] ၁၁၂,၁၀၂ တန်ထွက်လေသည်။ သို့ရာ တွင် သံနှင့်သံမဏိပစ္စည်းများသည် စစ်အတွင်းကာလနောက် ပစ်းကျိုးအောင် [illegible] ဖြစ်လာခဲ့မှုကာ ပျောက်ပီး သွေးချူးနှင့် [illegible] လည်း တက်လာလေသည်။ ယင်းသို့ [illegible] နိုင်ငံခြားမှ သံနှင့်သံမဏိပစ္စည်းများလည်း ဝင်ရောက်လာသဖြင့် အပြိုင်အဆိုင်ရောင်းရသောကြောင့် ပစ္စည်းအမျိုးကောင်းအောင် ဂရုစိုက် လုပ်ကိုင်ရသဖြင့် ဈေးလည်းအနည်းငယ်တက်သွား၏။ သို့ရာတွင် နိုင်ငံခြားမှ ဝင်ရောက်လာသော သံနှင့်သံမဏိများသည် ဈေးကျသည်ထက်ကျ၍ နေရကား နိုင်ငံတွင်းထွက် ပစ္စည်းများ ကာကွယ်ရန်နည်းကို အကောက်ဌာန ဘုတ်အဖွဲ့က အစိုးရအားအကြံပေးလိုက်ရာ အစိုးရကလက်ခံကာ သံမဏိလုပ်ငန်း ကာကွယ်ရေးအက်ဥပဒေကို အတည်ပြုလိုက်၏။ ၁၉၂၄ ခုအောက်တိုဘာလတွင် အစိုးရထံတင်ပြသောအကောက်ဌာနဘုတ်အဖွဲ့၏အကြံပေးချက်အရ နိုင်ငံခြားမှ ဝင်ရောက်လာသော သံနှင့်သံမဏိများအပေါ်၌ အကောက်နှုန်းပိုမိုသတ်မှတ်၍ ကောက်လိုက်၏။ ထို့နောက် တာတာကုမ္ပဏီအားလည်း သံစိမ်းကိုထိုအတိုင်းမရောင်းဘဲ သံမဏိအဖြစ်တတ်နိုင်သမျှ ပြုလုပ်ပြီးမှရောင်းချက အကျိုးရှိမည့်အကြောင်းကို အကောက်ဌာနဘုတ်အဖွဲ့က အကြံပေးလေသည်။ အိန္ဒိယနိုင်ငံ၌ ထိုအချိန်က သံနှင့်သံမဏိလုပ်ငန်းတွင် တာတာကုမဏီတခုသာမဟုတ်၊ ဗင်္ဂလားသံကုမ္ပဏီ၊ အိန္ဒိယသံနှင့်သံမဏိကုမ္ပဏီစသော ကုမ္ပဏီများလည်းရှိသေး၏။ သို့ရာတွင်ယင်းတို့မှာ တာတာကုမ္ပဏီလောက်မကြီးကျယ်ချေ။ ဤသို့ အစိုးရကပါ ဝင်ရောက်ဆောင်ရွက်လိုက်သဖြင့် အိန္ဒိယနိုင်ငံ သံနှင့်သံမဏိလုပ်ငန်းမှာ အတော်ပင်လုံခြုံစိတ်ချရသည့်အခြေသို့ ရောက်သွားလေသည်။ နိုင်ငံခြားမှသံနှင့် သံမဏိများဝင်မည်ကိုလည်း မစိုးရိမ်ရတော့ချေ။ နိုင်ငံအတွင်းသုံးရန် လုံလောက်ရုံသာမက၊ နိုင်ငံခြားသို့ပင် အတော်အတန် တင်ပို့ရောင်းချနိုင်လာသည်။ ဂျပန်နိုင်ငံက အိန္ဒိယမှ သံနှင့်သံမဏိတို့ကို အဝယ်ဆုံးဖြစ်သည်။ နောက်မကြာမီပင် တာတာသံနှင့်သံမဏိကုမ္ပဏီသည် ဗြိတိသျှအင်ပိုင်ယာအတွင်းရှိ သံနှင့်သံမဏိကုမ္ပဏီများအနက် အကြီးဆုံးကုမ္ပဏီကြီးဖြစ်သည့်အခြေသို့ တိုးတက်သွားလေသည်။



**လယ်ယာလုပ်ငန်း တိုးတက်အောင်** အဖျက်အဆီးတိုက်ဖျက်ရေး လုပ်ငန်းများကိုသာမဟုတ်၊ အပြုလုပ်ငန်းများကိုလည်း နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ကြသည်။ အနောက်နိုင်ငံများတွင် မိမိတို့နိုင်ငံမှ မည်သည့်ကောက်ပဲသီးနှံမျိုး မည်မျှထွက်နိုင်မည်ကို ခန့်မှန်း၍ စီးပွားရေးပြဿနာများကို တင်ကြိုဖြေရှင်း ကာကွယ်နိုင်ရန်အတွက် ကောက်ပဲသီးနှံထွက် ခန့်မှန်းစက်များကို အသုံးပြုကြ၏။ ထိုစက်တပ်ထားသည့် မော်တော်ကား (အထက်ပုံ) ကို လယ်ယာကိုင်းကျွန်းစိုက်ပျိုးရာ လမ်းတလျှောက်၌မောင်းနှင်၍စက်၌ရှိသောသက်ဆိုင်ရာ ခလုတ်ကိုနှိပ်လိုက်ခြင်းဖြင့် ထိုနှစ်အတွင်းထွက်နိုင်သည့်အနီးစပ်ဆုံးမှန်းခြေကို ရရှိနိုင်လေသည်။

**ဒုတိယကမ္ဘာစစ်အတွင်းက** ယောကျ်ားများ စစ်ထွက်နေခိုက်တွင် မိန်းမများက အစားဝင်၍လုပ်ကိုင်ရသော လုပ်ငန်းများအနက် လယ်ယာလုပ်ငန်းသည်လည်း တခုအပါအဝင်ဖြစ်၏။ ရုရှနိုင်ငံ လယ်ယာလုပ်ငန်းများ၌ လူတရာတွင် ၉၀ ယောက်ခန့် စစ်ထွက်နေသဖြင့် အမျိုးသမီးများက အစားဝင်ရောက် ဆောင်ရွက်ကြရသည်။ အမျိုးသမီးများ ကောက်နှံများကို စက်ဖြင့်နယ်နေသည်ကိုအောက်ပုံတွင်တွေ့မြင်နိုင်သည်။




ထိုလူများစုသည် အကျိုးထူးခံစားကြရ၏။ နိုင်ငံခြားသို့ ဆန်စပါး အရောင်းမသွက်သော်ငြားလည်း အကြောင်းကြောင်းကြောင့် မတင်ပို့နိုင်သော်ငြားလည်း စီးပွားရေး ကြပ်တည်းမည်သာ ဖြစ်ပေသည်။


စစ်မဖြစ်မီက ဆန်စပါး စိုက်ပျိုးသောလယ်ကေပေါင်း ၁၂ သန်းကျော်ရှိ၍ တနှစ်လျှင် ဆန်တန်ချိန် ၆ သန်းခန့်ထွက်သည့်အနက် ၃ သန်းကို နိုင်ငံခြားသို့ရောင်းချနိုင်ခဲ့သော်လည်း ၁၉၄၇-၄၈ ခုနှစ်များတွင် စိုက်ပျိုးသောကေပေါင်း ၉ သန်းမျှဖြစ်၍ ထွက်သောဆန်မှာ တန်ချိန်ငါးသန်းခွဲခန့် ရှိလျက် နိုင်ငံခြားသို့ တန်ချိန် တသန်းခွဲကျော်ကျော်သာ ထုတ်ရောင်းချနိုင်ခဲ့ပေသည်။

သို့ရာတွင် ဆန်ရောင်းဝယ်မှုကား ယခင်ဗြိတိသျှအစိုးရလက်ထက်ကကဲ့သို့ နေရှင် ကုန်သည်ကြီးများ လက်ငါးကြီးအုပ်၍ ရောင်းခြင်းမျိုး မဟုတ်တော့ဘဲ၊ ဆင်းရဲသား လယ်သမားများထံမှ အစိုးရကိုယ်တိုင် ကိုယ်စားလှယ်များ ခန့်ထားဝယ်ယူ၍ အစိုးရလုပ်ငန်းအဖြစ် တင်ပို့ရောင်းချနေသဖြင့် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ရာလုပ်ငန်းကြီး ဖြစ်လာသည်။ ၁၉၄၆-၄၇ ခုနှစ်မှစတင်၍ အစိုးရက နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့တခု စတင်ဖွဲ့စည်းပြီးနောက် ဆန်စပါးများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့လေရာ ထိုနှစ်ကပင် နိုင်ငံခြားသို့တင်ပို့သော ဆန်စပါးမှ ဝင်ငွေမှာ ကုဋေ ၂၀ ကျော်ရရှိခဲ့လေသည်။ သို့ရာတွင် ၁၉၄၈-၄၉ ခုနှစ်များတွင် ပြည်တွင်း ဆူပူမှုများကြောင့် ဆန်စပါးမရရှိသည့် အမြတ်ငွေမှာ ၁၅ ကုဋေမျှသာ ဖြစ်တော့သည်။

**လှိုင်စီယားနားရေနံချက်ရုံ။** ။စစ်ဦးကာလတွင် ဤဆီခွဲစက်သုံးခု(အောက်ပုံ) ပါဝင်သော လှိုင်စီယားနား ရေနံချက်ရုံကို တည်ဆောက်ခဲ့ရာ ရှစ်နှစ်အတွင်း ဆီစိမ်းစည်ပေါင်း ကုဋေတရာ ပို့ထွက်လာသည်။



**ကနေဒါနိုင်ငံ အယ်လဗတ်တာနယ်နှင့်** တက်ဆက်ပြည်နယ် စကာရီကောင်တီတွင် ရေနံအမြားအပြားတွေ့ရှိသည်။ အမေရိကန်ပြည်ထောင်စု တခုတည်းမှ ကမ္ဘာ့ရေနံထွက်ကုန်၏ လေးဆယ်ရာခိုင်နှုန်းထွက်လေသည်။



# စီးပွားရေးလောက၏တိုးတက်မှု

ဒုတိယကမ္ဘာစစ် အပြီးတွင် ကမ္ဘာ့လူထုသည် စီးပွားရေး ကြပ်တည်းမှုနှင့် ရင်ဆိုင်တိုးရလိမ့်မည်ဟုထင်နေကြသော်လည်း ထင်သလောက် အဆိုးနှင့်မတွေ့ရချေ။ ယင်းသို့မဖြစ်ရအောင် နိုင်ငံတိုင်းမှ အတော်ပင် ကြိုးစားကြသည်။ ၁၉၄၇ ခုနှစ်နောက်ပိုင်း၌ အများက စီးပွားရေးကြပ်တည်းမှု စလာသည်ဟုယူဆကြ၏။ စက်မှုလုပ်ငန်း ထွန်းကားသော အမေရိကန်ပြည်ထောင်စု၌ပင် ဝယ်ယူသုံးစွဲသူနည်းမှုကြောင့် လက်လီ ရောင်းချသူများက ကုန်ပစ္စည်းများ လျှော့၍မှာကြပြီးလျှင် ကုန်ထုတ်လုပ်သူများကလည်း ၁၇ ရာခိုင်နှုန်းခန့် လျှော့၍ ပြုလုပ်ကြရ၏။ စစ်အပြီးတွင် အမေရိကန် ပြည်ထောင်စု၌ အလုပ်လက်မဲ့ဦးရေ လေးသန်းအထိရှိလာသည်။ သို့သော် ဝယ်ယူသုံးစွဲသူတို့၏ ကုန်အနုတ်အသိမ်းမှာ အများထင်သလောက် တရှိန်ထိုး မယုတ်လျော့ဘဲ၊ ၅ ရာခိုင်နှုန်းခန့်သာ ကျဆင်း၍ ၁၉၄၉ ခု ဇူလိုင်လရောက်သောအခါ အမေရိကန် စီးပွားရေးမှာ ပြန်၍မြင့်တက်လာသည်။ ကမ္ဘာ့ စက်မှုလုပ်ငန်း ထွက်ကုန်ပစ္စည်းများ၏ ထက်ဝက်ကို အမေရိကန် ပြည်ထောင်စုက ထုတ်လုပ်နိုင်၏။ ကမ္ဘာ့ သံမဏိထွက်ကုန်၏ ၆၀ ရာခိုင်နှုန်းသည် အမေရိကန်ထွက်ဖြစ်၍ စစ်ပြီး မော်တော်ကားလုပ်ငန်းသည် စီးပွားရေးသမိုင်းတွင် မကြုံဘူးအောင် တိုးတက်လာသည်။

စစ်ပြီး ပြန်လည်ထူထောင်ရေးများ ပြုလုပ်ခဲ့ရာ ၁၉၅၀ ပြည့်နှစ်၌ ကမ္ဘာအရပ်ရပ်တွင် စီးပွားရေး အခြေအနေ အတော်ပင် တိုးတက်လာသည်ကိုတွေ့ရ၏။ စက်မှုလုပ်ငန်းများကိုသာမက လယ်ယာ လုပ်ငန်းများကိုပါ တိုး၍လုပ်ကိုင်နိုင်ကြသည်။လုပ်ငန်းကြီးများ တိုးတက်၍ စီးပွားရေး ကောင်းမွန်လာသလောက် အမေရိကန်၌ စတော့ဈေးလည်း တက်လာရာ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ၂၂၈.၃၈ ဈေးရှိ၏။ ကိုးရီးယားစစ်ကြောင့် စတော့တန်ဖိုး ၈ ကုဋေကျသွားပြန်သည်။

၁၉၅၄ ပြည့်နှစ်၌ မော်တော်ကားများ၊ အိမ်ယာဆောက်ပစ္စည်းများ အဝယ်အယူ များလာသည့်အလျောက် အလုပ်အကိုင် ပေါများခြင်း၊ ထွက်ကုန် ပိုမိုထုတ်လုပ်နိုင်ခြင်းတို့ကြောင့် အထူးသဖြင့် ကမ္ဘာ့စီးပွားရေးတွင် ထိပ်တန်းနိုင်ငံများ တိုးတက်ကြီးပွားလာလေသည်။

လယ်ယာစိုက်ပျိုးသော မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေကိုကြည့်မူ စစ်ဒဏ်ကို နှစ်ကြိမ်တိုင်တိုင်ခံခဲ့ရသဖြင့် စီးပွားရေး လုပ်ငန်းအတွက် ကူးသန်းသွားလာရန် လမ်းများ အတော်ပင်ပျက်စီးနေသဖြင့် စီးပွားရေးအခြေ တက်လာစေရန် ကြိုးကြိုးစားစားပင် ပြန်လည်ထူထောင်နေကြရ၏။ စစ်မဖြစ်မီက လူဦးရေ ၁၅ သန်းခန့်ရှိခဲ့ရာမှ စစ်အပြီးတွင် ၁၇ သန်းခွဲအထိ တိုးတက်လာသည်။ စားသောက်ရန် ဆန်စပါး၊ နေထိုင်ရန် မြေစသည်တို့ ပေါများ၍ စားဝတ်နေရေးအတွက် အခြားနိုင်ငံတို့ထက် လွယ်ကူသဖြင့် နိုင်ငံခြားမှ ဝင်ရောက်ခိုလှုံသူ ပေါများလာ၏။ တိုးတက်လာသောလူဦးရေအတွက် စားနပ်ရိက္ခာ ပို၍ကုန်ရပေရာ နိုင်ငံခြားသို့ ထုတ်ရောင်းမှု နည်းသွားသဖြင့် ဝင်ငွေလျော့သွား၏။ မြန်မာနိုင်ငံ၏ အဓိကကုန်မှာ ဆန်စပါးဖြစ်၏။ လူဦးရေ ၈၀ ရာခိုင်နှုန်းသည် ဆန်စပါးလုပ်ငန်း တခုတည်းအပေါ်၌ အမှီပြုနေကြရသဖြင့် ဆန်စပါးဈေးကောင်း၍ အရောင်းသွက်သလောက်







**ဝါဂွမ်းလုပ်ငန်း။** ။အမေရိကန်ပြည်ကတင်စုတောင်ပိုင်း၌စက်ဖြင့်ဝါဂွမ်းဆွတ်ခူးခြင်း၊ သန့်ခြင်း (အထက်ပုံ) တို့ကိုပြုသောကြောင့် လုပ်ငန်းပိုမိုတွင်ကျယ်လေသည်။ စစ်အပြီးတွင်စစ်မဖြစ်မီကထက် စက်ကိုပိုမိုအသုံးပြုကြ၏။

**ဂုံလျှော်နှင့်ခြည်ထည်လုပ်ငန်းသည်** (အထက်ပုံ) အိန္ဒိယနိုင်ငံလုပ်ငန်းများအနက် အကြီးကျယ်ဆုံးသော လုပ်ငန်းဖြစ်သည်။ ဘုံဘေမြို့နယ်တဝိုက်သည်ခြည်ထည်လုပ်ငန်း၏ဗဟိုအချက်အချာဖြစ်သည်။


**ကမ္ဘာ့ဆန်၏ ၉၃ ရာခိုင်နှုန်းထွက်ရာ** ဖြစ်သော အာရှတိုက်၌ပင် နိုင်ငံအမြောက်အမြား၌ စားသုံးရန်ဆန်လုံလောက်စွာမထွက်သဖြင့် ဝယ်ယူ တင်သွင်းစားသုံးကြရသည်။ လူဦးရေထူထပ်ပေါများသည့် အိန္ဒိယ၊ တရုပ်နှင့်ဂျပန်နိုင်ငံများအပြင်၊ ဗြိတိန်၊ ပြင်သစ်၊ ဟော်လန်၊ မလ္လာယု၊ သီဟိုဠ်၊အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ကျွန်းစုတို့ကဆန်ထွက်ပိုလျှံသော မြန်မာ၊ ယိုးဒယား၊ အင်ဒိုချိုင်းနား၊ ကိုးရီးယားနှင့် ဖော်မိုဆာနိုင်ငံများမှ ဝယ်ယူရသည်။ ဆန်ထွက်ပိုလျှံသော အထက်ပါငါးနိုင်ငံအနက်မြန်မာနိုင်ငံသည်ထိပ်တန်းကနေသည်။ မြန်မာနိုင်ငံမှ နှစ်စဉ်ဆန်တန်ချိန်သုံးသန်းခွဲ (အောက်ယာပုံ) တင်ပို့ရသည်။ အင်ဒိုချိုင်းနား၊ ယိုးဒယားနှင့် ကိုးရီးယားတို့ကတန်ချိန်တသန်းမှ ၁.၃ သန်းအထိတင်ပို့ရ၍ ဖော်မိုဆာကမူ ၀.၆ သန်းမျှသာတင်ပို့နိုင်သည်။ မြန်မာနိုင်ငံမှာ လယ်ယာစိုက်ပျိုးသော နိုင်ငံဖြစ်သဖြင့် (အောက်ဝဲပုံ - ကောက်စိုက်နေစဉ်) ဒုတိယကမ္ဘာစစ်မဖြစ်မီကနှစ်စဉ်ထွက်ကုန်တန်ဖိုးငွေပေါင်း ၅၀.၅၉ ကုဋေရရှိသည့်အနက်ဆန်နှင့် ဆန်ထွက်ပစ္စည်းများမှ ၂၃.၁၅ ကုဋေဖိုးရရှိလေသည်။









**အမေရိကန်အစိုးရက** ၁၉၅၀ ပြည့်နှစ် တနှစ်ထဲ၌ပင် ကုဋေ ၃၅၀ ဖိုး အိုးအိမ်များဆောက်လုပ်ပေးရန် ဥပဒေကြမ်းကိုပြဋ္ဌာန်းလိုက်ရာ အိမ်ဆောက်ပစ္စည်းများ အရောင်းရတွင်ကျယ်လာသည်။ သစ်လုပ်ငန်းများလည်း (ဝဲပုံ - ပေါင် ၁၀၀,၀၀၀ ခန့် လေးသောသစ်တုံးများကို ကုန်တင်ကားဖြင့် တင်ယူလာစဉ်) တဆက်တည်းပင် ကြီးပွားလာ



၏။ အမေရိကန်ပြည်ထောင်စု၏ သံမဏိလုပ်ငန်းသည် (ယာပုံ - သံစက်ရုံ၏အရည်ကျိုခန်း) ကမ္ဘာပေါ်တွင် အရေးကြီးသောလုပ်ငန်းတရပ်ဖြစ်သည်။ တနှစ်လျှင် သံ[illegible]ကို တန်ချိန် သန်းပေါင်း ၁၀၀ ခန့်ရရှိသည်။ ၁၉၄၉ ခုနှစ်[illegible] အမေရိကန်မပါ အခြားနိုင်ငံများမှ သံမဏိတန်ချိန် [illegible] သန်းသာထွက်လေသည်။

**ကျောက်မီးသွေးလုပ်ငန်း** ပြည်သူပိုင်လုပ်ကိုင်ရေး အက်ဥပဒေ (၁၉၄၆ ခုနှစ်) အရ ၁၉၄၇ ခုဇန္နဝါရီလ ၁ ရက်နေ့မှစ၍ ဗြိတိန်နိုင်ငံ ကျောက်မီးသွေးလုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်လိုက်လေသည်။ ပြည်သူပိုင်ပြုလုပ်သည့် အခမ်းအနားကို ထင်းမီးနှင့်ဓာတ်အားဆိုင်ရာ ဝန်ကြီးဌာနမှ ကျင်းပပေးသော်လည်း ကင့်နယ်ဗက်တစ်ဟင်ဂါတွင်းမှ ကျောက်မီးသွေးတူးသမားများသည် မိမိတို့ အလိုအလျောက်ပင် ပျော်ရွှင်စွာနှင့်ယာပုံတွင်တွေ့ရသည့်အတိုင်း ကျင်းပခဲ့ကြသည်။ ယခင်က သီးခြားပိုင်ရှင် ၇၀၀ ခန့်မျှပိုင်ဆိုင်ခဲ့သောကျောက်မီးသွေးတွင်းကြီး ၁,၅၀၀ မျှနှင့် တင်းငယ် ၄၀၀ တို့ကား ပြည်သူပိုင်ဖြစ်သွားလေပြီ။










စစ်ပြီးခေတ်ကြော်ငြာများ။ ။ဗတ်စအိုင်းတံဆိပ် ကုန်ပစ္စည်းများကိုကလေးသူငယ်များသဘောကျစေမည့် ပန်းချီလက်ရာများဖြင့် ဤသို့ (အထက်ဝဲပုံ) ကြော်ငြာခဲ့ရာ၊ နိုင်ငံတဝှန်းလုံး၌ အရောင်းတွင်ကျယ်ခဲ့လေသည်။ ဗတ်စအိုင်းခေါ် ကုန်အမှတ်တံဆိပ်ပစ္စည်းများမှာလိမ်မော်ရည်မှအစဝည်သွတ်ကြက်ကလေးသားများအထိ စားကုန်များ ပါဝင်သည်။ ဟာသဉာဏ်ရှင်သူ အီလီယော့ဝိုက်စပရင်းသည် သူ၏စပရင်းမိတ်တံဆိပ် အထည်အလိပ်များအတွက် ရုပ်ပြောင်၊ ရုပ်လှောင်များဖြင့်ကြော်ငြာရာ(အောက်ဝဲ) အယူသည်းသူများနှင့် ရှေးဆန်သူများက အပြင်းအထန်ကန့်ကွက် ကြသော်လည်း သူ၏ကုန်များကား အရောင်းရများစွာတိုးတက်တွင်ကျယ်သည်ကိုတွေ့ရ၏။ အမွှာညီအစ်မနှစ်ယောက်အနက်မည်သူသည် တိုနီဆံပင်ကောက်ဆေးကို သုံးထားပါသနည်းဟူသော မေးခွန်းစာတမ်းနှင့် ကြော်ငြာများ (အောက်အလယ်ပုံ) ကိုဒေါ်လာသန်းပေါင်းများစွာ အကုန်ခံ၍ဖြန့်ချိခဲ့သဖြင့် တိုနီ အိမ်သုံးဆံပင်ကောက်ဆေး၏ ရောင်းရန္နန်းမှာ ၆၅ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။ တီ-ဗီ ခေါ် ရုပ်မြင်သံကြားအသံဖမ်းစက်များဖြင့် မိမိအိမ်အတွင်း၌ပင်သောတရှင်များ မြင်နိုင်ကြားနိုင်စေရန် လုပ်ကိုင်ပြသနည်းကိုတီထွင်လိုက်သူမန့်အား သူရူးဟုပင်စွပ်စွဲ ပြောဆိုခဲ့ကြလေသည်။ သူ၏ရဲဝံ့စွာ ကြော်ငြာမှုကြောင့် (အထက်ယာပုံ) တနှစ်ကျော်ကာလအတွင်း၌ ဒေါ်လာတဆယ့်ရှစ်သန်းဖိုးခန့်ရောင်းရ၏။ အစိပ္ပါယ်ပါသော စာသားများဖြင့် ကြော်ငြာခြင်းမျိုးကို စီ-အင်-အိုမီးရထားကုမ္ပဏီနှင့်၊ အေ-အင်-ပီကုမ္ပဏီများမှ မီးရထားတောက်လျှောက် သွားလာခွင့်မပေးသည့်အတွက် နိုင်ထက်စီးနင်းပြုမှုနေသော အစိုးရအား အတိုက်အခံပြုရန်ပြည်သူလူထု၏ အကူအညီရရေးအတွက် ယင်းသို့ (အောက်ယာပုံ) ကြော်ငြာလေသည်။ ကြော်ငြာတွင် 'အမေရိကန်တခွင်ကိုဝက်သတ္တဝါပင်လျှင် ရထားမပြောင်းဘဲသွားလာနိုင်သည်၊ သင်တော့မသွားလာနိုင်ရှာ' ဟုရေးသားထား၏။












**တန်ဖိုးအလိုက်ဆိုရသော်** မြန်မာနိုင်ငံ ထုတ်ကုန်အားလုံး၏ လေးပုံတပုံခန့်မှာ ရေနံထွက်ပစ္စည်းများဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက ဗြိတိသျှအင်ပိုင်ယာအတွင်းတွင် မြန်မာနိုင်ငံသည် ရေနံအထွက်၌ ပထမစွဲ၍ ကမ္ဘာပေါ်တွင် ခဲအထွက်၌ ဆဋ္ဌလိုက်ကာ သံကျွတ်အထွက်တွင် ဒုတိယလိုက်သည်။ ယင်းသို့ တွင်းထွက်သေတ္တုများဖြင့် ကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း ထွက်သောသေတ္တုများကို အခြေပြုသည့်အရေးပါသော စက်မှုလုပ်ငန်းများမှာ ရေနံချက်လုပ်ငန်း (အထက်ပုံ - ရေနံချောင်းမှ ရေနံတွင်းများ) မှလွဲ၍မရှိချေ။

**ကျွန်းသစ်သည်** (ယာ့ပုံ - ကျွန်းဖောင် မျှောလိုက်စဉ်) မြန်မာနိုင်ငံထွက်ကုန်များတွင် တတိယစွဲ၏။ ကမ္ဘာပေါ်၌ မြန်မာနိုင်ငံမှအပ၊ ယိုးဒယား၊ မလ္လာယု၊ ဂျားဗား၊ အင်ဒိုချိုင်းနားနှင့် အိန္ဒိယနိုင်ငံတို့မှ ကျွန်းသစ်ထွက်သော်လည်း မြန်မာနိုင်ငံမှထွက်သည့် တန်ချိန်၏သုံးပုံတပုံမျှသာရှိသည်။ မြန်မာနိုင်ငံသစ်တောများမှ နှစ်စဉ်မှမှန်အထွက်သည် တန်ချိန် ၄၀၀,၀၀၀ မျှရှိသည်။ ကမ္ဘာပေါ်တွင်ထွက်သော ကျွန်းသစ်များအနက် ၇၅ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံမှဖြစ်သည်။



# အိုလံပစ်ကစားခုန်စားပွဲ

ကမ္ဘာကျော် အိုလံပစ် ကစားခုန်စားပွဲတော်ကြီးကို ခရစ်တော်မပေါ်မီ ဂရိယဉ်ကျေးမှုထွန်းကားသော ခေတ်မှပင် စတင်ကျင်းပခဲ့ကြသည်။ စတင်ကျင်းပစဉ်က ရှေးဂရိလူမျိုးတို့သည် သူတို့၏ ဇုနတ်မင်းကြီးအား ပူဇော်သည့်အနေနှင့် အိုလံပီယာစခန်းတွင် အိုလံပီယဒ်ခေါ် လေးနှစ်တကြိမ် ပြေးပွဲကြီးကို ဇူလိုင်လလောက်တွင် ကျင်းပကြ၏။

စတင်ကျင်းပစဉ်က ကိုက် ၂၀၀ ပြေးပွဲတခုသာ ပြုလုပ်၏။ နောက်မှသာလျှင် ပင်တာသလွန်ခေါ် ကစားပွဲငါးမျိုးဖြစ်သည့် ပြေးပွဲ၊ နပန်းပွဲ၊ ခုန်ပွဲ၊ သံပြားပစ်ပွဲနှင့် လှံရှည်ပစ်ပွဲများကို ကျင်းပ၏။ ယင်းသို့ ပူဇော်ပွဲအဖြစ်မှ နောင်တဖြည်းဖြည်း ကိုယ်လက်ကြံ့ခိုင်မှု စသည်တို့အတွက် အရေးကြီးလိုအပ်ကြောင်းကို သိမြင်လာသည်နှင့် လက်ဝှေ့ထိုးပွဲ၊ ရထားပြိုင်ပွဲစသည်တို့ကို ထည့်သွင်းယှဉ်ပြိုင်ကြ၏။ အနိုင်ရသူများကို ချီးမြှင့်သောဆုမှာ အစဉ်အလာသဘောဖြင့် ယင်းပွဲတော်ကို စတင်ခဲ့သူ ဟာကျူလီခေါ် ဟီရေးကယ်လိ စိုက်ပျိုးခဲ့သည့်သံလွင်ပင်မှသံလွင်ရွက်ခွေသရဖူ ဖြစ်သည်။



## ခေတ်သစ်အိုလံပစ်

အိုလံပစ် ကစားခုန်စားပွဲများသည် ဤသို့စတင်ပေါ်ပေါက်ခဲ့ရာမှ ယခုခေတ်၌ ကျင်းပနေကြသော ကမ္ဘာ့အိုလံပစ် ကစားခုန်စားပွဲတော်မျိုးကို ၁၈၉၆ ခုနှစ်တွင်အေသင်မြို့ရှိနေရာဟောင်း၌ပထမအကြိမ် စတင်ကျင်းပလေသည်။ ပြန်လည်စတင်သူမှာဗေရွန်ပီရီဒီကိုဗာတင်(အောက်ဝဲပုံ) ဖြစ်၏။ ကိုဗာတင်သည် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ လူမျိုးအချင်းချင်း ရင်းနှီးစေရန်နှင့် ပြေးခုန်ကစားပွဲသည် တန်ဖိုးရှိသော ပညာတရပ် ဖြစ်သည်ဟူသော ရှေးဟောင်းဂရိလူမျိုးတို့၏ အယူအဆကို နှစ်သက်သဖြင့် အားပေးရန် နိုင်ငံတိုင်းမှ ကိုယ်လက်လှုပ်ယှား ကစားအဖွဲ့များကို စည်းရုံး၍ နိုင်ငံပေါင်းစုံ အိုလံပစ်အဖွဲ့ချုပ်ကို ဖွဲ့စည်းလေသည်။ ၁၈၉၆ ခုနှစ်မှစ၍ ကျင်းပခဲ့သော ကမ္ဘာ့အိုလံပစ် ကစားခုန်စားပွဲတော်ကြီးသည် ကမ္ဘာ့စစ်ကြီးများဖြစ်ပွားစဉ် မကျင်းပနိုင်သည်မှလွဲ၍ လေးနှစ်တကြိမ် အဆက်မပြတ် ကျင်းပနိုင်ခဲ့လေသည်။

အိုလံပစ်ပြိုင်ပွဲသည် နွေရာသီ ပြိုင်ပွဲများအပြင် ဆောင်းရာသီ ပြိုင်ပွဲများကိုလည်း ကျင်းပသေးသည်။ ဆောင်းရာသီ ပြိုင်ပွဲများမှာ နွေရာသီပြိုင်ပွဲကျင်းပမည့် နှစ်မတိုင်မီ ဆောင်းရာသီတွင် သင့်လျော်သော မြို့ဒေသတို့၌ ကျင်းပလေ့ရှိသည်။ ပုံစံဆိုသော် ၁၉၄၈ ခုနှစ်တွင်ပြုလုပ်သော ၁၄ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲကြီးကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဝင်ဗဲလေအရပ် အင်ပိုင်ယာကစားပြိုင်ကွင်းကြီးတွင် ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်

# ကျန်းမာပျော်ရွှင်မှု

ခန္ဓာကိုယ်လည်း ကျန်းမာဖွံ့ဖြိုး၍ အတွင်းစိတ်ဓာတ်လည်းကြံ့ခိုင်စေသော နည်းလမ်းများအနက် အကောင်းဆုံးသောနည်းမှာ ကိုယ်လက်လှုပ်ယှားကစားခြင်းပင်ဖြစ်သည်။ ကိုယ်လက်လှုပ်ယှားကစားနည်းအမျိုးမျိုးရှိသည်။ လူမျိုးအလိုက် ကိုယ့်ဓလေ့နှင့်ကိုယ် ကစားနည်းအသီးအသီးရှိကြသည်။ တဦးချင်းကစားရသောကစားနည်းများ၊ အများနှင့်ဝိုင်း၍ကစားရသော ကစားနည်းဟူ၍ ၂ မျိုးခွဲနိုင်သည်။

ယင်းသို့သော ကစားနည်းများတွင် မိမိနိုင်ငံ၌သာ ထိပ်သီးဖြစ်သူများရှိသည့်နည်းတူ နိုင်ငံခြားများနှင့်ယှဉ်ပြိုင်ရာတွင်လည်း ဗိုလ်ဆွဲသူများရှိလေသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂,၆၀၀ လောက်က စတင်ပေါ်ပေါက်ခဲ့သော အိုလံပစ်ကစားခုန်စားပွဲများကို ၁၈၉၆ ခုနှစ်တွင် ပြန်လည်ဖော်ထုတ်ခဲ့၍ လေးနှစ်တကြိမ် ကျင်းပလာရာ စစ်ကာလများမှအပ ၁၉၀၀ မှ ၁၉၅၀ ပြည့်နှစ်အတွင်းဖြစ်သော အနှစ်ငါးဆယ်ကာလ၌ ကမ္ဘာအနှံ့တွင် ဆယ့်တကြိမ်တိုင်တိုင်ကျင်းပခဲ့နိုင်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးအသီးမှ ဝင်ရောက်ယှဉ်ပြိုင်ကြ၏။ နိုင်ငံရေးသဘောကွဲလွဲမှုများ တဦးနှင့်တဦး မည်မျှရှိနေစေကာမူ အိုလံပစ်ကစားခုန်စားပွဲကြီးသို့ကား လူမျိုးစုံပါဝင်ယှဉ်ပြိုင်ကြသည်ချည်းဖြစ်၏။ ယင်းသို့ အစစအရာရာ ခွဲခြားမှု မရှိဘဲ ယင်ပေါင်တန်းယှဉ်ပြိုင်ကစားရသော အိုလံပစ်ကစားခုန်စားပွဲကြီးကို မူတည်၍ ကမ္ဘာပေါ်ရှိ ကစားခုန်စားလောကမှ ထိပ်သီးပုဂ္ဂိုလ်ကြီးများကို ဖော်ပြသောအားဖြင့် ဤ "အနှစ်ငါးဆယ်အတွင်း လူမှုရေးရာ" စာအုပ်တွင် ကျန်းမာပျော်ရွှင်မှုအခန်းကို မှတ်တမ်းတင်အပ်ပါသတည်း။

**ပထမအကြိမ်မြောက်အိုလံပစ်။** ။အိုလံပစ်ကစားခုန်စားပွဲကြီးကို ၁၈၉၆ ခုနှစ်တွင်ဂရိနိုင်ငံ၌ စတင်ကျင်းပခဲ့သည်။ လိုနှစ်မှစ၍လေးနှစ်တကြိမ်ကျင်းပသွားရာ ၁၉၀၀ ပြည့်နှစ်တွင်ပြင်သစ်နိုင်ငံပဲရစ်မြို့၌ ဒုတိယအကြိမ်မြောက်အိုလံပစ်ပွဲကြီးကို ကျင်းပလေသည်။ ပထမအကြိမ်ကထက် ဒုတိယအကြိမ်တွင် ကစားနည်းစုံလာသည်။ တတိယအကြိမ်မြောက် အိုလံပစ်ပွဲကြီးကို ၁၉၀၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ရှီကာဂိုမြို့၌ကျင်းပရန် အစီအစဉ်ရှိသော်လည်း အကြောင်းမညီညွတ်သဖြင့် စိန့်လှီမြို့၌ကျင်းပရာ ဗြိတိန်နိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုချေ။ ၁၉၀၈ ခုနှစ်တွင် လန်ဒန်မြို့၌ကျင်းပသော အိုလံပစ်ပွဲ၌ကား လေးပစ်၊ လက်ဝှေ့၊ ရပ်ဗီဘောပွဲ၊ ဘောလုံးပွဲ၊ ဟော့ကီ၊ စကိတ်စီးပွဲ၊ တင်းနစ်ရိုက်၊ နပန်းလုံး၊ ရွက်လှေပြိုင်ပွဲစသည်ဖြင့် ကစားနည်းသစ်များ ပါဝင်ကျယ်ပြန့်လာသည်။ ၁၉၁၂ ခုနှစ်တွင် စကင်ဒီနေးဗီးယားနိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပရာ စကင်ဒီနေးဗီးယား ကစားခုန်စားသမားများ နာမည်ထွက်၍ တက်လာလေသည်။ အိုလံပစ်ကစားခုန်စားပွဲများတိုင်း၌လိုပင် အမေရိကန်တို့ ဗိုလ်စွဲနေသည်။ ၁၉၁၆ ခေါ်သည် ပထမကမ္ဘာစစ်အတွင်း၌ ဖြစ်သဖြင့် မကျင်းပဖြစ်ချေ။ ၁၉၂၀ ပြည့်နှစ်တွင်မူ ကြားနေနိုင်ငံဖြစ်ပါလျက် အကျူးကျော် ခံရသဖြင့် နစ်နာခဲ့သော ဗယ်လဂျီယံနိုင်ငံအား နှစ်သိမ့်သည့်သဘောဖြင့် ထိုနိုင်ငံ၏မြို့တော်ဖြစ်သော အင့်တဝပ်မြို့၌ ကျင်းပလေသည်။ စစ်အတွင်းကျူးကျော်သော ရန်ဖက်နိုင်ငံများအား ပါဝင်ခွင့်မပြုချေ။ ၁၉၂၄ ခုနှစ်တွင်မူ ပြင်သစ်နိုင်ငံပဲရစ်မြို့၌ကျင်းပ၍ ၁၉၂၈ ခုနှစ်တွင် ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့၌ ကျင်းပလေသည်။ ၁၉၂၈ ခုနှစ် အိုလံပစ်ပွဲတွင် အမျိုးသမီးဆိုင်ရာ ကစားနည်းများ ပထမဆုံးအကြိမ်ယှဉ်ပြိုင်ခွင့်ရသည်။ ၁၉၁၂ ခုနှစ် အိုလံပစ်ပွဲ၌ ရေကူးပြိုင်ပွဲတွင် အမျိုးသမီးများပါဝင်ခွင့်ရခဲ့သော်လည်း ယင်းကစားနည်းကား အမျိုးသမီးကစားနည်း သက်သက်မဟုတ်ချေ။ ၁၉၂၅ ခုနှစ်တွင် စတော့ဟုမ်းမြို့၌ အမျိုးသမီးများ၏ အိုလံပစ်အားကစားပွဲကို သီးသန့်ကျင်းပသည်။ ၁၉၃၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိမြို့တွင် အကြီးအကျယ် ကျင်းပသော်လည်း ၁၉၃၆ ခုနှစ်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသော အိုလံပစ်ပွဲကိုမမှီချေ။ ၁၉၃၆ ခုနှစ် အိုလံပစ်ပွဲကြီးကား စစ်ပြင်နေသောဂျာမန်တို့၏ အမျိုးသားရေးနှင့် နိုင်ငံရေးဗန်းပြအဖြစ် ဆောင်ရွက်မှုကြောင့် ကြီးကျယ်ခမ်းနားလှသည်။ ထိုနှစ်ကစားပွဲတွင် အိုလံပစ်ကစားပွဲများ၏ အစတည်ရာ အိုလံပီယာတောင်၌ နေရောင်ကို မှန်ဘီလူးဖြင့်ခံ၍ မီးတောက်အောင် ပြုပြီးနောက် အိုလံပစ်မီးတိုင်ကိုပထမဆုံးအကြိမ် မီးညှိသည်။ ယင်းမီးတိုင်ကိုလူပေါင်း ၃,၀၀၀ လက်ဆင့်ကမ်း၍ (ယာပုံ-ဂရိလူမျိုးအားကစားသမားတဦး ရိုးရာအဝတ်အစားဝတ်၍ မီးတိုင်ကိုင်ပြေးလာစဉ်) ဘာလင်မြို့ကစားကွင်းသို့ သယ်ဆောင်ထွန်းညှိလေသည်။ လမ်းတလျှောက်တွင် ဆိုဖီယာ၊ ဗဲလဂရိတ်၊ ဗူဒါပက်၊ ဗီယာနာ၊ ပရာဟာစသောမြို့များကို ဖြတ်၍ ဆောင်ယူခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် တိုကျိုမြို့၌ ကျင်းပရန် ပထမရည်ရွယ်သော်လည်း နောက်ဟယ်လစင်ကီမြို့၌ ကျင်းပရန်ဆုံးဖြတ်ခဲ့ရာတွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားသဖြင့် ထိုဆယ့်နှစ်ကြိမ်မြောက် အိုလံပစ်ပွဲကြီးကို မကျင်းပဖြစ်တော့ချေ။ ၁၉၄၄ ခုနှစ်တွင်လည်း စစ်ဖြစ်နေဆဲဖြစ်သဖြင့် မကျင်းပဖြစ်ချေ။ ဆယ့်လေးကြိမ်မြောက် အိုလံပစ်ကစားခုန်စားပွဲကို ၁၉၄၈ ခုနှစ်တွင် လန်ဒန်မြို့၌ ကျင်းပလေသည်။




လ ၁၄ ရက်နေ့ထိကျင်းပ၍၊ ထိုနှစ်အစတွင် ဆောင်းရာသီအိုလံပစ်ပွဲတော်ကို ဆွစ်ဇာလန်နိုင်ငံ စိန့်မိုးရစ်တွင် ဇန္နဝါရီလ ၃၀ ရက်မှ ဖေဖွာရီလ ၈ ရက်နေ့အတွင်း ပြုလုပ်လေသည်။

ပါဝင်ယှဉ်ပြိုင်ကြရသော ကစားနည်းများမှာ တာတိုပြေးပွဲ၊ တာဝေးပြေးပွဲ၊ ၂၆ မိုင်နှင့် ၃၈၅ ကိုက်ပြေးရသော မာရသွန်ပြေးပွဲ၊ လက်ဆင့်ကမ်းပြေးပွဲ၊ လမ်းလျှောက်ပြိုင်ပွဲ၊ ဟာဒယ်ခေါ် တန်းခုန်ပြေးပွဲ၊ ခုန်ကျော်ရသော မြင်းပြေးပွဲ၊ ဝါးလုံးထောက်ခုန်ပွဲ၊ အမြင့်ခုန်ပွဲ၊ အဝေးခုန်ပွဲ၊ သံပြားပစ်ပွဲ၊ လှံပစ်ပွဲ၊ တူပစ်ပွဲနှင့် ဒက်ကာသလွန်ခေါ် ကစားမျိုးဆယ်ပွဲကို တဦးချင်းယှဉ်ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲအမျိုးမျိုး၊ ဒိုင်ဗင်ပြိုင်ပွဲ၊ လှေပြိုင်ပွဲ၊ ရွက်လှေပြိုင်ပွဲ၊ စခန်းထောက်ရေကူးပွဲ၊ နပန်းလုံးပွဲ၊ အလေးမပြိုင်ပွဲ၊ ပင်တာသလွန်ခေါ် ကစားမျိုးငါးပွဲ၊ သေနတ်ပစ်ပြိုင်ပွဲ၊ ရေပိုလိုပွဲ၊ ဓားရေးပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲ၊ စက်ဘီးစီးပြိုင်ပွဲ၊ ဟော့ကီပြိုင်ပွဲ၊ ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ၊ ဗတ်စကက်ဘောပြိုင်ပွဲစသည်တို့မှာ နွေရာသီ ပြိုင်ပွဲအတွက်ဖြစ်၍ ဆောင်းရာသီပြိုင်ပွဲများမှာ နှင်းခဲပေါ်တွင် စကိတ်စီးပြိုင်ပွဲ၊ စကိတ်အမြန်စီးပွဲ၊ စကိတ်အလှစီးပွဲ၊ နှင်းခဲတောင်တက်ပြိုင်ပွဲ၊ စွပ်ဖားစီးပြိုင်ပွဲနှင့် နှင်းခဲများပေါ်တွင် ဟော့ကီပြိုင်ပွဲတို့ ဖြစ်ကြသည်။ အိုလံပစ်ကစားခုန်စားပွဲတွင် အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ပွဲကို ၁၉၂၈ ခုနှစ်တွင် အမ်စတာဒမ်မြို့၌ကျင်းပသော ကိုးကြိမ်မြောက်ပြိုင်ပွဲမှ စတင်လေသည်။

ကမ္ဘာ့အိုလံပစ် ပြေးခုန်ကစားပွဲကို မည်သည့်နိုင်ငံမှမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ မျိုးရိုး၊ အဆင့်အတန်း၊ အသွေးအရောင် ခွဲခြားမှုမရှိချေ။ ကစားပွဲကျင်းပရာတွင် ရှေးဟောင်း ဂရိလူမျိုးတို့၏မူကို မပျက်စိမ့်သောငှာ ခေတ်အိုလံပစ်ပွဲအဖို့ မီးရှူးတိုင်ကို ဂရိနိုင်ငံ အိုလံပစ်ပွဲကျင်းပရာဌာနမှ စတင်ထွန်းညှိပြီးလျှင် သဘော်၊ မီးရထား၊ လူလက်ဆင့်ကမ်းစသည်ဖြင့် ကျင်းပသည့်နေရာအရောက် အဆင့်ဆင့် သယ်ဆောင်ရလေသည်။ ပြိုင်ပွဲကျင်းပစဉ်ကာလအတွင်း ယင်းမီးရှူးတိုင်ကို မပြတ်မလပ် တောက်လောင်လျက်ရှိအောင် စောင့်ရှောက်၍ ပွဲပြီးမှသာ ငြိမ်းသတ်လိုက်ရ၏။ ကစားနေစဉ် လွှင့်၍ထားသော အိုလံပစ်အလံကိုလည်း ယင်းစံနစ်အတိုင်း ပြိုင်ပွဲတာဝန်ခံက အလံမြေသို့မကျစေဘဲ နောင်လာမည့် ၄ နှစ်ကာလတွင် ကျင်းပမည့်ပွဲတော်အသစ်၌ လွှင့်ထူနိုင်ရန် အလံထိန်းသိမ်းသူသို့ အခမ်းအနားဖြင့် အပ်နှင်းရလေသည်။

အဆိုပါ ကမ္ဘာ့အိုလံပစ် ကစားခုန်စားပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော နိုင်ငံသည် မိမိတို့နိုင်ငံတွင် ဆိုင်ရာအိုလံပစ်အသင်းရှိရလေသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ပြည်နယ်တနယ်အဖြစ် ရှိစဉ်က ၁၉၃၆ ခုနှစ်တွင်ဘာလင်မြို့၌ ကျင်းပသော ဆယ့်တကြိမ်မြောက်အိုလံပစ်ပွဲတွင် ပါဝင်လိုရကား ကာယဗလဦးရှိန်နှင့် ဦးဇော်ဝိတ်တို့သည် အလေးမ ၌ ဝင်ရောက်ယှဉ်ပြိုင်ကြဘူးသည်။

ကမ္ဘာ့အိုလံပစ် ကစားခုန်စားပွဲကြီးတွင် အား ကစားအမျိုးမျိုးတို့၌ ထူးချွန် အနိုင်ရရှိသော ပုဂ္ဂိုလ်များမှာ များသောအားဖြင့် ကမ္ဘာ့မြောက် ပိုင်း တိုင်းနိုင်ငံများဖြစ်သည့် အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီ၊ ဆွီဒင်၊ ဖင်လန်၊ ဂျပန်စသော နိုင်ငံများမှချည်း များနေခြင်းသည် အလွန်ထူးဆန်းသည့် အချက်တခုဖြစ်လေသည်။ ထို့ပြင် နိုင်ငံတနိုင်ငံသည် ကစားတမျိုးတွင် ထူးချွန်သော်လည်း အခြားတမျိုးတွင် ညံ့တတ်လေသည်။ ပမာဆိုသော် အင်္ဂလန်နိုင်ငံသည် တာလတ်ပြေးပွဲတွင် ဗိုလ်စွဲ၍ အမေရိကန်သည် အမြင့်ခုန်ပွဲတွင်ထူးချွန်၏။ ဆွီဒင်ကမူ သံပြားပစ်နှင့် လှံပစ်တွင် သူမတူအောင် ကျော်ကြား၍ ဖင်လန်သည် တာဝေးပြေးပွဲတွင် ဗိုလ်စွဲသည်သာများခဲ့၏။ ခုန်ကျော်ပြေးကစားနည်းတွင်မူ ဂျပန်ကို မှီသူမရှိသေးချေ။






**ဝေါလတာဂျေထြာဗစ်သည်** (အထက်ပုံ) အမေရိကန်အပျော်ထမ်းဂေါ့ချန်ပီယန်ဘွဲ့ကို ၁၉၀၀ မှ ၁၉၀၃ ခုအထိ ဆွတ်ခူးသွားသည်။ ၁၉၁၃ ခုနှစ်တွင် ဂေါ့ဝိဇ္ဇာဖရန်စစ်အိုအစ်မက်သည် ဗြိတိသျှဂေါ့ဝိဇ္ဇာများဖြစ်သော ရေးနှင့်ဗာဒွန်တို့အား အနိုင်ရလိုက်ရာ အမေရိကန်ပြည်ထောင်စုတွင် ဂေါ့ကစားနည်းကို အတော်အတန်လူကြိုက်များ၍ လိုက်စားလာကြသည်။

**နိုင်ငံအချင်းချင်း** ကစားခုန်စားပွဲများ ကျင်းပခြင်းသည် တဦးနှင့်တဦး နားလည်မှု၊ ရင်းနှီးမှုများ ပိုမိုဖြစ်ထွန်းစေသည်ကိုအစိုးရတိုင်းလိုလိုယုံကြည်ကြသည်။အထက်ဝဲပုံသုံးပုံတွင် အမေရိကန်နှင့် ဂျပန်ရင်းနှီးမှုရှိစေရန် ဂျပန်နိုင်ငံဝါဆေဒ ယူနီဗာစီတီအဖွဲ့နှင့် အမေရိကန်ဟားဗတ်ယူနီဗာစီတီအဖွဲ့တို့ ၁၉၀၅ ခုနှစ်က တိုကျိုမြို့တွင် ဂျပန်အစိုးရ၏ စီစဉ်ချက်အရ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေကြသည်ကို တွေ့ရပေမည်။

**ဗြိတိသျှရေလက်ကြားကို** ဒုတိယအကြိမ် ဖြတ်ကျော်ကူးနိုင်သူ။ ။၁၈၇၅ ခုတွင် ကက်ပတိန်မက်သယူဝက်သည် ဗြိတိသျှရေလက်ကြားကိုပထမအကြိမ် ကူးခတ်ဖြတ်ကျော်နိုင်ခဲ့၏။ သို့ရာတွင် ၁၉၁၁ ခုနှစ်ရောက်သည်တိုင်အောင် သူ့ကိုမှီသူမပေါ် ပေါက်ခဲ့ချေ။ ၁၉၁၁ ခုနှစ်ကျမှ သောမတ်ဒဗျူဗာဂက်သည် (အောက်ပုံ) အင်္ဂလန်ဖက်ကမ်းမှ ပြင်သစ်ဖက်ကမ်းသို့ ၂၂ နာရီ ၃၅ မိနစ်ဖြင့် အရောက်ဖြတ်ကူးနိုင်ခဲ့၏။




တဦးချင်း အမျိုးသမီး တင်းနစ်ရိုက်ပွဲတွင် ၂၀ ရာစုနှစ်အစက နာမည်ကျော်သူ မစ္စမျူရယ်ရော့(ယာပုံ) သည် ဘောလုံးကိုအလျင်မြန်ဆုံးနှင့် အဝေးရောက်အောင် အရိုက်နိုင်ဆုံး အမျိုးသမီးအဖြစ် ထင်ရှားသည်။ ၁၉၀၂ ခုနှစ်တွင် အမျိုးသမီးတဦးချင်း တင်းနစ်ရိုက်ပွဲ၌ ဗိုလ်စွဲခဲ့လေသည်။




**ဟဲဗီးဝိတ်တန်းလက်ဝှေ့ချန်ပီယန်များ။** ။ဂျိမ်းဂျေကော်ဗက် (အောက်ဝဲပုံ) သည် ၁၉၀၃ ခုနှစ် ဗိုလ်လုပွဲတွင် ဂျင်းဂျက်ဖရီနှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ရှုံးနိမ့်သွားခဲ့လေသည်။ ကော်ဗက်သည် ၁၈၉၂ ခုနှစ်မှ ၁၈၉၇ ခုနှစ်တိုင်အောင် ချန်ပီယန်ဘွဲ့ထူးကို ဆွတ်ခူးလာခဲ့သူဖြစ်သည်။ လက်ဝှေ့ချန်ပီယန်ကြီး ဂျွန် အယ် ဆာလဗန်ကို အနိုင်ရလိုက်သူလည်းဖြစ်၏။ သူအားဗော့ဖစ်ဇင်မွန်က ၁၄ ချီနှင့်အနိုင်ထိုးနိုင်ပြန်၍ တဖန် ဖစ်ဇင်မွန်အား ၁၈၉၉ ခုနှစ်တွင် ဂျင်း ဂျက် ဖရီးကအနိုင်ယူ အလဲထိုးကာ ဟဲဗီဝိတ်လက်ဝှေ့ချန်ပီယန်ဘွဲ့ကို တဆင့်ဆက်ခံသွားပြန်လေသည်။ ၁၉၀၅ ခုနှစ်တွင် ဂျက်ဖရီအနားယူသည်အထိ သူ့ထက်သာသူမပေါ်ခဲ့ချေ။ သူ့နောက်လက်ဝှေ့လောကတွင် ဟဲဗီးဝိတ်တန်း၌ဗိုလ်စွဲလာသူမှာတော်မီဗန်း (အောက်ယာပုံ-ဝဲလူ) ပင်ဖြစ်၏။သို့ရာတွင် ၁၉၀၈ ခုနှစ်တွင်ဩစတြေးလီးယားနိုင်ငံ၌ဗန်းအား ဂျက်ဂျွန်ဆင်က အလဲထိုး အနိုင်ယူလိုက်ပြန်သည်။ လက်ဝှေ့လောကတွင် ကပ္ပလီအမျိုးသ[illegible] ဂျက်ဂျွန်ဆင်၏ဗိုလ်ဆွဲနေမှုကိုမခံလိုသဖြင့် အနားယူနေ[illegible] ဂျင်းဂျက်ဖရီကထွက်၍ ယှဉ်ပြိုင်လိုက်ရာ ရီနိုကစား[illegible] ၁၅ ချီနှင့်ဂျက်ဖရီအား ဂျွန်ဆင် (အောက်အလယ်[illegible] အလဲထိုးကာ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယန်ဘွဲ့ကို[illegible] ပိုက်လိုက်ပြန်သည်။








**တဦးတည်းသောလမ်းလျှောက်ချန်ပီယန်။** ။ဗြိတိသျှလူမျိုးဂျီအီးလာနာ (အထက်ပုံ) သည် ၁၉၀၈ ခုနှစ် လန်ဒန်မြို့ ဝှိုက်စီတီကစားကွင်းတွင် မီတာ ၃,၅၀၀ လမ်းလျှောက်ပွဲကို ပထမဦးဆုံး အောင်ပန်းဆွတ်ခူးခဲ့သူဖြစ်သည်။ ယင်းသည့်နောက် အိုလံပစ်ကစားခုန်စားပွဲများတွင် ထိုကဲ့သို့သော လမ်းလျှောက်ပြိုင်ပွဲများမပါဝင်တော့ချေ။ ထို့ကြောင့် သူ၏ဝံချိန်ကိုချိုးမည့်သူ မပေါ်ပေါက်လာတော့သဖြင့် သူသည်သာလျှင် တဦးတည်းသောအိုလံပစ်လမ်းလျှောက်ချန်ပီယန်အဖြစ်ကျော်ကြားလေသည်။



**ကရစ်ကက်ရိုက်ထူးချွန်သောမင်းသား။** ။ရန်ဇီဟူသောအမည်ဖြင့် လူသိများသော ကုမာရ်သျှရီရန်ဇီဆင်ဇီသည် (အထက်ပုံ) ၂၀ ရာစုနှစ်အစလောက်ကပင်ထင်ရှားကျော်ကြားသော ကရစ်ကက်ရိုက်သမားဖြစ်သည်။ လွန်ကဲထူးခြားသောဝါသနာဖြင့် သူ၏ဖျတ်လတ်လျင်မြန်သော ခြေများကိုအသုံးပြုကာ ယခုခေတ်မှီနည်းသစ်တို့ကို အများတကာတို့ထက်တီထွင်ကစားလေသည်။ ကိန်းဗရစ်တက္ကသိုလ်တွင် ပါဝင်ကစားခွင့်ရရှိပြီးနောက် သူသည်ဆပ်ဆက်နယ်ကစားအသင်းသားတဦးဖြစ်ခဲ့သည်။




**ကစားနည်းအမျိုးမျိုးတွင်** ဗိုလ်စွဲသဖြင့် ၂၀ ရာစုနှစ်အစ၌ထင်ရှားသူမှာ ဂျင်းသော့ (ဝဲပုံ) ဖြစ်သည်။ ဂျင်းသော့သည် ကာလိုင်းယူနီဗာစီတီ၏ အမေရိကန်ပြည်ထောင်စုလုံးဆိုင်ရာ နာမည်ကျော်ဘောသမားဖြစ်ရုံမက ဗေ့စဗေါကစားရာ၌လည်း ကျော်ကြားလှသည်။ ၁၉၁၂ခုနှစ် အိုလံပစ်ကစားခုန်စားပွဲ၌ သော့သည် ပင်တာသလွန်ခေါ် ကစားမျိုးငါးပွဲ၌ရင်း၊ ဒက်ကာသလွန်ခေါ် ကစားမျိုးဆယ်ပွဲ၌ရင်း ဗိုလ်စွဲသဖြင့်ထင်ရှားခဲ့လေသည်။



**စတော့ဟုမ်းမြို့၌** ၁၉၁၂ ခုနှစ်က ကျင်းပသော အိုလံပစ် ကစားခုန်စားပွဲကြီး၌ နိုင်ငံအချင်းချင်း ယှဉ်ပြိုင်သော ဘောလုံးပွဲကျင်းပရာဗြိတိန်၊ဒိန်းမတ် (အထက်ပုံ) နှင့်ဟန်ဂေရီနိုင်ငံ ဘောလုံးအသင်းများသည် ဆုအတွက်အကြိတ်အနယ် ကစားကြသည်မှာ အလွန်ကြည့်၍ ကောင်းလှသည်။ နောက်ဆုံး၌ ဟန်ဂေရီဘောလုံးအသင်းက အနိုင်ရရှိလေသည်။

**မာရသွန်ပြေးပွဲ။** ။ခေတ်သစ်အိုလံပစ် ပြေးခုန်ကစားပွဲတွင်အထင်ရှားဆုံးသောကစားနည်းတမျိုးမှာ ၂၆ မိုင်နှင့် ၃၈၅ ကိုက်ပြေးရသော မာရသွန်ပြေးပွဲပင်ဖြစ်သည်။ ဤပြေးပွဲသည် ခရစ်မပေါ်မီအနှစ် ၄၉၀ လောက်က စခဲ့သည်ဟုဆိုရပေမည်။ ဂရိနှင့်ပါရှင်းလူမျိုးတို့ မာရသွန်အရပ်၌ တိုက်ပွဲဖြစ်ပွားရာမှ ပါရှင်းစစ်သည်တော်များကို အပြီးအပိုင်နှိမ်နင်းလိုက်သည်ကို ဂရိတပ်သား တဦးက မာရသွန်မှ အေသင်မြို့သို့အပြေးလာရောက်၍ "ကျွန်ုပ်တို့စစ်အောင်ပြီ" ဟူသော စကားတလုံးကို ပြောပြီးသည် အဆုံး၌ သေဆုံးသွားလေသည်။ ထိုပုဂ္ဂိုလ်အား ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့အိုလံပစ်ပွဲများတွင် မာရသွန်ပြေးပွဲများကို ထည့်သွင်းခဲ့လေသည်။ ၁၉၀၈ ခုနှစ်က လန်ဒန်မြို့၌ကျင်းပသော အိုလံပစ်ကစားခုန်စားပွဲတွင် ဝင်ဆာမှ စတင်လွှတ်လိုက်ပြီးနောက် ရှက်ဖတ်ရှိဗုရှ်ကစားကွင်းကြီးသို့ ဦးစွာ ပန်းဝင်လာနိုင်သူမှာ အီတလီလူမျိုး စားပွဲထိုးဒိုရန်ဒို(အောက်ပုံ)ဖြစ်သည်။ ထိုပြေးပွဲကို နေမြင့်ချိန်တွင် ကျင်းပရာ ဒိုရန်ဒိုမှာ ပန်းတိုင်မရောက်မီ ကိုက်အနည်းငယ် အတွင်းတွင် မူးမေ့လဲကျသွားသည်။ သို့ရာတွင် စိတ်အားထက်သန်လှသော ပရိသတ်များနှင့် ပြိုင်ပွဲအရာရှိများ၏ ကူညီမှုကြောင့် ပြီးမြောက်အောင်ပြေး၍ ပန်းဝင်နိုင်ခဲ့သည်။ သို့သော်စတီးဝပ်လူကြီးများသည် သူ့အားငြင်းပယ်ချပြီးနောက် ဒုတိယပန်းဝင်သူ အမေရိကန်လူမျိုး ဂျေ ဂျေ ဟေးအား အနိုင်ပေးလိုက်သည်။ ဟေး၏စံချိန်မှာ ၂ နာရီ ၅၅ မိနစ် ၁,၈၄ စက္ကန့်ဖြစ်၏။ ဒိုရန်ဒို၏ဇွဲသတ္တိကို ချီးကျူးသောအားဖြင့် သတ္တမဒွေ ဘုရင်၏မိဖုရားကြီး အလက်ဇန္ဒြားက ဒိုရန်ဒိုအား ရွှေ လားဆုကြီးကို ကိုယ်တိုင်ချီးမြှင့်လေသည်။






အမျိုးသမီးတဦးချင်း တင်းနစ်ရိုက်ပွဲများတွင် ၁၉၀၃ ခုနှစ်မှစ၍ ၁၉၁၉ ခုနှစ်အထိ မစ္စစ်လင်းဗတ်ချိန်းဗား (အလက်ဝဲ) သည် ဗိုလ်စွဲခဲ့သော်လည်း ၁၉၁၉ ခုနှစ်တွင် စစ်မဖြစ်မီကပင် နာမည်ကျော်လျက်ရှိသော ပြင်သစ်အမျိုးသမီး မဒမ် မိုစီဆူဇင်လန်ဂလန် (အထက်ယာ-မေရီမိဖုရားကြီးကဆုခြီးမြှင့်စဉ်) နှင့် ယှဉ်ပြိုင်ကစားရာ ရှုံးသွားလေသည်။ ၁၉၂၀ နှင့် ၁၉၂၁ ခုနှစ်များတွင် လန်ဂလန်သည် အမေရိကန်အမျိုးသမီး မစ္စစ်မာလိုရီနှင့် ဝင်ဗယ်ဒမ်ကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ အနိုင်ရပြန်သည်။ ၁၉၂၆ ခုနှစ်တွင် စီစီပိုင်းက သူအားဒေါ်လာ ၅၀,၀၀၀ ပေး၍ ငှားလိုက်သည်မှအစ ကြေးစားတင်းနစ်ရိုက်ဖြစ်သွားသည်။







အမျိုးသားတင်းနစ်ရိုက်ပွဲများတွင် ပထမကမ္ဘာစစ်ပြီးခေတ်၌ ပြင်သစ်၊ အမေရိကန်၊ ဂျပန်၊ တောင်အာဖရိက၊ ဗယ်လဂျီယံနှင့် ဩစတြေလီယနိုင်ငံများမှ နာမည်ကျော်တင်းနစ်ရိုက်ချန်ပီယန်များစွာပေါ်ပေါက်လေသည်။ ယင်းတို့အနက် ၁၉၂၄ ခုနှစ်တွင် ဗိုလ်စွဲသွားသော ဂျင်းဗိုရို့တာရား၊ ၁၉၂၅ ခုနှစ်တွင် ဗိုလ်စွဲသွားသော ရီနီလာခေ့[illegible] ဝတား (အောက်ပုံ - နှစ်ဦးအလယ်) နှင့် ၁၉၂၀ ပြည့်နှစ်မှ ၁၉၂၆ ခုနှစ်အထိ [illegible] ခုနှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးသွားသော ဝိလျံတီလဒင် ([illegible]အောက်ပုံ) တို့သည် [illegible] ဖြစ်ကြသည်။



**ဖင်လန်နိုင်ငံတွင်** ကစားခုန်စားပွဲများ၌ ပြေးပွဲများကိုလူကြိုက်များအောင်စတင်ဆောင်ရွက်သူကိုဟယ်မေနန်သည်လည်း ၁၉၁၂ ခုနှစ် အိုလံပစ်ကစားခုန်စားပွဲကြီး၌ မီတာ ၅,၀၀၀ နှင့် မီတာ ၁၀,၀၀၀ ပြေးပွဲများ၌ (အထက်ပုံ - ရှေ့ဆုံးလူ) ဗိုလ်စွဲခဲ့သည်။ ၁၉၁၂ ခုမှ ၁၉၂၈ ခုနှစ်အတွင်း တာရှည်ပြေးပွဲများ၌ ကမ္ဘာ့စံချိန်ပေါင်းများစွာ ပြုလုပ်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ် မာရသွန်ပြေးပွဲ၌လည်း အောင်ပန်းဆွတ်ခူးခဲ့သည်။


**နပန်းလုံးခြင်းကို** ၁၉၁၂ ခုနှစ်မတိုင်မီက အိုလံပစ်ကစားခုန်စားပွဲများတွင် ထည့်သွင်းယှဉ်ပြိုင်နိုင်လောက်အောင် ထင်ရှားသောကစားနည်းဟု မယူဆခဲ့ကြချေ။ ထိုနှစ်တွင် စတော့ဟုမ်းမြို့၌ကျင်းပသော အိုလံပစ်ကစားပွဲကြီး[illegible] (အောက်ဝဲပုံ - ဟဲဗီမစ်ဒဲဝိတ်တန်း နပန်းသမားများ ယှဉ်ပြိုင်စဉ်) ပထမဆုံးအကြိမ် ထည့်သွင်းယှဉ်ပြိုင်ခွင့်ပြုသည်။ အောက်ယာပုံတွင် ဒုတိယကမ္ဘာစစ်ပြီးခေတ်၌ ထင်[illegible] ဒသာ ပါကစ္စတန်နပန်းကျော် ဘိုလူးကိုတွေ့ရပေမည်








ဒွ၁မကျေမှုနှပ်ဖြစ်သည့်အဖြစ်တရပ်ပေါ်ပေါက်လာသည်။ ဒမ်မဆေဇာလက်သီးဒဏ်ကြောင့်တာနေမှာနေရာမှမထနိုင်ဘဲဖြစ်နေသဖြင့် ဒိုင်လူကြီးသည် အချိန်မှတ်နေရာမှကြားဖြတ်၍ဒမ်ဆေလဖက်သို့လှည့်ပြီးလျှင် ဒေါင့်ပြန်ကပ်နေရန် အမိန့်ပေးလိုက်သဖြင့် (စာမျက်နှာ ၇၉ အောက်ဝဲပုံ) အချိန်မှတ်ခြင်း ရပ်တန့်သွားလျက် တစ်မှစ၍ ပြန်လည်ရည်တွက် အချိန်မှတ်ရသောကြောင့် တဆယ်မပြည့်မီ တာနေမှာ အမှတ်တဆယ့်လေး တဆယ့်ငါးလောက်ရောက်မှသာ ပြန်ထနိုင်မည် ဖြစ်သည်။ ပြန်ထသည့်အချိန်မှစ၍ တာနေမှာ ဆက်တိုက်နိုင်သွားရာ ကမ္ဘာ့ဟဲဗီးဝိတ်ဗိုလ် အဖြစ်ကိုရလေသည်။ ယခင်နှစ်ကလည်း သူသည် ဒမ်မဆေကို အမှတ်ဖြင့်နိုင်ခဲ့သည်။ လက်ဝှေ့ပွဲသမိုင်းတွင် တာနေနှင့်ဒမ်မဆေနှစ်ဦးလုံးပင် ထိပ်တန်းကျသူများဖြစ်ကြသည်။ တာနေကပိုမို၍ ကျင်လျှင်ပုံရလျက် ဒမ်မဆေမှာမူ ခွန်အားဗလ ပိုမိုကောင်းမွန်သည်ကိုတွေ့ရ၏။ ဒမ်မဆေသည် ၁၉၁၉ ခုနှစ်မှစ၍ ကမ္ဘာ့ချန်ပီယန်ဘွဲ့ကိုယူထားသူဖြစ်၏။ တာနေသည်ဟီနေကုအနိုင်ရလိုက်ပြီးနောက် ၁၉၂၈ ခုနှစ်တွင် အနားယူသွားသည်အထိ သူ့အားနိုင်သူ မပေါ်ပေါက်သေးချေ။


**တာနေ** အနားယူသွားသောအခါ မတ်ရှီမလင်နှင့် ဂျက်ရှာကီနှစ်ဦးတို့သာလျှင် လက်ဝှေ့တံခွန်စိုက်ဗိုလ်ဘွဲ့ကို ယှဉ်ပြိုင်ယူကြမည့် ဦးဆောင်ပုဂ္ဂိုလ်များအဖြစ် ကျန်ရှိလေတော့၏။ ၁၉၃၀ ပြည့်နှစ်တွင် နယူးယော့မြို့၌ သူတို့နှစ်ဦးယှဉ်ပြိုင်ထိုးသတ်ကြရာ ရှီမလင်က စတုတ္ထအချီတွင် အလဲထိုး၍ ချန်ပီယန်ဘွဲ့ကို ဆွတ်ခူးသွားလေသည်။ ယင်းသို့စတုတ္ထအချီလောက်ဖြင့်အလဲထိုးကာချန်ပီယန်ဘွဲ့ရရှိသွားခြင်းမျိုးသည် ကမ္ဘာတွင်ပထမအကြိမ်ဖြစ်လေသည်။မတ်ရှီမလင်သည်ချန်ပီယန်ဘွဲ့ကို တာရှည်စွာထိန်းသိမ်းမထားနိုင်ချေ။ ၁၉၃၂ ခုနှစ်တင်သူတို့နှစ်ဦးစိတ်မကြေပွဲပြန်လည်ထိုးသတ်ကြသောအခါ (ယာအထက်ပုံ) ရှာကီကအနိုင်ရသွားလေသည်။ ထိုအချိန်လောက်၌ပင် လိမ်မာပါးနပ်လှသည့်နည်းပြဆရာတဦး၏လေ့ကျင့်သင်ကြားပေးမှုကြောင့်ထင်ရှားလာသော လူထွားကြီးပရီမိုကာနီရာ ပေါ်ပေါက်လာ၏။ သို့ဖြင့် ၁၉၃၃ ခုနှစ် ဇိုလ်လုပွဲတင် အလွန်အင်အားကြီးမားလှသော အီတလီလူမျိုး ပရီမိုကာနီရာသည်ချန်ပီယန်ရှာကီအားယာလက်သီးဖြင့် မေးရိုးဆီသို့အပေါ်မှခုတ်ထိုးကာ ဆဋ္ဌအချီတွင်အလဲထိုး အနိုင်ယူသွားလေသည်။















**ရေကူးချန်ပီယန် ဂျွန်နီဝက်စမူလာ** (အထက်ပုံ) သည် ၁၉၂၄ ခုအိုလံပစ်ကစားခုန်စားပွဲ၌ မီတာ ၁၀၀ နှင့်မီတာ ၄၀၀ ရေကူးပြိုင်ပွဲများတွင် ချန်ပီယန်ဘွဲ့ကို ဆွတ်ခူးခဲ့လေသည်။


**ကမ္ဘာ့လက်ဝှေ့ကျော်များ။** ။ဂျာစီမြို့၏ ကေသုံးဆယ်ကျယ်ဝန်းသောဗိုင်းခြံကြီး၌ ဂျက်ဒမ်မဆေနှင့်ဂျော့ဂျက်ကာပင်းတီးယားတို့၏ လက်ဝှေ့ဗိုလ်လုပွဲကြီးကို (အထက်ယာပုံ) ၁၉၂၁ ခုနှစ်တွင်ကျင်းပရာဒမ်မဆေ၏လက်သီးဒဏ်ကြောင့် ကာပင်းတီးယားသည် ပွဲဦးလောက်ကပင် အရှုံးပေးရလေသည်။ ဒမ်မဆေ၏လက်ဝှေ့သက်တမ်းတွင် အကြီးကျယ်ဆုံးသော လက်ဝှေ့သတ်ပွဲတရပ်မှာ ၁၉၂၃ ခုနှစ်တွင် နယူးယော့မြို့၌ အာဂျင်တိုင်းနယ်သား လွှစ်အင်ဂျယ်ဖာပိုနှင့် ယှဉ်ပြိုင်ထိုးသတ်ချိန်ဖြစ်၏။ ပွဲဦးတွင်ဖာပို၏ပြင်းထန်သော ယာလက်သီးသည် ဒမ်မဆေအား သိမ်းကြုံး၍ထိုးလိုက်ရာဒမ်မဆေမှာ ကြိုးဝိုင်းအပြင်ဖက်သတင်းရေးယူနေသူများပေါ်သို့ (အလယ်ပုံ) အရှိန်မသတ်နိုင်ဘဲထိုးကျသွား၏။ သူ့အားအပေါ်သို့ပြန်၍တင်ပို့လိုက်ကြပြီးလျှင်ဖာပိုအား အထိုးကောင်းလှသဖြင့်ချန်ပီယန်အဖြစ်အနိုင်ပေးသင့်ကြောင်း သတင်းထောက်များက အရေးဆိုကြသေးသည်။ သို့သော်ဒမ်မဆေသည် အနိုင်မခံအရှုံးမပေးသောသဘောဖြင့် ဒုတိယပွဲတွင် အပြင်းအထန်ထိုးသတ်လိုက်ရာ (အောက်ယာပုံ) ဖာပိုကိုအနိုင်ရလိုက်၏။ ၁၉၂၇ ခုနှစ်တွင် ရှီကာဂိုမြို့၌ကျင်းပသော ဒမ်မဆေ - တာနေဒုတိယအကြိမ် ပြန်လည်ဗိုလ်လုပွဲတွင် ပရိသတ်တို့များ












**ရှနီဒါဖလားလုပွဲ။** ။၁၉၂၇ ခုနှစ်တွင်ဗင်းနစ်မြို့၌ကျင်းပသော ရှနီဒါဖလားလုပွဲ၌ ဗြိတိသျှလူမျိုး လေကြောင်းဗိုလ်ဝက်စတာသည် တနာရီလျှင်ပျမ်းမျှခြင်း ၂၈၁ မိုင်နှုန်း (ထိုခေတ်ကအလွန်အံ့သြဖွယ်နှုန်းဖြစ်သည်) ဖြင့် ပျံသန်းကာ ဖလားရသွားလေသည်။ အထက်ပုံတွင် ဝက်စတာ၏ ရေယာဉ်ပျံအစမ်းလေ့ကျင့်ခါနီး ပြင်ဆင်နေသည်ကို တွေ့ရပေမည်။ ၁၉၂၉ နှင့် ၁၉၃၁ ခုနှစ်များတွင် ကျင်းပသော ထိုဖလားလုပွဲ၌လည်း ဗြိတိန်ကပင် ဆက်တိုက်အနိုင်ရခဲ့၏။ ထိုသုံးကြိမ်စလုံး၌ အသုံးပြုခဲ့သော ရေယာဉ်များမှာ အာဂျေမစ်ချယ်ထွင်သော ပုံစံများဖြစ်သည်။ ယင်းပုံစံသည်ပင် ယခုခေတ်ကျော်ကြားနေသော စပစ်ဖားယား လေယာဉ်ကြီး၏ အစဖြစ်သည်။ ၁၉၁၃ ခုနှစ်မှ ၁၉၃၁ ခုနှစ်အတွင်း ရှနီဒါဖလားလုပွဲကို ၁၁ ကြိမ်တိုင်တိုင် ကျင်းပရာ ဗြိတိန်ကငါးကြိမ်နိုင်လေသည်။

**ကုန်းယာဉ်နှုန်းစံချိန်တင်ခြင်း။** ။၁၉၂၇ ခုနှစ်တွင် အိပ်အို ဒီ ဆီဂရေ့သည် ဖလော်ရစ်ဒါနယ် ဒေတိုနာဗီချတွင် သူ့ကားကလေးဖြင့် တနာရီလျှင် ၂၀၃ မိုင်နှုန်းဖြင့် ကမ္ဘာ့ကုန်းယာဉ်နှုန်းစံချိန် ပြုလုပ်ခဲ့လေသည်။ ၁၉၂၈ ခုနှစ်တွင် ထိုနှုန်းကို ကင်ဗဲကချီး နိုင်လိုက်သော်လည်း ၁၉၂၉ ခုနှစ်တွင်တဖန်ဆီဂရေ့ကပင် သူ၏ဆန်းဗင်းကားဖြင့် (အထက်ယာပုံ)တနာရီလျှင် ၂၃၁ မိုင်နှုန်းဖြင့်စံချိန်ပြုကာအနိုင်ယူလိုက်ပြန်သည်။တဖန်ကင်းဗဲက ၁၉၃၁ ခုနှစ်တွင် တကြိမ်၊ ၁၉၃၂ ခုနှစ်တွင်တကြိမ်၊ ၂ ကြိမ်တိုင်တိုင်စံချိန်သစ်များထွင်ပြီးနောက် ၁၉၃၅ ခုနှစ်တွင် သူ၏နာမည်ကျော်ဗလူးဗတ်ကားကလေးကိုမောင်းကာ တနာရီလျှင် ၃၀၁ မိုင်နှုန်းဖြင့် ယခင်တကြိမ်က သူကိုယ်တိုင် တင်ထားခဲ့သော ၂၇၂ မိုင်စံချိန်ဟောင်းကို ချိုးလိုက်ပြန်သည်။





**အမဲလိုက်ခွေးအပြေးပြိုင်ပွဲ။** ။ကွင်းပြင်ပြေးပြိုင်ကစား ပွဲများတွင်အမဲလိုက်ခွေးပြေးပွဲများ (ဝဲပုံ - လန်ဒန်မြို့ ဝှိုက် စီးတီးကစားကွင်းကြီး၌ ကျင်းပနေစဉ်) ကိုလည်း ရှေး အခါသမယကပင်ပြုလုပ်ခဲ့ကြသည်။ သို့သော် စက်ယုန် ရုပ်ကို ရှေ့မှလွှတ်၍လိုက်စေခြင်းကိုကား ၁၉၂၇ ခုနှစ်မှစ၍ တီထွင်ပြုလုပ်ခဲ့ရာ လောင်းကစားဝါသနာပါသော သူတို့က များစွာနှစ်သက်ကြသည်။

ကာနီရာ၏ လက်ဝှေ့ဗိုလ်ဘဝသည်လည်း တာမရှည်ချေ။ ချန်ပီယန်ဟောင်းရှီမလင်ကို ဒသမအချီတွင် အလဲထိုးအနိုင်ယူခဲ့သဖြင့် နာမည်ကျော်လာသော မတ်ဗေယာသည် ၁၉၃၄ ခုနှစ်ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယန်ဖြစ်သူကာနီရာအား ကေဒသမအချီတွင် အလဲထိုး၍ (စာမျက်နှာ ၈၀ အလယ်ပုံ) အနိုင်ယူလေသည်။ သို့သော်လည်းမကြာမီပင် ဂျိုလွီသည် ကမ္ဘာ့လက်ဝှေ့လောကဟဲဗီးဝိတ်တန်းကို လွှမ်းမိုးစပြုလာလေပြီ။ ယန်ကီအားကစားရုံကြီးတွင် ပရိသတ်ခုနစ်သောင်းကျော်ရှေ့၌ ကာနီရာကို ဆဋ္ဌအချီတွင် အလဲထိုးလိုက်ခြင်းဖြင့် (စာမျက် ၈၀ အောက်ပုံ) ဂျိုသည် လက်ဝှေ့လောကတွင် အထွတ်အထိပ် ရောက်လာလေသည်။ ကမ္ဘာ့ လက်ဝှေ့လောက ဟဲဗီးဝိတ်တန်း၏ အခြေအနေသည် အလျင်အမြန်ပြောင်းလဲစပြုလာ၏။ ကျွမ်းကျင်သော အကဲခတ်သမားများက လက်ဝှေ့လောကကို စွန့်သွားပြီဟု တခါက ထင်မှတ်နေသော ဗရက်ဒေါက်သည် ၁၉၃၅ ခုနှစ်တွင် လက်ဝှေ့လောကသို့ အံ့သြဖွယ်ရာပြန်လည်ဝင်ရောက်လာ၍ မတ်ဗေယာနှင့်ယှဉ်ပြိုင်ထိုးသတ်ရာ ဗေယာအား ၁၅ ချီနှင့်အလဲထိုး၍ ချန်ပီယန်ဘွဲ့ကိုဆွတ်ခူးလိုက်ပြန်သည်။ ဂျိုလွီသည်လည်း အံ့ခမန်းဆက်လက်တိုးတက် ကျော်ကြားလာ၏။ သူနှင့်ယှဉ်ပြိုင်ထိုးသတ်မိသူမှန်သမျှသည် များသောအားဖြင့် အသေအလဲထိုးတတ်သောသူနှင့် သူ့ဆရာလက်ဗန်းတို့က အလဲထိုး၍ပွဲသိမ်းရန် ဆုံးဖြတ်ထားသည်နှင့်ကြုံသည့်အခါတိုင်း အသေအလဲခံရသည်အထိဖြစ်အောင်အထိုးခံကြရ၏။ ၁၉၃၅ ခုနှစ် စက်တင်ဘာလတွင် မတ်ဗေယာသည် စတုတ္ထအချီတွင် အလဲထိုးခံလိုက်ရ၏။ ဂျိုလွီနှင့်ယှဉ်ပြိုင် ထိုးသတ်ကြရသူများသည် ဂျို၏သေလောက်သော လက်သီးချက်မှ လေဟပ်ရုံမျှဖြင့် ရုံဖန်ရံခါလွင့်စင့်ကျတတ်သည်။ ၁၉၃၆ ခုနှစ်တွင် မတ်ရှီမလင်နှင့် မထိုးသတ်ရမီကာလတွင်း၌ကား ဂျိုလွီသည်ပြိုင်ဖက်မရှိသောလက်ဝှေ့ကျော်ကြီးဟု ထင်မှတ်ကြပေသည်။ ရှီမလင်သည် သူ၏ပြင်းထန်လှသော ယာလက်သီးချက်ဖြင့် ဂျိုလွီခုခံရာတွင် လစ်လပ်နေသည့် ခန္ဓာကိုယ်အစိတ်အပိုင်းတို့ကိုအချိန်ရသမျှ ဆက်ကာဆက်ကာ အခွင့်အရေးယူ၍ ထိုးလိုက်သဖြင့် ၁၂ ချီအပြီး၌ (အထက်ပုံ) ဂျိုလွီသည်လဲကျသွားရလေသည်။ဂျိုလွီသည် ရှီမလင်အားဤသို့ အရှုံးခံလိုက်ရ၍ ခေတ္တမျှသာနာမည်မှိန်သွားသော်လည်း ယင်းသို့ အရှုံးခံလိုက်ရခြင်းသည်ပင် သူ့အားပိုမို တိုးတက်လာ



အောင် အရှိန်လုပ်ပေးသကဲ့သို့ ရှိလေသည်။ လွီအား သူ၏မှန်းထားသော ချန်ပီယန်ဘွဲ့ထူးအတွက် အထူးပင် အနှောင့်အယှက် ပြုလိုက်သည့်ပွဲမှာ ဂျာစီမြို့၌ဂျိုဝေါလကော့ (အောက်ပုံ) နှင့် ယှဉ်ပြိုင်ကစားရသော ပထမ ဗိုလ်လုပွဲပင်ဖြစ်၏။ ထိုပွဲ၌ ဂျိုသည် ဝေါလကော့အား အရှုံးပေးလိုက်ရလေသည်။ သို့ရာတွင် စိတ်မကြေ သောဂျိုသည် ဝေါလကော့နှင့် ၁၉၄၈ ခုဇွန်လ ၂၅ ရက် နေ့တွင် ဒုတိယအကြိမ်ယှဉ်ပြိုင်ကစားပြန်ရာဝေါလကော့ အားဗယ်ပြန်ညာပြန်အားသွန်၍ မထနိုင်အောင်ထိုးလိုက် ခြင်းဖြင့် ပထမအကြိမ်က အရှုံးခံလိုက်ရသောအသရေကို ပြန်လည်ဆယ်ယူလိုက်၏။






**အိုလံပစ်စံချိန်သုံးမျိုးကို** အမေရိကန်ကစားခုန်စားသမား ဂျက်စီအိုဝင်သည်(အောက်ဝဲပုံ) ၁၉၃၆ ခုနှစ် ဘာလင် အိုလံပစ်ကစားခုန်စားပွဲကြီးတွင် မီတာ ၁၀၀ ပြေးပွဲ၊မီတာ ၂၀၀ ပြေးပွဲနှင့် အလျားခုန်ပွဲတို့တွင်ဗိုလ်စွဲရုံသာမက အနိုင်ရသောအလံကိုင် လက်ဆင့်ကမ်းပြေးပွဲ အဖွဲ့ဝင်တဦးလည်းဖြစ်သည်။

**ဟော့ကီကစားခြင်းသည်** ၁၉၀၈ ခုနှစ် အိုလံပစ်ကစား
ခုန်စားပွဲကျမှ ပါဝင်လေသည်။ ထိုနှစ်တွင် ဗြိတိန်နိုင်ငံမှ
အနိုင်ရသည်။ ၁၉၂၈၊ ၁၉၃၂၊ ၁၉၃၆ ခုနှစ် အိုလံပစ်
ကစားခုန်စားပွဲများ၌ ခေတ်မှီ၍လျင်မြန်သော အိန္ဒိယ
ဟောကီအသင်းက အခြားနိုင်ငံအသင်းများထက် အမြဲ
သာလျက်ရှိသည်။ ဝဲပုံ၌ ၁၉၃၆ ခုနှစ်တွင်အိန္ဒိယနှင့်ဂျပန်
အသင်း ယှဉ်ပြိုင်ကစားနေသည်ကို တွေ့ရပေမည်။

**ဗတ်စကက်ဘောကစားခြင်းကို** ဘာလင်အိုလံပစ် ကစား
ခုန်စားပွဲတွင် စတင်ထည့်သွင်း ယှဉ်ပြိုင်ခွင့်ရသည်။ ထို
ကစားနည်းကို ၁၈၉၂ ခုနှစ်တွင် ဒေါက်တာဂျေ နေစမစ်
ဆိုသူက စတင်တီထွင်လေသည်။ ၁၉၃၆ ခုနှစ်တွင် ယင်း
ကစားနည်းမျိုးကို ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းများစွာမှ လူ
ပေါင်း ၁၈ သန်းခန့် ကစားလျက်ရှိပြီဟုသိရသည်။ ထိုနှစ်
အိုလံပစ်ပွဲတွင် ဂျပန်၊ ဖိလစ်ပိုင်၊ အီဂျစ်၊ အမေရိကန်
အစရှိသောနိုင်ငံပေါင်း ၂၂ နိုင်ငံတို့ဝင်ရောက်ယှဉ်ပြိုင်ကြ
ရာ(အောက်ယာပုံ - မက်ဆီကိုအဖွဲ့နှင့်ဖိလစ်ပိုင်အဖွဲ့တို့ယှဉ်
ပြိုင်ကစားစဉ်) အမေရိကန်တို့ အနိုင်ရသွားသည်။









**ခဲရာခဲဆစ်မြင်းစီးပြိုင်ပွဲကို** ၁၉၂၈ ခုနှစ်တွင် အမ်စတာဒမ်မြို့၌ ကျင်းပသော အိုလံပစ်ကစားခုန်စားပွဲ၌ထည့်သွင်းထားရာလေးဆယ့်ခြောက်နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထိုပွဲတွင်စပိန်နိုင်ငံမှမာကွစ်ဒီလာတျုဂျီလော့(အထက်ပုံ)က အောင်ပန်းဆွတ်ခူးသွားလေသည်။

**တန်းခုန်ပြေးရာတင်** အမြန်နှင့်အလှ၌ ထင်ရှားသူ လော့ဗတ်ဂလေသည် အမ်စတာဒမ်မြို့၌ ကျင်းပသော အိုလံပစ်ကစားခုန်စားပွဲတွင် မီတာ ၄၀၀ တန်းခုန်ပြေးရာ၌ ချန်ပီယန်ဘွဲ့ကို ဆွတ်ခူးခဲ့သည်။ လော့ဗတ်ဂလေသည် မီတာ ၄၀၀ ကို ၅၃.၄ စက္ကန့်နှင့် ပန်းဝင်နိုင်သည်။


**ရီတိုလာနှင့်နျူမိတ္တိကား** ဖင်လန်နိုင်ငံသား ပြေးပွဲချန်ပီယန်များဖြစ်ကြသည်။ ၁၉၂၈ ခုနှစ် အမ်စတာဒမ် အိုလံပစ်ကစားခုန်စားပွဲကြီး၌ မီတာ ၁၀,၀၀၀ ပြေးပွဲတွင်




ပထမ၌ ရီတိုလာကကပ်၍သာနေသော်လည်း (ဝဲပုံ) ပန်းတိုင်နှင့်ကိုက် ၁၅၀ အလိုလောက်ရောက်သောအခါ နူ[illegible] က ရှေ့သို့တက်သွားကာ ပန်းဝင်လိုက်သည်။ နျူမီ[illegible] ၁၉၂၀၊ ၁၉၂၄၊ ၁၉၂၈ ခုနှစ် အိုလံပစ်သုံးပွဲစလုံး၌ [illegible] ကာဆက်ကာဗိုလ်စွဲခဲ့သော နာမည်ကျော်ပြေးပွဲချန်[illegible] ဖြစ်သည်။

**မီတာ ၁၀၀** နောက်ပြန်ရေကူးချန်ပီယန်ဖြစ်သူအမေရိ[illegible] လူမျိုး အဒေါ့ကေဖာ (အောက်ပုံ - ၁၉၃၆ ခုနှစ် [illegible] အိုလံပစ်ကစားခုန်စားပွဲ၌) ၏ ကူးပုံကူးနည်းကား အ[illegible] ထင်ရှားသည်။ ရေကူးရာ၌ သ၏အလှည့်နည်းတို့[illegible] ကေဖာအလှည့်ဟု ခေါ်တွင်လေသည်။







**ကျန်းမာပျော်ရွှင်မှုအတွက်** ပြေးခုန်ကစား ပြုကြရာတွင် ကြမ်းလွန်း ရမ်းလွန်းသော ကစားနည်း ရှိသကဲ့သို့ပင် နူလွန်းယဉ်လွန်းသော ကစားနည်းလည်း ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများတွင် အလွန်ခေတ်စားသောရပ်ဗီဘောလုံးကစားနည်းကား (အထက်ပုံ)အလွန်ကြမ်းသော ကစားနည်းဖြစ်သည်။ အိန္ဒိယနိုင်ငံဖက်မှ စတင်ပေါ် ပေါက်ဟန်ရှိသော စစ်တုရင်ကစားနည်း (ယာပုံ - ဝဲမှယာ - အိုက်စလန်နိုင်ငံမှ နှစ်ယောက်၊ အာဂျင်တိုင်းနိုင်ငံမှ တယောက်၊ ဒိန်းမတ်နိုင်ငံမှ တယောက်တို့ ယှဉ်ပြိုင်ကစားစဉ်) ကား ထိုင်ယင်းလက်သာလှုပ်ယှား ရသောဉာဏ်ကစားသည့် အလွန်နူယဉ်သော ကစားနည်း တရပ်ဖြစ်သည်။

**ပိတာ ၁,၀၀၀ စက်ဘီးစီးပြိုင်ပွဲတွင်** ၁၉၃၆ ခုနှစ် အိုလံပစ် ကစားခုန်စားပွဲ၌ ဗိုလ်စွဲသွားသူမှာ ဒတ်ချလူမျိုး အေ ရီဗန်ဗလိယက် (ဝဲပုံ) ဖြစ်သည်။



**ဂျူဒိုခေါ် ဂျပန်သိုင်းကစားနည်း** (အထက်ယာပုံ) ကား ဂျပန်စစ်သားများအား လေ့ကျင့်ပေးသော နည်းများ အနက်တခုအပါအဝင်ဖြစ်သည်။ ယင်းကစားနည်းသည် ကိုယ်အားနှင့် ဉာဏ်စွမ်းကိုယှဉ်၍သုံးရသော ကစားနည်း ဖြစ်သည့်အလျောက် လူကြိုက်များလာကာ ကမ္ဘာအရပ် ရပ်သို့ ပျံ့နှံ့သွားလေသည်။







**ဂျပန်အမျိုးသားကိတေဆန်းသည်** (အထက်ပုံ) ၁၉၃၆ ခုနှစ် အိုလံပစ်ကစားခုန်စားပွဲ၌ မာရသွန်ပြေးပွဲတွင် ဗိုလ်စွဲခဲ့လေသည်။ ကိတေဆန်းသည် ၂ နာရီ ၂၉ မိနစ် ၁၉.၂ စက္ကန့်ဖြင့် မာရသွန်ပြေးပွဲစံချိန်ကို ချိုးခဲ့သည်။ ၁၉၃၂ ခုနှစ်က အာဂျင်တိုင်းနိုင်ငံသား ဇဗလာပြုခဲ့သော စံချိန်မှာ ၂ နာရီ ၃၁ မိနစ် ၃၆ စက္ကန့်ဖြစ်သည်။

**ဆယ့်လေးကြိမ်မြောက်** အိုလံပစ်ကစားခုန်စားပွဲကို လန်ဒန်မြို့၌ကျင်းပရာ အလေးမဗိုလ်လုပွဲများ၌ အီဂျစ်နှင့်အမေရိကန်လူမျိုးများ ဗိုလ်စွဲသွားသည်။ ဗင်တန်ဝိတ်တန်း၌ အမေရိကန်လူမျိုး ပေထရို (၆၇၇½ ပေါင်) ကဝင်း၊ ဖဲသာဝိတ်တန်း၌ အီဂျစ်လူမျိုးဖေးယက် (၇၃၂½ ပေါင်) ကဝင်း၊ လိုက်ဝိတ်တန်း၌ အီဂျစ်လူမျိုးရှမ် (၇၉၃¾ ပေါင်) (ယာပုံ)ကဝင်း၊မစ်ဒဲဝိတ်တန်း၌ အမေရိကန်လူမျိုးစပဲမင်း (၈၅၉½ ပေါင်) ကဝင်း၊ လိုက်ဟဲဗီးဝိတ်တန်း၌ အမေရိကန်လူမျိုး စတန်းဇစ် (၉၂၀ ပေါင်) ကဝင်း၊ ဟဲဗီးဝိတ်တန်း၌ အမေရိကန်လူမျိုး ဒေးဗစ် (၉၉၇ ပေါင်) ကဝင်းချန်ပီယန်ဘွဲ့ကို အသီးအသီးဆွတ်ခူးသွားကြသည်။




**ပိုလိုခေါ် ဂူလီကစားခြင်းကို** (အထက်ပုံ - အာဂျင်တိုင်းအဖွဲ့နှင့်မက်ဆီကိုအဖွဲ့ယှဉ်ပြိုင်ကစားစဉ်) ၁၉၀၀ ခုနှစ်အိုလံပစ်ကစားခုန်စားပွဲတွင် စတင်ထည့်သွင်းသည်။ ဤကစားနည်းကား အိန္ဒိယနိုင်ငံမှ စတင်ပေါ်ပေါက်လာပြီးနောက် လက်တင်အမေရိကန် နိုင်ငံများတွင် အကစားများ ကြတူသည်။ ၁၉၀၀ ခုနှစ်က ဗိုလ်စွဲသွားသော ဗြိတိသျှ အား အာဂျင်းတိုင်းအဖွဲ့က ၁၉၂၄ ခုနှင့် ၁၉၃၆ ခုနှစ်များတွင် အပြတ်အသတ်အနိုင်ရလိုက်သည်။







**ရေခဲပြင်ခွက်လှေပြိုင်ပွဲသည်** ၁၉၀၀ ပြည့်နှစ်မတိုင်မီ လောက်ကပင် ဥရောပအရှေ့ဖက်နိုင်ငံများ၌ ခေတ်စား နေပြီဖြစ်သော်လည်း ၁၉၀၀ ပြည့်နှစ်နောက်မှ ပိုမိုတိုး တက်လာသည်။ ရွက်လှေ၏ဝမ်းအောက်တွင် သစ်သား လျှောပြား တပ်ရာမှ သံစကိတ်ဘီးတပ်၍ (အထက်ပုံ) ပြိုင်ကြသည်။



**ရွက်လှေပြိုင်ပွဲကို** (ဝဲပုံ) ဒုတိယကမ္ဘာစစ်ပြီးစတွင်ငွေရေး ကြေးရေးကြပ်တည်းမှုကြောင့် ဝင်ရောက်ယှဉ်ပြိုင်သူနည်း ပါးသော်လည်း ၁၉၄၈ ခုနှစ် အိုလံပစ်ကစားခုန်စားပွဲတွင် ဩဂုတ်လ ၃ ရက်နေ့မှ ၁၂ ရက်နေ့အထိ အင်္ဂလန်ပြည်ဒေ ဗွန်နယ်တော်ဘေးမြို့၌ကျင်းပရာ ၂၇ နိုင်ငံမှဝင်ရောက်ယှဉ် ပြိုင်ကြသည်။ ရွက်လှေပြိုင်ပွဲများကို ကန်များမြစ်များ ထဲ၌သာမဟုတ် သမုဒ္ဒရာထဲ၌ပင် ကျင်းပကြသည်။ အတ္တ လန္တိတ်သမုဒ္ဒရာကို ဖြတ်ကူးရာ၌ အမြန်ဆုံးသောရွက် လှေနှုန်းမှာ ၁၂ ရက်ကျော်ကျော်ကလေးဖြစ်သည်။ ရွက် လှေပြိုင်ပွဲတွင် အနှစ်သုံးဆယ်လုံးလုံး အမေရိကန်ဖလား ဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်သော်လည်း တကြိမ်တခါ မျှမနိုင်ဘူးပါဘဲလျက် လူကြိုက်များ၍ ထင်ရှားသော ပုဂ္ဂိုလ်ကား ဆာသောမတ်လစ်ပတန်ဖြစ်သည်။ လစ်ပတန်


**ကစားခုန်စားများအနက်** အခက်ခဲဆုံးသော ကစားခုန်နည်းဟာဖြစ်သည့် ဝားရေးပြခြင်း(ယာပုံ)ကို ၁၉၀၃ နှစ်မှစ၍ နိုင်ငံအချင်းချင်း ယှဉ်ပြိုင်ကစားသည့် အလေ့ဖြစ်လာသည်။ အစနှစ်များတွင် ပြင်သစ်နိုင်ငံက အပြိုလိုလိုအပြတ်အသတ် သာ၍နေရုံမက - ၁၉၀၈ ခုနှစ် ဘိုလ်ပစ်ကစားခုန်စားပွဲ၌ ဗိုလ်စွဲခဲ့လေသည်။ နောက်နှစ်များတွင် ဟန်ဂေရီနှင့် အီတလီနိုင်ငံများက ဝားရေးပိုမိုသာသည်ကို တွေ့ရသည်။








**ဆောင်းရာသီအိုလံပစ်ပွဲတော်ကို** ဆွစ်ဇာလန်နိုင်ငံ စိန့်မိုးရစ်မြို့၌ ၁၉၄၈ ခုနှစ်တွင် ကျင်းပရာ ကမ္ဘာပေါ်ရှိ နိုင်ငံ ၂၉ နိုင်ငံမှ လူပေါင်း ၉၃၂ ယောက် ပါဝင်ယှဉ်ပြိုင်ကြသည်။ ထိုအိုလံပစ်ပွဲမျိုးတွင် ဆောင်းရာသီ၌သာ ပြုလုပ်နိုင်သောစကီးစီးခြင်း (အလယ်ပုံ) နှင့် စကိတ်စီးခြင်းစသည့်ရေခဲပေါ်၌သာ ပြုလုပ်နိုင်သောကစားနည်းမျိုးကို အထူးသဖြင့် ထည့်သွင်းထားသည်။ ၁၉၄၈ ခုနှစ် ဆောင်းရာသီ အိုလံပစ်ပွဲတော်တင် အမေရိကန်အမျိုးသမီး ဂရက်ချန်ဖရေဇာက အမျိုးသမီးတောင်တက်စကီးစီးချန်ပီယန်ဘွဲ့ကိုရ၍ ပြင်သစ်အမျိုးသား ဟင်နရီအိုရိုလာက စကီးစီးကမ္ဘာ့ချန်ပီယန်ဘွဲ့ကို ဆွတ်ခူးသွားသည်။ အမျိုးသားစကိတ်အလှစီး ချန်ပီယန်အဖြစ် ဒစ်ဗာတန်က ဆွတ်ခူးသွား၍ ဗာဗရာအန်စကော့(ယာပုံ)က အမျိုးသမီးစကိတ်အလှစီး ချန်ပီယန်ဘွဲ့ကို ဆွတ်ခူးလေသည်။






**ဘာလင်အိုလံပစ်ကစားခုန်စားပွဲတွင်** အမြင့်ခုန်ချန်ပီယန်ဘွဲ့ကို ကော်နေလီး ယပ် ဂျွန်ဆင်(အထက်ပုံ)က ဆွတ်ခူးသွားသည်။အမြင့် ၆ ပေ ၇ ၁/၆ လက်မခုန်ခြင်းဖြင့် ကမ္ဘာ့စံချိန်ပြုလိုက်လေသည်။ ၁၉၄၁ ခုတွင်လာစတီးယားသည် ၆ ပေ ၁၁ လက်မကိုခုန်ကာ ဂျွန်ဆင်၏စံချိန်ကိုချိုးလိုက်ပြန်သည်, သို့ဖြင့်ကစားခုန်စားလောက၏ အမြင့်ခုန်ရည်မှန်းချက်ဖြစ်သော ၇ ပေလွတ်ရန် နီးကပ်နေလေပြီ။

**တိုးဒီဖရန့်။** ။ကီလိုမီတာ ၄၀၀ ခရီးကို တောင်တက်တောင်ဆင်း တောတွင်းမရှောင် စက်ဘီးစီး၍ ခရီးသွားပြိုင်ပွဲကို ပြင်သစ်နိုင်ငံ၌ ၁၉၀၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပသော အလေ့ရှိသည်။ ပဲရစ်မြို့သို့ ပန်းဝင်ရလေသည်။ ယင်းသို့သော ပြိုင်ပွဲတွင် ထင်ရှားသော ပုဂ္ဂိုလ်မှာ အီတလီနိုင်ငံသား ဖော့စတိုကော့ပီ (အထက်ပုံ) ဖြစ်လေသည်။

**အောက်စဖို့နှင့်ကိန်းဗရစ်** တက္ကသိုလ်ကျောင်းတော်သားများ၏ လှေပြိုင်ပွဲမှာ အထူးစိတ်တက်ကြွဖွယ်ကောင်းရုံမက လွန်စွာထင်ပေါ် ကျော်ကြားလှပေသည်။ ယာပုံတွင် ယင်းတက္ကသိုလ်နှစ်ခု၏ ကိုးဆယ့်လေးကြိမ်မြောက်လှေပြိုင်ပွဲကျင်းပနေသည်ကို တွေ့မြင်ရပေမည်။ ပြီးခဲ့သော ကိုးဆယ့်သုံးကြိမ်တွင် ကိန်းဗရစ်တက္ကသိုလ်မှ လေးဆယ့်ကိုးပွဲနိုင်၍ အောက်စဖို့တက္ကသိုလ်မှ လေးဆယ့်သုံးပွဲအနိုင်နှင့် တပွဲသရေဖြစ်ခဲ့သည်။ ပြိုင်လှေများနှင့် မနီးမဝေးမှနေ၍ အစောင့်လှေများကလိုက်၍ စောင့်နေသည်ကိုပုံ၌တွေ့ရပေမည်။ ပွဲကြည့်ပရိသတ်များမှာလည်း ကမ်းပါးညွတ်မျှ စည်ကားလှပေသည်။ ၁၉၄၈ ခုနှစ်တွင် ကိန်းဗရစ်အသင်းသည် ငါးလျှားဖြင့်အနိုင်ရလိုက်၏။ ၁၇ မိနစ် ၅၀ စက္ကန့်နှင့် မလင်မမှတ်သောစံချိန်ကို တင်လိုက်ရာ ၁၉၃၄ ခုနှစ်က ယင်းအသင်းကပင် တင်ထားသောစံချိန်ကို ၁၃ စက္ကန့်လျှော့ချလိုက်လေသည်။




သည် (ယာပုံ) သူ၏ရှမ်းမရေ့အမည်ခံ ရွက်လှေတစင်းပြီးတစင်းဖြင့် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ရာ ယှဉ်ပြိုင်တိုင်းပင် အမေရိကန်လူထုက သူ့အားအနိုင်ရလိမ့်မည်ဟု အမြဲအထင်ကြီးခဲ့ကြသည်။ သူ့အပေါ်၌ မည်မျှခင်မင်အထင်ကြီးကြသနည်းဟူမူ နောက်ဆုံးတွင် ငွေစု၍ကမ္ဘာ့အကောင်းဆုံး ရှုံးသူအဖြစ် ဆုဖလားချီးမြှင့်ကြသည်။





**မြင်းပြိုင်ပွဲများအနက်** အင်္ဂလန်ပြည်၊ ဆာရေးနယ် အက်ပဆွမ်ကွင်းကြီးတွင် တနှစ်တကြိမ်ကျင်းပသော ဒါဗီမြင်းပြိုင်ပွဲသည် ကမ္ဘာကျော်ဖြစ်သည်။ ၁၇၈၀ ပြည့်နှစ်တွင် ဒွါဒသ အားဘွဲရ ဒါဗီစားက စတင်တီထွင်ခဲ့သည်။ သုံးနှစ်သား မြင်းများအား တမိုင်ခွဲရှိသောကွင်းတွင် ယှဉ်ပြိုင်ပြေးစေသည်။ စစ်ခေတ်ဖြစ်သော ၁၉၁၅ - ၁၈ ခုနှစ်အတွင်းနှင့် ၁၉၄၀ - ၄၅ ခုနှစ်အတွင်းတွင် အက်ပဆွမ်၌ မကျင်းပနိုင်သဖြင့် နယူးမားကက်အရပ်၌ ကျင်းပသည်။ ၁၉၄၇ ခုနှစ်တွင် အာဂါခန်မင်းသားကြီး၏ မိုင်လပ်မြင်း (အောက်ပုံ - ပန်းဝင်စဉ်) ကရင်း၊ ၁၉၄၉ ခုနှစ်တွင် မစ္စစ်ဂလင်နစ္စတာ၏ နင်းဗတ်မြင်းကရင်း၊ ၁၉၅၀ ပြည့်နှစ်တွင် မွန်ရှာဗောဆက်၏ အက်စမီမြင်းကရင်း အသီးအသီးအောင်ပန်းဆွတ်ခူးကြသည်။






**ဝါးလုံးထောက်ခုန်ပွဲများတွင်** ၁၉၂၈ ခုနှစ်အထိ အမေရိကန်ကို ယှဉ်ပြိုင်နိုင်သူရှားသည်။ ၁၉၂၈ ခုနှစ် အိုလံပစ်ကစားခုန်စားပွဲတွင်အမြင့်ဆုံးခုန်နိုင်သူ ပထမငါးယောက် အနက် လေးယောက်မှာ အမေရိကန် အမျိုးသားများ ဖြစ်သည်။ သို့ရာတွင် ၁၉၃၆ ခုနှစ် အိုလံပစ်ကစားခုန်စားပွဲအချိန်မှစ၍ ထူးချွန်သော ဂျပန်ဝါးလုံးထောက်ခုန်သမား အများအပြားပေါ်ထွက်လာသည်။ အမေရိကန် အမျိုးသား ကော်နေလီးယပ်ဝမ်မာဒင်သည် ၁၉၄၃ ခုနှစ်တွင် ၁၅ ပေ ၇½ လက်မခုန်ခြင်းဖြင့် ကမ္ဘာ့စံချိန်ကိုချိုးခဲ့သည်။ ၁၅ ပေအထက်ခုန်နိုင်သူမှာ သူတဦးသာရှိလျက် ယင်းအမြင့်ကိုပင် ၄၃ ကြိမ်ခုန်ပြလေသည်။






**တာဝေးပြေးပွဲများ၌** ၁၉၄၆၊ ၁၉၄၇၊ ၁၉၄၈ ခုနှစ်များတွင် အောင်ပန်းကို အမြဲဆွတ်ခူးလာခဲ့သူမှာ ချက်အမျိုးသား ဇာတိုပက် (အလယ်ပုံ) ဖြစ်သည်။ ၁၉၄၈ ခုနှစ် အိုလံပစ်ကစားခုန်စားပွဲတွင်မီတာ ၁၀,၀၀၀ ပြေးပွဲ၌ ဇာတိုပက်ပင်ပထမရရုံမက ကမ္ဘာ့စံချိန်သစ်ကိုပင် ပြုနိုင်ခဲ့၏။ ၁၉၃၆ ခုနှစ်က တင်ခဲ့သောစံချိန်မှ မိနစ် ၃၀ ၁၁.၄ စက္ကန့်ဖြစ်၍ ဇာတိုပက်သည် ၂၉ မိနစ် ၅၉.၆ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည်။

**တိကျမှန်ကန်သောနည်းလမ်းဖြင့်** လေ့လာသင်ကြားခဲ့သူ ဂျပန်အမျိုးသားရေကူးချန်ပီယန် ဖူရုဟာရှိသည် (ဝဲပုံ) ပရိသတ်အသဲဖိုလောက်အောင် ပြသနိုင်ခဲ့သူဖြစ်၍ ၁၉၄၉ ခုနှစ်၌ အမေရိကန်စံချိန်ကို အလွယ်တကူနှင့် ချိုးဖျက်နိုင်လိုက်သည်သာမက စံချိန်သစ်များစွာကိုလည်း တင်ထားခဲ့လေသည်။




**ဒက်ကာသလွန်ခေါ်** ကစားနည်း ဆယ်မျိုး ကစားရာ၌ ၁၉၄၈ ခုနှစ်အိုလံပစ်ကစားခုန်စားပွဲတွင်အသက် ၁၇ နှစ်အရွယ်ရှိအမေရိကန်အမျိုးသားဗော့မားသီးယပ်(အထက်ပုံ- သံပြားပစ်နေစဉ်၊ဤကစားနည်းတွင်အမှတ်အများဆုံးရသည်) က ၇,၁၃၉ မှတ်ဖြင့်အောင်ပန်းကို ဆွတ်ခူးသွားလေသည်။ ဒက်ကာသလွန်ကစားနည်းတွင် ပါဝင်ယှဉ်ပြိုင်သည့်အခါ ပထမနေ့၌ မီတာ ၁၀၀ ပြေးပွဲ၊ အလျားခုန်ပွဲ၊ သံလုံးပစ်ပွဲ၊ အမြင့်ခုန်ပွဲ၊ မီတာ ၄၀၀ ပြေးပွဲတို့ကို ယှဉ်ပြိုင်ရ၍ ဒုတိယနေ့တွင် မီတာ ၁၀၀ တန်းခုန်ပြေးပွဲ၊ သံပြားပစ်ပွဲ၊ ဝါးလုံးထောက်ခုန်ပွဲ၊ လှံပစ်ပွဲ၊ မီတာ ၁,၅၀၀ ပြေးပွဲတို့ကို ယှဉ်ပြိုင်ရသည်။ မားသီးယပ်သည် ၁၉၅၀ ပြည့်နှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ် တူလဲမြို့၌ ယင်းကစားနည်းကိုပင် ပါဝင်ယှဉ်ပြိုင်သည့်အခါ ၈,၀၄၂ မှတ်ရရှိသည်အထိ တိုးတက်လာသည်။



**ဒတ်ချအမျိုးသမီး** မစ္စစ်ဖင်နီဗလင်ကာကိုအင်းသည် (အထက်ပုံ -ပြေးပွဲတွင်ပန်းဝင်လာသူ) ဆယ့်လေးကြိမ်မြောက် အိုလံပစ်ကစားခုန်စားပွဲတွင် မီတာ ၈၀ တန်းခုန်ပြေးပွဲ၊ မီတာ ၁၀၀ ပြေးပွဲနှင့်မီတာ ၂၀၀ ပြေးပွဲတို့တွင်ရွှေတံဆိပ်ဆုများကို ဆွတ်ခူးရရှိရုံမက၊ မီတာ ၄၀၀ လက်ဆင့်ကမ်း ပြေးပွဲတွင်လည်း သူပါဝင်သဖြင့်ဒတ်ချအသင်းက [illegible] ရရှိလေသည်။

**နော်ဝေးအမျိုးသား** စကိတ်စီးနာမည်ကျော် အော့စကာမာသီဆင်သည် (ယာပုံ) ၁၉၁၂ ခုမှ ၁၉၂၈ ခုနှစ်အတွင်း မီတာ ၅၀၀ စကိတ်စီးချန်ပီယန်ဘွဲ့ကို ဆွတ်ခူးလေသည်။ ၁၉၀၈ ခုနှစ်မှ ၁၉၁၇ ခုနှစ်အတွင်း မီတာ ၁,၅၀၀ စကိတ်စီး ချန်ပီယန်ဘွဲ့ကို ဆွတ်ခူးပြန်လေသည်။ မာသီဆင်သည် စကိတ်စီးရာ၌သာ ထင်ရှားသည်မဟုတ်။ ရေကူး၊ စက်ဘီးစီးစသည်တို့၌လည်း ထင်ရှားသည်။ ၁၇ နှစ်သားအရွယ်ကပင် (၁၈၈၉ ခုနှစ်ဖွား) အမြင့်မှရေထဲသို့ ဒိုက်ဗင်ထိုးရာ၌ ရွှေတံဆိပ်ဆုကို ရရှိခဲ့လေသည်။



သာချားလ်၏ အလေ့ဝါလပ်သမားများ အလွန်နည်း ပါးသည်။ သို့သော် လိုကြားစားများမှာ စံနစ် မကျ၊ နည်းလမ်းမကျ ပြုကြချေ။ အပျော်ထမ်း အလေးမ များကာစပင်၍ စံနစ်ကျကျ နည်းမှန်မှန် မ,နည်းကို လေ့လိုက်ကြရာ ပေါ်ထွက်လာလေသည်။ ယင်းနည်း တို့မှာ ယခု အိုလံပစ်ကစားပွဲများ၌ အသုံးပြုနေကြ သော အဆွဲမ၊ အမြန်မနှင့် နှစ်ဆင့်အမြန်မ နည်း များပင်ဖြစ်ကြ၏။ ထိုနည်းများမှာ စံနစ်နှင့်ကျွမ်း ကျင်မှု အလွန်လိုသောနည်းများဖြစ်သည်။


၁၉၂၆ ခုနှစ်လောက်တွင် အလေးမ ဝါသနာရှင် တို့စုပေါင်းကာ မြန်မာနိုင်ငံ အပျော်ထမ်းအလေးမ အသင်းကို တည်ထောင်လိုက်ကြသည်။ မြန်မာနိုင် ငံ အပျော်ထမ်း အလေးမအသင်းကြီးကို လန်ဒန် မြို့ရှိ အလေးမ အသင်းချုပ်ကြီးနှင့် ဆက်သွယ် ထားပြီးဖြစ်ရာ ရန်ကုန်မြို့၌ အလေးမပွဲကြီးများ ကျင်းပသည့်အခါတိုင်း လန်ဒန်မြို့ရှိ အလေးမအ သင်းချုပ်ကြီးသို့ မ,နိုင်သော အလေးချိန်ကို အ ကြောင်းကြားရ၏။ မြန်မာနိုင်ငံမှ ၁၉၃၂ ခုနှစ် အတွက် ချန်ပီယန်ရရှိသူတို့၏ အမည်ကို အသင်း ချုပ်ကြီးက ရရှိသောအခါ လန်ဒန်မြို့ ဗြိတိသျှအ လေးမအသင်းကြီး၏ အတွင်းရေးမှူးက "မြန်မာ ပြည်တွင် အံ့ဘွယ်သူရဲများဖြစ်အောင်အလေးများ မ,နေပြီ" ဟူသော ခေါင်းစဉ်ဖြင့်"ကွန်တီနင်တယ် အလေးမနည်းတွင် အမြဲ ပထမရနေသော ကျွန်ုပ် တို့လူမျိုးသည် မြန်မာတို့အား အရှုံးပေးရမည်ဆို လျှင် အသည်းနာစရာကောင်းလှ၏။ မရှုံးဘူးဟူ၍ လည်း မပြောနိုင်သောကြောင့် သတိထားရပေ မည်" ဟုရေးသားခဲ့ဘူး၏။ ထိုအသင်းတွင် ဦးရှိန်၊ ဝေါလတာချစ်ထွန်း၊ ဒင်းနစ်အိုဟန်၊ စတီဗင်ဆန်၊ မစ္စတာလုံတပ်တို့က ခေါင်းဆောင်များ ဖြစ်ကြ သည်။ သို့ရာတွင် ၁၉၃၂ ခုနှစ်လောက်တွင် ထိုအ သင်းကြီး ပျက်စီးသွားလေသည်။ ထိုခေတ်က ထင် ရှားသော အလေးမသမားများမှာ မစ္စတာလုံတပ်၊ မစ္စတာလုံယူ၊ ဦးညွန့်ဖေ၊ မစ္စတာဗရိုး၊ အိုဒဗျူပိုး တို့ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံ၌ ၁၉၃၅ ခုနှစ်တွင် ကျင်းပသော အာရှတိုက်လုံးဆိုင်ရာ အလေးမ ပြိုင်ပွဲကြီးတွင် ကာယဗလဦးရှိန် လေ့ကျင့်ပေးသော ကိုဇော်ဝိတ် သည် အာရှချန်ပီယန်ဘွဲ့ထူးကိုဆွတ်ခူးရရှိခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ၁၀ စတုန်တန်းမှ ကိုဇော်ဝိတ်၊ ၉ စတုန်တန်းမှ ကိုထွန်းမြင့်၊ ၈ စတုန်တန်းမှ ကိုစံ သင်တို့သည် အိန္ဒိယနိုင်ငံ၌ကျင်းပသော အလေးမ ပြိုင်ပွဲတွင် အသီးအသီး ချံပီယန်ဘွဲ့ထူး ဆွတ်ခူးနိုင် ကြပြန်သည်။ ဤအချိန်မှစ၍ မြန်မာ့အားကို ကမ္ဘာကသိလာကြသည်။

ထိုနှစ် ဩဂုတ်လတွင်ပင် ဦးဇော်ဝိတ်သည် ဂျာ မနီနိုင်ငံ ဘာလင်မြို့တွင်ကျင်းပသော ကမ္ဘာ့အိုလံ ပစ်ပွဲတော်၌ အိန္ဒိယကိုယ်စားလှယ်အဖြစ်ဖြင့် ဝင် ရောက်ယှဉ်ပြိုင်ရသေးသည်။ ဦးဇော်ဝိတ်ဆိုလျှင် မြန်မာ့ဗလဟု ထိုခေတ်လူများ နားလည်လောက် အောင် ကျော်ကြားခဲ့သည်။

ဦးဇော်ဝိတ် ယင်းသို့ ကျော်ကြားနေချိန်တွင် အခြားထင်ရှားသည့် အလေးမပုဂ္ဂိုလ်များလည်းရှိ သေးသည်။ ယင်းတို့အနက် ဟင်နရီစမိုက် (ယခု ဗိုလ်မှူးကြီးလှအောင်) နှင့် ဂျွန်စမိုက်ညီအစ်ကို နှစ်ယောက်သည် အထူးနာမည်ကျော်လေသည်။

အလေးမစံချိန် ပြုလုပ်ကာ ကမ္ဘာတွင် မြန်မာ ဂုဏ်ရည်ကို ကိုဇော်ဝိတ်က မြှင့်တင်ပြသနေသကဲ့သို့ မြန်မာ့ ကိုယ်ကာယအလှကို ကမ္ဘာအားပြရန် ကာ ယအလှသမားများ ပေါ်ထွက်အောင် မွေးမြူပေးဖို့ လိုသေးကြောင်းကို နှလုံးပိုက်မိကြသဖြင့်စာ၊ နယ်၊ ဇင်းအချို့က ကိုယ်ကာယအလှကို ခေတ်ပုံပြိုင်ပွဲ များကျင်းပလေသည်။ ၁၉၂၈ ခု၊ ၁၉၂၉ ခု၊ ၁၉၃၀ ပြည့်နှစ်များတွင်မူ ပြိုင်ပွဲမဟုတ်ဘဲ ကိုယ်ကာယ အလှပြပွဲများ ကျင်းပခဲ့သည်။ ထိုစဉ်က ကိုညွန့်ဖေ မှာ ကာယအလှဆုံး ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြု



**ပြင်သစ်ကမ်းခြေဖက်မှ** အင်္ဂလန်ကမ်းခြေဖက်သို့ အင်္ဂလိပ်ရေလက်ကြားကိုဖြတ်၍ ရေကူးရာတွင် ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့၌ ပထမရသော ဖလေဝါရင့်ချက်ဒဝစ်သည် (ယာပုံ) ၁၉၂၆ ခုနှစ်က ဂါးထရုအက်ဒီလေ တင်ခဲ့သောစံချိန်ကို ချိုးလိုက်လေသည်။ ချက်ဒဝစ်သည် ၁၃ နာရီမိနစ် ၂၀ ဖြင့် အပြီးကူးနိုင်ခဲ့၏။ တာဝေးရေကူးသမားလောကတွင် သူ့အားမှီသူရှားလှသည်။ လှိုင်းလေဆိုးရွားသော ဒါဒနယ်ရေလက်ကြား၊ ဗော့စဖရပ်ရေလက်ကြား၊ဂျီဗရော်လတားရေလက်ကြားတို့ကိုပင် အောင်မြင်စွာ ဖြတ်ကူးခဲ့ရုံမက ကမ္ဘာ့စံချိန်ပေါင်း များစွာကိုလည်း ပြုခဲ့သည်။

# မြန်မာ့အားကစားလောက

## အလေးမခြင်း

ကစားခုန်စား အမျိုးမျိုးအနက် မြန်မာက ကမ္ဘာနှင့်ယှဉ်၍ ပြိုင်ပွဲဆင်ကာ ထိပ်တန်းကလိုက်နေသော အားကစားနည်းတခုမှာ အလေးမခြင်းပင်ဖြစ်၏။ မြန်မာတို့သည် အလေးမခြင်းကို စတင်လိုက်စားခဲ့သည်မှာမကြာလှသေးချေ။ အလွန်ဆုံး နှစ်ပေါင်း ၅၀ ခန့်သာ ရှိပေဦးမည်။ ၁၉၀၅ ခုနှစ်ခလောက်က စတင်လိုက်စားသည်ဆိုသော်လည်း အခလေးမ စစ်စစ်မဟုတ်သေးချေ။ ဒမ်းဗဲခေါ် လက်ကိုင်သံတုံးဖြင့် လေ့ကျင့်ခြင်း၊ ဗားဗဲခေါ် ယခုခေတ်စားနေသည့် အလေးမကရိယာမျိုးတွင် အလေးပေါ့ပေါ့ထည့်၍ လေ့ကျင့်ခြင်းများသာခေတ်စားခဲ့လေသည်။

ထိုအချိန်က ထားရှိသော အဓိကရည်ရွယ်ချက်မှာ အားသန်ဖို့သာဖြစ်သဖြင့် ပြပွဲကပွဲများအတွက် တက်ရောက် အားစွမ်းပြခြင်းသာများသည်။ အလေးကို မိမိတို့သန်သလို မပြကြရဘဲ ဒက်လစ်ခေါ် ခါးနှင့်ခြေကိုအားပြု၍ ပေါင်ရင်းအထိ ဆွဲ... သည့်နည်းများ၊ ဟားနက်လစ်ခေါ် မြင်းကဲ့... ကိုဆွဲသည့် နည်းများသာ ခေတ်စားလေ... ကိုယ်လုံးဖွံ့ဖြိုးရေး၊ လက်သန်မာရေးများ... အဓိကထား၍ စတင် မကြသူများလည်း ... သည်။ ဦးပါတူ၊ ဦးအောင်ကြီး၊ ဆန်ဒိုဦး... စသောသူတို့ဖြစ်ကြသည်။ ဆန်ဒိုဦးသ... ဆန်ဒို၏စာအုပ်များကိုဖတ်ကာ လေ့ကျင့်ခဲ့... ခေတ်က သူ့အားအသန်ဆုံး မြန်မာလူငယ်... အဖြစ် လူသိများ၍ မြန်မာဆန်ဒိုဟုပင် ... သည်။ သူ၏ ကိုယ်အတိုင်းအလှများကို ... တဦး၏ထောက်ခံချက်ဖြင့် ဆန်ဒိုယံ... အချိုးအစားအကျဆုံး လူတဦးအဖြစ် ... ဆုရ၏။

ထိုခေတ်လောက်က ကမ္ဘာ့ အလေးမနယ်ပယ်... ပြပွဲကပွဲများ၌ ကြေးစားအဖြစ် အားပြကြသူမျာ...



မြန်မာနိုင်ငံ အပျော်ထမ်းအလေးမအဖွဲ့မှ ၁၉၃၂ ခုနှစ် အလေးမပြိုင်ပွဲတွင် အတန်းတိုင်း၌ အနိုင်ရခဲ့သော အလေးမချန်ပီယန်များ (အောက်ပုံ)။

ရှေ့တန်းဝဲမှယာ - မောင်မော်တင်၊ ကိုခင်ပု၊ ကိုညွန့်ဖေ၊ မစ္စတာတာလပေါ်။

နောက်တန်းဝဲမှယာ - အဟုန်၊ ဟူစိန်၊ မစ္စတာစတီဖင်ဆန် (အတွင်းရေးမှူး)၊ ဟင်နရီစမိုက်၊ မောင်လှရွှေ။



ကိုယ်ကာယအလှနှင့် အလေးမဖက်တွင် နာမည်ကြီးလှသော ဟရာဂန်ဝေါ်လတာချစ်ထွန်း(ဝဲမှ) သည် မြန်မာနိုင်ငံ၌သာမဟုတ် အိန္ဒိယနိုင်ငံဖက်၌လည်း ကျော်ကြားလေသည်။ အိန္ဒိယနိုင်ငံ၌နေစဉ်မဟာရာဇာစော်ဘွားများသည်ပင် သူ့ထံတွင် နည်းနာခံ၍ လေ့ကျင့်ကြရ၏။



**၁၀ စတုန်တန်း** အာရှအလေးမ ချန်ပီယန်ဇော်ဝိတ်က ၁၇ စတုန်တန်း အာရှချန်ပီယန်ထွန်းမြင့်အားစက်ဘီးပေါ်တင်၍မ,ပြနေသည်ကိုအထက်ပုံတွင်တွေ့ရပေမည်။အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာနိုင်ငံများမှ လူအရွယ်အစား အလေးချိန် မရွေး လက်နှစ်ဖက်ဖြင့် စနက်ခေါ်တရှိန်တည်း ပေါင် ၂၀၀ မနိုင်လျှင် ငွေဖလားတလုံးချီးမြှင့်မည်ဟူသော အရှေ့ဖက်နိုင်ငံက လူသန်ကြီး မဇ္ဇန်းဒါး၏ ကျေညာချက်ထက် ကျော်လွန်မနိုင်ရုံမက ဗြိတိသျှလူမျိုးဒင်နီယယ်မနိုင်သော ၂၀၇ ပေါင်စံချိန်ကိုပင် ချိုးနိုင်ခဲ့သော ကိုဇော်ဝိတ်သည် ၁၉၃၅ ခုနှစ်နှင့် ၁၉၃၆ ခုနှစ်များတွင်အိန္ဒိယနိုင်ငံ၌ကျင်းပသော အာရှတိုက်လုံးဆိုင်ရာ အလေးမပြိုင်ပွဲကြီးတွင် ၁၀ စတုန်တန်း၌ အိန္ဒိယအလေးမ ချန်ပီယန်ဘွဲ့ကိုရရှိခဲ့သည်။

ခံခဲ့ရသည်။ မြန်မာနိုင်ငံ ကာယဗလအသင်းကမူ ကိုယ်ကာယအလှကို ခေတ်ပုံဖြင့် ပြသယှဉ်ပြိုင်ခြင်း မပြုဘဲ လူကိုယ်တိုင် ထွက်ပြယှဉ်ပြိုင်ပွဲကို ၁၉၃၇ ခုနှစ်တွင် ဂျူဗလီဟော၌ ကြီးမှူးကျင်းပရာ ယင်းမှာပထမဆုံးသော မြန်မာကိုယ်ကာယအလှပြိုင်ပွဲပင်ဖြစ်သည်။ နောက် ၂ နှစ် ထပ်မံကျင်းပဖြစ်သေးသည်။ စစ်မတိုင်မီ နောက်ဆုံးပွဲဖြစ်သော ၁၉၃၉ ခုနှစ်ပြိုင်ပွဲတွင် ကိုမောင်မောင်လွင်က ကိုယ်ကာယအလှဆုံး ကာယဗလမောင်ဘွဲ့ကိုရရှိခဲ့သည်။


၁၉၃၉ ခုနှစ်တွင် ဗမာပြည်ကျန်းမာရေးနှင့်ကြံ့ခိုင်ရေး အသင်းချုပ်ပေါ် ပေါက်လာပြန်သည်။ ထိုအဖွဲ့တွင် ဝေါလတာချစ်ထွန်း၊ ဦးသော်ဇင်၊ ဦးခင်မောင်လတ် (ယခုဝန်ကြီး)၊ မစ္စတာဟပ်စကင်း၊ တော်ဘုရားကြီး၊ ဟင်နရီစမိုက်စသော ပုဂ္ဂိုလ်ကြီးများပါဝင်သည်။ ထိုအသင်းချုပ်မှ ကြီးမှူး၍၁၉၄၁ ခုနှစ် ဇူလိုင်လတင် မောင်ဗမာအငယ်တန်း ပြိုင်ပွဲကျင်းပသည်။ ယင်းပွဲကား ပထမဆုံးသော အခယူပြသသည့် ကိုယ်ကာယအလှ ပြိုင်ပွဲဖြစ်၏။ ထိုသို့ကျင်းပလိုက်သောကြောင့် မြန်မာလူထုတွင် အထူးသဖြင့် လူငယ်များ စိတ်ဝင်စားတက်ကြွလာကြသည်။ ယင်းသို့ တိုင်းပြည်က အားပေးသဖြင့် ထိုနှစ်နိုဝင်ဘာလတွင်မောင်ဗမာအကြီးတန်းပြိုင်ပွဲကို တဖန်ကျင်းပပြန်သည်။


ဒုတိယကမ္ဘာစစ် မဖြစ်မီ ဗြိတိသျှအစိုးရက စာသင်ကျောင်းများတွင် အလေးမ လေ့ကျင့်ခြင်း မပြုရဟု အမိန့်ထုတ်ဆင့်ကာ မြန်မာ့ကာယဗလ လုပ်ငန်းကို ဖိနှိပ်ခဲ့သည့် အကြားမှပင် မြန်မာ့ကာယဗလလုပ်ငန်းကား ဆိတ်သုဉ်း ပြိုကွဲသွားခြင်း မရှိချေ။ ဝါသနာပါသူတစုက ဇွဲကြီးကြီးနှင့် ရသမျှ အမြတ်ထားကာ ဆောင်ရွက်နေကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ ကြီးစိုးနေချိန်တွင် ကာယဗလဦးရှိန်နှင့် ဦးဇော်ဝိတ်တို့ကကြီးမှူး၍ ကာယဗလနှင့် အလေးမလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းကြသည်။ အာရှမောင်မယ်ရွေးပွဲများ ခေတ်စားကာ ကာယဗလနှင့် အလေးမ စိတ်ဓာတ်များ ငှီးရေအလားတက်ကြွခဲ့သည်။

စစ်ကြီး ပြီးဆုံးသွားသောအခါ မြန်မာ့ကာယဗလနှင့် အလေးမ စိတ်ဓာတ်သည် အသွင်တမျိုးဖြင့် တစခန်းထလာပြန်သည်။ စစ်မဖြစ်မီ ခေတ်ကကဲ့သို့ အသင်းအဖွဲ့ အမျိုးမျိုးကွဲနေခြင်းမရှိဘဲ မြန်မာနိုင်ငံ အလေးမအသင်းချုပ်ဟူ၍သာ တသင်းတဖွဲ့တည်း စည်းစည်းလုံးလုံး ပေါ် ထွက်လာသည်။ ထိုအသင်းချုပ်သည် အပြည်ပြည်ဆိုင်ရာ အလေးမအသင်းချုပ်နှင့် ၁၉၄၇ ခုနှစ် ဧပြီလတွင် ပထမအကြိမ် ဆက်သွယ်မိသည်။ ဤသို့ဆက်သွယ်မိခြင်းကြောင့် ကမ္ဘာ့ကာယဗလနှင့် အလေးမနယ်ပယ်တွင် မြန်မာတို့ ဝင်ရောက်ယှဉ်ပြိုင်ကာ အလေးမ နိုင်ရန် လမ်းပွင့်ခဲ့လေသည်။ အသင်းချုပ်ကြီး၏ လက်အောက်တွင် ခရိုင်အလေးမ အသင်းခွဲ ဆက်သွယ်လျက်ရှိသည်။ ရန်ကုန်မြို့ပေါ်နှင့် ... ဝန်းကျင်မှလည်း အပျော်ထမ်း အလေးမ အသင်း ပေါင်း ၁၁ သင်းမျှ ဆက်သွယ်လျက်ရှိသည်။


အသင်းချုပ်ကြီးမှ ကြီးမှူး၍ မိုးရာသီ အလေးမ ပြိုင်ပွဲ၊ မောင်မယ်ရွေးပွဲ၊ ဗလမောင်ရွေးပွဲ၊ အလေး မ တံခွန်စိုက်ပွဲများကို နှစ်စဉ်ကျင်းပကာ ကာယဗလနှင့် အလေးမ ထူးချွန်သူများ ပေါ်ထွက်လာအောင် ဆောင်ရွက်ကြသည်။ ယင်းသို့ အလေးမနှင့် ကာယဗလ သူရဲကောင်းများပေါ်ထွက်လာအောင် မွေးမြူပြီးနောက် ကမ္ဘာ့ပြိုင်ပွဲများသို့ ပို့ ထုတ်ပေးလေသည်။ ယင်းသို့ဖြင့် ၁၉၄၈ ခုနှစ်တွင် ၁၄ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် ကစားခုန်စားပွဲ၌ မြန်မာတို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့လေသည်။






**ဗြိတိသျှအစိုးရက** စာသင်ကျောင်းများတွင် အလေးမလေ့ကျင့်ခြင်းမပြုရဟု တားမြစ်သည့်ကြားမှပင် ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းသားများ အလေးမနှင့်ကာယအလှပြိုင်ပွဲကြီးကို ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အအုံတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြသည်။ အလေးမနှင့်ကာယဗလ အားပေးမြှင့်တင်နေကြသော ပုဂ္ဂိုလ်ကြီးများ၏ မလျှော့သောလုံ့လကြောင့် အောင်မြင်သည်ဟု ဆိုရပေမည်။ ထိုပုဂ္ဂိုလ်ကြီးများကိုအထက်ပုံတွင်ရှေတန်း၌တွေ့ရပေမည်။ ဝဲမှယာကာယဗလဦးရှိန်၊ မစ္စတာဟာပ်စကင်း (ယခုအမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အတွင်းရေးမှူး)၊ တက္ကသိုလ်သမဂ္ဂအတွင်းရေးမှူး၊ ဦးညွန့်ဖေ၊ ဦးဇော်ဝိတ်၊တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌ၊ ဝေါလတာချစ်ထွန်း၊ ယူဂျင်းရော်ဗတ်ဆန်၊ ဦးခင်မောင်လတ် (ယခုကျန်းမာရေးဝန်ကြီး)၊ ဦးသော်ဇင်တို့ဖြစ်ကြသည်။

**နိုင်ငံခြားသို့သွားရောက်ယှဉ်ပြိုင်ရုံမက** နိုင်ငံခြားမှကာယဗလသမားများကိုလည်း ဖိတ်ခေါ် ယှဉ်ပြိုင်ကြသေးသည်။ အိန္ဒိယနိုင်ငံမှ အလေးမသမားများကို ၁၉၄၇ ခုနှိဝင်ဘာလတွင်ဖိတ်ခေါ်၍ ရန်ကုန်မြို့ ဘီ အေ အေဘောလုံးကွင်းကြီး၌ (အလယ်ပုံ - အိန္ဒိယ အလေးမသမားများနှင့်ယှဉ်ပြိုင်ရန် ရွေးခြယ်ထားသော မြန်မာအလေးမသမားလက်ရွေးဆန်များ) ယှဉ်ပြိုင် အလေးမကြသည်။ ဤပွဲ၌လည်း မြန်မာတို့က အိန္ဒိယအလေးမသမားတို့အား အပြတ်အသတ်အနိုင်ရခဲ့သည်။






**၁၉၃၅ ခုနှစ်က** အိန္ဒိယနိုင်ငံ၌ကျင်းပသော အာရှတိုက်လုံးဆိုင်ရာအလေးမပြိုင်ပွဲ၌အာရှချန်ပီယန်အဖြစ် အလေးမဗိုလ်ဆွဲခဲ့သော ကိုဇော်ဝိတ်နှင့် ဆရာဖြစ်သူ ကာယဗလဦးရှိန်တို့အား (ပန်းကုံးစွပ်ထားသူများ) မြန်မာနိုင်ငံသို့အပြန် ကလကတ္တားသင်္ဘောဆိပ်၌ ဤသို့(ယာပုံ) တွေ့မြင်ရ၏။



**ကွန်တီနင်တယ်လစ်ခေါ်** ဥရောပ မှ,နည်းတွင်အိန္ဒိယနှင့်မြန်မာနှစ်နိုင်ငံလုံး၌ ပြိုင်ဖက်ကင်းအောင်မနိုင်သူကိုစံသင်(ဝဲပုံ)သည် ၁၉၃၆ ခုနှစ်တွင်အိန္ဒိယနိုင်ငံ၌ ကျင်းပသော အာရှတိုက်လုံးဆိုင်ရာအလေးမပြိုင်ပွဲ၌ ဂ စတုန်တန်းတွင် အာရှချန်ပီယန်ဘွဲ့ကိုဆွတ်ခူးရရှိခဲ့သည်။ တံခွန်စိုက်အမ.ား ပေါ်တွင် ထူးချွန်စွာ မ,နိုင်သည့်ထိပ်သီးဘွဲ့ကိုလည်း ဆ.ာ ခူးနိုင်ခဲ့သည်။ ကိုင်ထားသော ဖလားမှာ ထိပ်သီး.ဲ့ ဖလားဖြစ်သည်။



**၁၉၃၆ ခုနှစ်က** ဂျာမနီနိုင်ငံဘာလင်မြို့၌ ကျင်းပသော ဆယ့်တကြိမ်မြောက် အိုလံပစ်ပွဲတော်သို့ မြန်မာနိုင်ငံမှ အာရှအလေးမချန်ပီယန် ကိုဇော်ဝိတ်နှင့်ဆရာဖြစ်သူကာယဗလဦးရှိန်တို့သည် အိန္ဒိယအဖွဲ့ဝင်များအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့စဉ်က ၁၉၃၆ ခုနှစ် ဟဲဗီးဝိတ်ချန်ပီယန်မင်းဂါး (ယာပုံ-ဝဲလူ)၊ ၁၉၃၂ ခုနှစ် မစ်ဒဲဝိတ်ချံပီယန်အစ္စမေယာ(အလယ်လူ)၊ ကာယဗလဦးရှိန်(ယာလူ) ဘာလင်မြို့တွင်အတူရိုက်ကူးထားပုံ။ ထိုပြိုင်ပွဲတွင်မြန်မာတို့အောင်ပန်းမဆွတ်ခူးနိုင်ခဲ့သော်လည်း မြန်မာတို့ကာယဗလနယ်၌ အတော်စိတ်ဝင်စား၍ နိုင်ငံခြား၏ အသိအမှတ်ပြုခံခဲ့ရသောအကျိုးကိုရလိုက်၏။

ဘောလုံးကန် ကစားနည်းကား အနောက်နိုင်ငံ ကစားနည်းဖြစ်၏။ မြန်မာတို့ ရှေးအထက်ကျော် ကာလိက မကစားခဲ့ဘူးချေ။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက်မှ ဝင်ရောက်လာသော ကစားနည်းဖြစ်၏။ ၁၉၀၃ ခုနှစ်လောက်အထိ မြန်မာဘောလုံးအသင်းဟူ၍ ကျကျနန မရှိသေးချေ။ စီနီယာတန်း ဘောပွဲများတွင် အင်္ဂလိပ်စစ်တပ်များမှ ဂေါ်ရာဘောလုံးသမားတို့ ခြေစွမ်းပြနေချိန်ဖြစ်၏။ သို့ရာတွင် မြန်မာလူငယ်များ ပါဝင်သော ရန်ကုန်ကောလိပ်ဘောသင်း၊ ဗက်ပတစ်ကောလိပ်ဘောသင်းနှင့် စိန်ပေါကျောင်း ဘောသင်းတို့ စီနီယာတန်းသို့ တက်ကစားစပြုနေသော အချိန်ဖြစ်၍ မြန်မာနိုင်ငံသားထဲမှ စိန်ပေါအသင်းမှ ဂျွန်ဒူးခေါ် ဂျေဗတ်ကနင်မှာ ထိုအချိန်ကနာမည်အထွက်ဆုံး ဘောဝိဇ္ဇာတဦးဖြစ်သည်။ ဂေါ်ရာများမှာ အရပ်ကလည်းရှည်၊ ဗလကလည်းကောင်းသဖြင့် သူတို့အား ပြိုင်၍ဘောလုံးကိုလိမ်နိုင်၊ ယူပြေးနိုင်၊ ဂိုးသွင်းနိုင်သူ အလွန်ရှား၏။ သို့ရာတွင် များမကြာမီ ဂေါ်ရာက အရှုံးပေးရသော ရန်ကုန်တက္ကသိုလ်ဘောသင်းမှ ကိုဘလှဆိုသူ မြန်မာဘောသမားတဦး ထွန်းကားလာသည်။

ထိုခေတ်လောက်က နာမည်ထွက်ခဲ့သော ဘောလုံးအသင်းများမှာ ရှိုင်ယယ်စကော့ဇုံးတပ်၊ ရန်ကုန်မြို့စောင့် ဂေါ်ရာတပ်နှင့် ဘီ အို စီ ကုမ္ပဏီမှ အင်္ဂလိပ် အရပ်သားများပါဝင်သော ရန်ကုန်ဘောအသင်းတို့ဖြစ်၏။ ထိုအသင်းများ၌ ကမ္ဘာကျော်ဘောသမားများရှိနေရာ မြန်မာတိုင်းရင်းသား အသင်းများ ရုတ်တရက် ပွဲမတိုးနိုင်အောင် ဖြစ်နေလေသည်။ ထိုအခါက ကစားကွင်းမှာ ယခုအောင်ဆန်းကစားကွင်းကြီး မြောက်ဖက်ကပ်လျက် ရှိသော ဖ ဆ ပ လ စံပြကွက်သစ် နေရာဖြစ်၏။ ၁၉၁၀ ပြည့်နှစ်လောက်ကျမှ ယခုလက်ရှိ အောင်ဆန်းကွင်းနေရာတွင် ဘီ အေ အေ ကစားကွင်း ဟူ၍ ပေါ်လာလေသည်။

၁၉၁၀ ပြည့်နှစ်ခန့်က စီနီယာတန်းတွင် ဘီ အို စီ အသင်း၊ သံလျှင်ဂျင်မခါနာအသင်း၊ ရန်ကုန်ဂျင်မခါနာအသင်းနှင့် ဝိုင် အမ် စီ အေ အသင်းတို့ အပြိုင်အဆိုင် ကစားခဲ့ကြ၏။ အသင်းခွဲရာ၌လည်း အတန်းအစား မများလှသေးချေ။ စီနီယာတန်းမြင့်တွင် ပထမတန်းနှင့် ဒုတိယတန်းဟုခွဲ၍ ဂျူနီယာတန်းလတ်တွင်တတန်းတည်းသာရှိသည်။


ပထမကမ္ဘာစစ်အတွင်းက မြန်မာလူငယ် ဘောလုံးသမားများ အတော်ပင် နာမည်ထွက်လာလေသည်။ ရန်ကုန်ကောလိပ်အသင်းက ဂျူနီယာတံခွန်စိုက်ဖလားကို စ၍ရလိုက်၏။ ထိုအသင်းမှ နာမည်ကျော် ဘောသမားများမှာ ဦးဘလှ၊ ဆရာဘသန်း၊ ဒေါက်တာဘသန်း၊ ဝီလျံဦးသန်း၊ ဂျွန်အောချတ်၊ ဦးဘိုးသော်ဒါ၊ မန္တလေးဦးဧမောင်၊ ဦးသော်မြ၊ ဦးစံရှိန်နှင့် ဦးထွန်းအုံစသောပုဂ္ဂိုလ်များဖြစ်၏။ ထိုအချိန်က အထက်မြန်မာပြည် နာမည်ကြီးသောဘောဝိဇ္ဇာကား သူရဲအောင်စိန်ပင်ဖြစ်၏။ အထက်အောက်မြန်မာပြည် တံခွန်စိုက်ဘောပွဲများလည်း စတင်ကျင်းပနေလေပြီ။ ၁၉၁၂ ခုနှစ်မှ ၁၉၁၇ ခုနှစ်အထိ အောက်မြန်မာပြည်အသင်းကို အထက်မြန်မာပြည်အသင်းက နိုင်သည်ချည်းဖြစ်၏။ ပထမ ကမ္ဘာစစ်အတွင်း၌ မြန်မာနိုင်ငံတွင် ဂေါ်ရာတပ်များ နည်းပါးသွားရာ မြန်မာဘောအသင်းများ တိုးငင်လာနိုင်ခဲ့သည်။ ယင်းသို့

**ပထမအကြိမ်မြောက်** မြန်မာနိုင်ငံ အိုလံပစ်ကစားခုန်စား ပွဲကြီးကို ၁၉၄၇ ခုနှစ်ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပ လေသည်။ ထိုပွဲကြီးကို ဖွင့်လှစ်ရာ၌ နိုင်ငံတော်သမ္မ တအိမ်ရှေ့သို့က ဆီမီးတော်ယူဆောင်ပြေးလိုက်သော အို လံပစ်မီးတိုင်ကို (စာမျက်နှာ ၉၈ အောက်ပုံ) အားကစား သမားကောင်းပုဂ္ဂိုလ်ကြီးများက လက်ဆင့်ကမ်းကာ ဘိ[illegible] ကစားကွင်းကြီးသို့ သယ်ဆောင်သွား၍ ကစား ကွင်း၌ လှန်းညှိသွားလေသည်။ နိုင်ငံတော်သမ္မတ(ယာပုံ အလယ်လူ)၊နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု (ယာလူ) နှင့်မြန် မာနိုင်ငံအိုလံပစ်အသင်းချုပ်ဥက္ကဋ္ဌ ဆရာဝန်ကြီးဦးမင်းစိန် (ဝဲလူ)တို့အား အိုလံပစ်ပြိုင်ပွဲဝင်အားကစားအဖွဲ့များက ချီတက်အလေးပြုကြသည်။ ထိုကစားခုန်စားပွဲကြီးတွင် မာရသွန်ပြေးပွဲ၌ကြီးငွေ(ပေါင်းတည်) (အောက်ပုံ - ပြေး နေစဉ်ဘေးမှလိုက်၍ စောင့်ရှောက်သူတစုနှင့်အတူ)ပထမ ရရှိလေသည်။






**လန်ဒန်မြို့၌** ၁၉၄၇ ခုနှစ်တွင် ကျင်းပသည့် ၁၄ ကြိမ် မြောက်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့မြန်မာကိုယ်စားလှယ်များ (အောက်ပုံ - နိုင်ငံတော်အလံလွှင့် ချီတက်လာစဉ်) အဖြစ် ပြေးပွဲအတွက်ကိုစိန်ဖေ၊ လက်ဝှေ့ပွဲအတွက် စောဟာရီနှင့် ကိုမျိုးသန်း၊ အလေးမပြိုင်ပွဲဝင်ရန်ကိုဝင်းမောင် (၁၂၃ ပေါင်တန်း) နှင့် မောင်စကြာဝဠာပြိုင်ပွဲဝင်ရန် ကိုအိန်ဆိုင် (မောင်ဗမာ) ကို စေလွှတ်ခဲ့သည်။ ထိုပြိုင်ပွဲတွင် မြန် မာတို့ဆုမရသော်လည်း စိတ်ပျက် အားလျော့ခြင်းမရှိခဲ့ ချေ။ ကမ္ဘာ့ကာယဗလပုဂ္ဂိုလ်များနှင့် တွေ့ဆုံရင်းနှီးရ၍ သူတို့၏လုပ်နည်းကိုင်နည်းကို လေ့လာခွင့်ရသဖြင့် မြန် မာကာယဗလသမားတို့ မျက်စိအပွင့်ကြီးပွင့်ခဲ့သည်။







**ဝီလျံယန်းဂါးအသင်း၏** အထက်အောက်မြန်မာပြည်ဘောလုံးတံခွန်စိုက် ဖလားလုပွဲများကို ၁၉၀၇ ခုနှစ်လောက်မှ စတင်၍ကျင်းပခဲ့ရာ ထိုအချိန်က ဘောလုံးလောကတွင် မြန်မာများကို အလွန်အတွေ့ရနည်းလှသည်။ ဂေါ်ရာများမှာ အရပ်ကလည်းရှည်၊ ဗလကလည်းကောင်းသဖြင့် မြန်မာတို့ ကြားမဝင်နိုင်အောင် ဖြစ်ရလေသည်။ ၁၉၀၇ ခုနှစ်က တံခွန်စိုက်ဖလားကို ဆွတ်ခူးသွားသော အောက်မြန်မာပြည်ညွန့်ပေါင်းအသင်းဝင်တို့၏ပုံ (အပေါ်ပုံ) ကို ကြည့်ခြင်းဖြင့်မြန်မာတို့ဘောလုံးလောက၌ နာမည်မထွက်သေးကြောင်းထင်ရှားသည်။

မတ်ရပ်ထနေသူများ၊ဝဲမှယာ -ဆောက်ကော့၊ စမစ်၊ မက်ဒေါ်နယ်၊ ပွိုက်၊ မော့စဗီ၊

အခွင့်အရေးကောင်း ရလိုက်သည့်အချိန်မှစ၍ မြန်မာဘောလုံးသမားများ တိုးတက်လာသည်နှင့်အမျှ ခြေစွမ်းပြနိုင်ခဲ့၏။ ၁၉၁၆ ခုနှစ်မှစ၍ ရန်ကုန်ကောလိပ်အသင်းက လေးနှစ်တိုင်တိုင်ဆက်၍ တံခွန်စိုက်ခဲ့၏။ ထိုအချိန်က နာမည်ကြီး ကောလိပ်ဘောသမားများမှာ ဦးထင်ဘွား၊ ဦးကျော့မောင်၊ ဦးထွန်းမြိုင်၊ ဆရာဦးဘသန်းတင်၊ ဦးဘညွန့် (ကွာစိဘညွန့်)၊ ကက်ပတိန်ဘဖူး၊ ဦးဘအေး၊ ဦးဘဂျမ်း၊ ဦးစံမြင့်၊ ဆရာဘသန်း၊ ဦးညိုတို့ဖြစ်ကြ၏။ ယင်းသို့ ကောလိပ်အသင်းမှ တံခွန်စိုက်နိုင်ခြင်းမှာဘောင်ဇွာတဦးဖြစ်သူ ပါမောက္ခအိုဝင်၏ လေ့ကျင့်ပေးမှုကြောင့်ဖြစ်သည်။ ထိုခေတ်တွင် အင်းစတက်ခေါ် ခြေဖမိုး ချိတ်ကန်နည်းကို အထူး လိုက်စားလာလေသည်။

အထက်အောက်မြန်မာပြည် ဘောပွဲများတွင်လည်း ၁၉၁၈ ခုနှစ်လောက်မှစ၍ အောက်မြန်မာပြည်က အနိုင်များလာသည်။

ပထမကမ္ဘာစစ်ပြီး ခေတ်လောက်တွင် ပုလိပ်ကြီးအသင်းနှင့် မီးရထားအသင်းတို့ တလှည့်စီဗိုလ်စွဲကြပြန်သည်။ ထိုခေတ်က နာမည်ကျော်ဘောသမားများမှာ ဘဘဘ၊ သန်းကြွယ်၊ မောင်မောင်ချစ်၊ လိဒမန်၊ မက္ကန္နန်၊ ပတ်စလီကြီးတို့ဖြစ်ကြ၏။

ဒုတိယကမ္ဘာစစ်ကြို ခေတ်လောက်တွင် နာမည်ထွက်နေသော ဘောလုံးအသင်းများမှာ ယူနီဗာစီတီကောလိပ်၊ ဖရင်းယူနီယံ၊ ပုလိပ်ကြီး၊ ဇရာဇတီ၊ မျူနီစီပယ်နှင့် ကပ်စတန်ဘောသင်းတို့ဖြစ်ကြ၏။ စစ်မဖြစ်မီ လေးငါးနှစ်ဆက်၍ ယူနီဗာစီတီကောလိပ်အသင်းမှ တံခွန်စိုက်လေသည်။ နာမည်ကျော်ဘောလုံးသမားများမှာ မောင်ဝင်း၊ ယုတ်ကွင်၊ မောင်မောင်ကလေး၊ ကံညွန့်၊ စတီဗင်၊ မန်ရို၊ အေးငွေစသည်တို့ဖြစ်ကြသည်။

စစ်အတွင်း၌ကား ဘောလုံးသမားများကောင်းစွာမကျင့်ရချေ။ သို့သော် ဗုံးချနေသည့်အကြား၌ ဟီရာအိုကာ ဒိုင်းလုပွဲ ကစားကြသေးသည်။

စစ်ပြီးခေတ်၌ ကမ္ဘာ့ ဘောလုံးအဆင့်အတန်းကိုမှီအောင် မြန်မာတို့ လေ့ကျင့်နေကြ၏။ စစ်ပြီးခေတ် နာမည်ကျော် ဘောလုံးသမားများမှာ ဗိုလ်မှူးဘရွှေ၊ဗိုလ်ဂွမ်ရှိန်၊ စောနီ၊ ဘကြူ၊ ဆင်မျူယယ်ဇွန်ဂတ်၊ ဘသန်း၊ အော်ကင်း၊ လှကြိုင်၊ စိန်လှိုင်၊ ဒီမဲလိုး၊ ထွန်းရှိန်၊ ရေဝ္ဒရစ်၊ ပတ်စလီလေး၊ ချန်စိန်တို့ဖြစ်ကြသည်။

အလေးမနှင့် ဘောလုံးကစားခြင်းအပြင် အခြားခေတ်စားသော ကစားမျိုးများမှာ လှေပြိုင်ပွဲ၊ လက်ဝှေ့ပွဲ၊ နပန်းပွဲ၊ ခြင်းခတ်ပွဲ၊ ပြေးခုန်ပွဲတို့ပင်ဖြစ်လေသည်။

လှေပြိုင်ပွဲများကို ရန်ကုန် မျူနီစီပယ်အဖွဲ့မှ ကြီးမှူး၍၎င်း၊ ရန်ကုန်တက္ကသိုလ် လှေအသင်းမှ ကြီးမှူး၍၎င်း ကျင်းပကြသည်။

လက်ဝှေ့ပွဲကြီးများ၌ အင်္ဂလိပ် လက်ဝှေ့ထိုးနည်းရော မြန်မာလက်ဝှေ့ထိုးနည်းပါ ပါဝင်ကြ၏။ ပထမကမ္ဘာစစ်ပြီး ခေတ်လောက်ကပင် စတင်၍ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဆုဖလား၊ ဒိုင်းစသည်တို့ချီးမြှင့်ကျင်းပနေကြသည်။ နပန်းပွဲသတ်ခြင်းကိုမူ မြန်မာတို့ထက် အိန္ဒိယ၊ တရုပ်နှင့် ဂျပန်လူမျိုးတို့က ပို၍ယှဉ်ပြိုင်ကြသည်။ ၁၉၃၂ ခုနှစ်ကာလမှာ ချန်ပီယံ ဂျပန်လူမျိုးအာဝ္ရိကောသစ်နှင့် အိန္ဒိယ ချန်ပီယံ ဂါးမားတို့ ရန်ကုန်မြို့၌ ယှဉ်ပြိုင်သတ်ခဲ့လေသည်။



**အထက်အောက်မြန်မာပြည်** တံခွန်စိုက်ဖလားလုပွဲများကို ကျင်းပလာခဲ့သော် စောစောပိုင်းက အထက်မြန်မာပြည်မှ အနိုင်ရသည်သာ များခဲ့သော်လည်း ၁၉၁၀ ခုနှစ်မှစ၍ အောက်မြန်မာပြည်က အနိုင်များခဲ့လေသည်။ ၁၉၃၄ ခုနှစ်က ယှဉ်ပြိုင်ကစားကြသော အထက်အောက်မြန်မာပြည် ဘောလုံးအသင်းသားများနှင့် ကြီးကြပ်အုပ်ချုပ်သူများ အားလုံးတွဲ၍ (အထက်ပုံ) ဓါတ်ပုံရိုက်ကူးထားသည်။

စတုတ္ထတန်းဝဲမှယာ - မန်ရို (ယူနီဗာစီတီ)၊ စတီဗင် (ယူနီဗာစီတီ)၊ မက်အင်းတိုင်ယား (ရမည်းသင်း)၊ ဗတ်ကနင် (ကပ်စတန်)၊ ထွန်းအေး (မေမြို့) ၊ဘညိမ်း (ဘားမားရိုင်ဖယ်)၊ဒီ လာတော့ (ပုလိပ်)၊ မစ်ဒယ်တန် (မေမြို့)၊ လင်းစဒေး (ပုလိပ်)၊ ပေး (မီးရထား)။

တတိယတန်းဝဲမှယာ - ရွှေ (ကပ်စတန်)၊ မောင်မောင်ကလေး (ယူနီဗာစီတီ)၊ ဖိလစ် (မေမြို့)၊ စောဗယ်လီ (ကပ်စတန်)၊ ကိုး (ကပ်စတန်)၊ ဘရှင် (မျူ)၊ မောင်မောင်ကြီး (မေမြို့)၊ စမတ် (ရမည်းသင်း)၊ ရာဘ (ပုလိပ်)၊ သာဒင် (ပုလိပ်)၊ ကံညွန့် (ယူနီဗာစီတီ)။

ဒုတိယတန်းဝဲမှယာ - ကေမရွန် (ဘီ၊ အေ၊ အေအတွင်းရေးမှူး)၊ ဦးဖေသန်း (အထက်မြန်မာပြည်ဘောလုံးအသင်းဥက္ကဋ္ဌ)၊ ဗုဂရေဗလီ (ဘီ၊ အေ၊ အေဥက္ကဋ္ဌ)၊ လက်ဖတင်နင်ကာနယ်ဝဲလဗုန်း။

ပထမတန်း - မောင်ခ (ပုလိပ်)၊ ကံထး (ပုလိပ်)၊ ဆက် (ဘားမားစီဗီးလီးယန်း)၊ ရပ်သန်ဗီ (ပုလိပ်)။

၁၉၃၄ ခုနှစ် ဝီလျံယန်းဂါး တံခွန်စိုက်ဖလားပွဲတွင် အောက်မြန်မာပြည်မှ အနိုင်ရရှိလေသည်။

**ဒုတိယကမ္ဘာစစ်ကြိုခေတ်လောက်တွင်** မြန်မာနိုင်ငံ ဘောလုံးအသင်းများ အတော်နာမည်ထွက်လာသည်။ နာမည်ကျော် ဘောလုံးအသင်းများအနက် ယူနီဗာစီတီဘောလုံးအသင်းမှာ လူထု၏အားပေးခြင်း အခံရဆုံးနှင့် နာမည်အကြီးဆုံး ဘောလုံးအသင်းဖြစ်၏။ နိုင်ငံကျော်ဘောလုံးဝိဇ္ဇာ အများအပြားထွက်ရာ အသင်းလည်းဖြစ်သည်။ (အောက်ပုံ ၁၉၃၄ ခုနှစ်က ယူနီဗာစီတီ ဘောလုံးအသင်းဝင်များပုံ)နောက်တန်းဝဲမှယာ - အဟိန်၊ အေးငွေ၊ ဟေး၊ ကိုကိုလေး၊ ရပ်ချ၊ လက်စတရိန်း၊ သိန်းအောင်။ အလယ်တန်းဝဲမှယာ -မောင်မောင်ကလေး၊ ပါမောက္ခဗရူ၊ မောင်ဝင်း၊ပါမောက္ခလု၊ မန်ရို၊ဆရာဘသန်း၊ယုတ်ကွင်။ ရှေ့တန်းဝဲမှယာ - စတီဗင်၊ ကံညွန့်။





ထိုင်နေသူများ၊ ဝဲမှယာ -လစ်မီး၊ ဂေါ်ဒွင်၊ ဖင်တန်၊ ဒျူး ဗန်း၊ ဒီးကွန်၊ဗရောင်း။
အောက်၌ထိုင်နေသူများ - ဝု၊ တက်၊ ဗင်ဆင်၊ ပတ်။
၁၉၁၇ ခုနှစ်လောက်တွင်မူ မြန်မာဘောလုံးနာမည်ကျော် များ အတော်ပင်ပေါ် ပေါက်ခဲ့ကြောင်းကို ၁၉၁၇ ခုနှစ်က ဝီလျံယန်းဂါးအသင်း၏ တံခွန်စိုက် ဖလားဆွတ်ခူးသွား သည့် အောက်မြန်မာဘောလုံးညွန့်ပေါင်းအသင်းဝင်များ ပုံ(စာမျက်နှာ ၁၀၂-အောက်ပုံ)အရသိသာသည်။နောက် တန်းဝဲမှယာ - တူတူး (စိန်ပေါ)၊ မောင်ဆက် (အစိုးရ ကျောင်း)၊ မောင်ညို (ရန်ကုန်တက္ကသိုလ်)၊ ပတ်စီ (ဗိုင်-အမ်-စီ-အေ)၊ဗာတန်(ကပ်စတန်)၊ ဘညွန့်(ရန်ကုန်တက္က သိုလ်)၊ဘချို (ပုလိပ်)။
အလယ်တန်းထိုင်နေသူများဝဲမှယာ - ချင်ကွီး (စိန်ပေါ)၊ ဘလှိုင်(ရန်ကုန်တက္ကသိုလ်)၊မက်တန်း (သံလျှင်)၊စတူးဝပ် (သံလျှင်)၊ ဒရိုင်း (ဂျင်မခါနာ)၊ ဘသန်း (အစိုးရ ကျောင်း)၊ ပတ်စလီ (သံလျှင်)။

**ပထမကမ္ဘာစစ်အတွင်းက** မြန်မာလူငယ် ဘောလုံး... များ အတော်ပင်နာမည်ထွက်လာလေသည်။ ... ကောလိပ်အသင်းက ဂျူနီယာတံခွန်စိုက် ဖလား ... ရလိုက်၏။ ၁၉၁၆ ခုနှစ်မှစ၍ ရန်ကုန်ကောလိပ်အ... လေးနှစ်တိုင်တိုင်ဆက်၍ တံခွန်စိုက်ခဲ့လေသည်။ ... ပုံ၌ ၁၉၁၇ ခုနှစ်တွင် စီနီယာပယ်လမ်တန်း တံခွန်... ဝါတာလော့ဖလားပွဲတွင် ဒုတိယရသော ရန်ကုန်... ဘောလုံးအသင်းဝင်များကို တွေ့ရပေမည်။ ထိုခေတ်က နာမည်ကျော် ဘောလုံးသမား အများအပြားပေါ်... လေသည်။
နောက်တန်းဝဲမှယာ - ဘဥာဏ်၊ မောင်ညို၊ လင်... ဘသန်းတင်၊ လှသွင်၊ ဘညွန့်၊ လွန်းမြိုင်၊ ဆရာဘသန်း။
အလယ်တန်းဝဲမှယာ - ပါမောက္ခဇော်ဒီးဗဲလား၊ ဖိုးဇံမြင့်၊ မစ္စတာ တက်ဟန်းလား (ကျောင်းအုပ်ကြီး) ၊ဘလှိုင်၊ ဆရာဦးဘ။
ရှေးဆုံးတန်းဝဲမှယာ - ဘသန်း၊ ညိုပု၊ လွန်းမို၊ မောင်မြင့်၊

သူတို့၏စည်းမျဉ်းအရပင် ခြင်းယိုင်ခတ် ပြိုင်ပွဲများ ကျင်းပခဲ့လေသည်။ သို့ရာတွင် ဒုတိယကမ္ဘာစစ် အတွင်း၌ စံနစ်တကျ ခြင်းခတ်ပွဲများ မပြုလုပ်နိုင် သလောက်ဖြစ်ခဲ့၏။

စစ်ပြီးခေတ်၌မူ ၁၉၄၇ ခုနှစ်က ကျင်းပသော ရုပ်ရှင်နှင့်ပြဇာတ် အစည်းအရုံး ပြပွဲကြီးတွင် ခြင်း ယိုင်ခတ်ပြိုင်ပွဲတကြိမ်၊ ၁၉၄၈ ခုနှစ်တွင်တဖန် အိုလံပစ် ခြင်းယိုင်ခတ်ပြိုင်ပွဲတကြိမ် ပေါ်ပေါက်ခဲ့ လေသည်။ ၁၉၄၈ ခုနှစ်တွင်ကျင်းပမည်ဖြစ်သော ၁၄ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပွဲတော်တွင် ခြင်း ခတ်ပြိုင်ပွဲ ကျင်းပယှဉ်ပြိုင်ရန် မြန်မာတို့ အားခဲခဲ့ သော်လည်း ယှဉ်ပြိုင်ဖက်မရှိသေးသဖြင့် မအောင် မြင်ခဲ့ချေ။



**ခြင်းဘိုးစိန်** ဟု နာမည်ရခဲ့သော ရတနာကုန်သည်ကြီး ဦးစိန်(အထက်ပုံ) သည် ၁၉၀၅ ခုနှစ်မှစ၍ရွှေတံဆိပ်များ ခြီးမြှင့်ခံခဲ့ရသူဖြစ်သည်။ ခြင်းခတ်ဟန်နှင့် ကိုယ်လုံးကိုယ် ပေါက် လှပပြေပြစ်မှုကြောင့် ကျော်ကြားသည်။ အမှတ် ပေးစံနစ်နှင့် ခြင်းပြိုင်ပွဲများကိုစတင်တီထွင်ခဲ့သူဖြစ်သည်။

**ခြင်းရှဲဝိဇ္ဇာဦးလော်ပေါ် သည်**(အောက်ပုံ-ခြင်းခြောက်လုံး တပြိုင်တည်းကစားစဉ်) ၁၉၂၄ ခုနှစ်တွင်အင်္ဂလန်ပြည် လန်ဒန်မြို့ ဝင်ဗလေကစားကွင်း၌ ကျင်းပသော ဗြိတိသျှ အင်ပိုင်ယာ ပြပွဲကြီးသို့ သွားရောက်လျက် ခြင်းခတ် ပြရာ မြန်မာ့ကစားနည်းတမျိုးဖြစ်သော ခြင်းခတ်ခြင်း ကို အနောက်နိုင်ငံသားများ ခြီးကျူးစိတ်ဝင်စားလာကြ လေသည်။

**ခြင်းခတ်ရာ၌** တဦးချင်းအလှခတ်တွင် ဒဂုံ-ဦးထွန်းတင် လည်း ဦးလော်ပေါ်တို့ကဲ့သို့ ခြင်းဝိဇ္ဇာတဦးဖြစ်သည်။ ခြင်းဝိဇ္ဇာဆရာကြီး ဦးသင်း၏ တပည့်ရင်းဖြစ်၏။ ၁၉၃၇ ခုနှစ်က ဂျူဗလီဟော၌ စက်မှုလက်မှုပြပွဲကြီး ကျင်းပ စဉ် ဦးထွန်းတင် အလှခတ်ပြနေပုံ။ ထိုပွဲတွင်သူပင် ဦး သာယာဝတီမောင်မောင်ဒိုင်းကို ဆွတ်ခူးသွားလေသည်။





# ခြင်းခတ်ပွဲ

ခြင်းခတ်ခြင်းမှာမူ ကမ္ဘာပေါ်တွင် မြန်မာတဦး သာလျှင် ခတ်တတ်သော မြန်မာတို့၏ ကိုယ်ပိုင် ကစားနည်းဖြစ်၍ မည်သည့်နိုင်ငံကမျှလည်း ယှဉ် ပြိုင်ခြင်း မပြုနိုင်ချေ။ ဤကစားနည်းမှာ ကမ္ဘာ ပေါ်တွင် နေရာအကျဉ်းဆုံးနှင့် စရိတ်အကျဉ်းဆုံး ကစားနည်းဖြစ်သည်။ ထို့ကြောင့်ပင် လူအတန်း အစားမရွေး လွယ်လင့်တကူ ကစားနိုင်လေသည်။

၁၉၀၀ ပြည့်နှစ်ခန့်က ခြင်းပေါက်ကို ရိုးရိုးပင် ခတ်ကြသည်။ ရိုးရိုးဆိုသည်မှာ ဒူး၊ ခြေဖျား၊ ခြေ ခွင်ဟူသော ခြင်းလုံးကို မျက်ခြည်မပြတ်ကြည့်ပြီး လျှင် အမြင့်ခတ်သည့် ခတ်နည်းနှင့် မျက်မြင်မှ ပျောက်ကာ နောက်သို့ရောက်သွားမှ နောက်နှင့် ခတ်သည့် နောက်ပေါက်ဖဝါး၊ မဟာ၊ ရင်လိမ်ဆို သည့် ခတ်နည်းများသာရှိခဲ့၏။ သို့ရာတွင် ၁၉၁၀ ပြည့်နှစ်ခန့်သို့ ရောက်သောအခါ ထိုရိုးရိုးခတ် နည်းများကို အဆန်းခတ်ဖြစ်အောင် ခုန်၍ခုန်၍ ခတ်ကြလေသည်။ နောက်ခတ်များလည်း တ ချက်တည်းနှင့် တဦးမှတဦးသို့ ရောက်အောင်မခတ် ဘဲ အချက်ပေါင်းများစွာ ခတ်နိုင်အောင် ဆွဲ၍ခတ် ကြသည်။ ထိုခေတ်တွင် ပုခုံးညှပ်နည်းများနှင့် အ ခတ်ရေအညှပ်ပါ တွဲခတ်ကြသည်။ ထိုခေတ်ခန့် တွင်ပင် အမှတ်ပေးစံနစ်ဖြင့် ယှဉ်ပြိုင်သည့် ခြင်း ခတ်ပွဲများ ကျင်းပသည့်အလေ့အထစတင်ခဲ့သည်။

အမှတ်ပေးစံနစ် ပေါ်ပေါက်လာသည့် အတွက် ခြင်းပေါက်များသည် ယခင်ကကဲ့သို့ မမြင့်တော့ဘဲ နိမ့်သည်ထက်နိမ့်၍ နိမ့်၍လာလေသည်။ ၁၉၁၀ ပြည့်နှစ် မတိုင်မီခန့်က ခြင်းကို မည်မျှမြင့်မြင့်ခတ် သနည်းဟူမူ နေဝင်ခါနီး ခြင်းဝိုင်းအသိမ်းလောက် တွင် နေဝင်ခြင်းဟူ၍ပင် ထန်းပင်ဖျားလောက် ခြင်းလုံးရောက်အောင် ခတ်လေသည်။ ခြင်းလုံး အောက်ကိုမရောက်မီ အောက်မှလူက ခြင်းလုံးကို သစ္စာနှံတော့မည့် ဟန်မျိုးဖြင့် ဟန်ယူနေသည်ကို ကြည့်ရသည်မှာ အရသာတမျိုးရှိလှသည်။ သို့ရာ တွင် ခြင်းပေါက် နိမ့်လာရခြင်းမှာ အမှတ်စံနစ်ဖြင့် အပြိုင်ခတ်ရလေရာ ပေးထားသော အချိန်အတွင်း ၌ အမှတ်အများဆုံးရအောင် ခတ်ရသဖြင့် ခြင်း လုံးကို လေထဲကြာကြာ မထားကြတော့ဘဲ အ ချက်ပေါင်းများများ ခတ်နိုင်အောင် နိမ့်နိမ့်ခတ်ကြ ရခြင်းဖြစ်လေသည်။ ယင်းသို့ ခြင်းသည်လှူတယ် ပင်မကျော်တော့ရကား သူ့ခြင်း ကိုယ့်ခြင်းမခွဲခြား နိုင်တော့ဘဲ ဦးရာလူက ခတ်သည့်အလေ့ ပေါ်လာ လေသည်။ ဤသို့ဖြင့် ယခင်ကကဲ့သို့ လကျာပေါင်းသိ ထုံးစံမရှိတော့ချေ။


၁၉၃၀ ပြည့်နှစ်ခန့် ရောက်သည့်အခါ ခြင်းခတ် နည်း ပို၍ မျိုးစုံလာလေသည်။ ထိုအဆန်းခတ် နည်းအမျိုးမျိုးကို အချက်ပေါင်းများများ ခတ် လေ့ရှိကြ၏။ ယင်းသိခတ်နည်း အဆန်းများပေါ် ပေါက်လာကာ တဖြည်းဖြည်း ရှေးထုံး ရှေးညာ စည်းမျဉ်းများ တစတစ ပပျောက်သွားလေသည်။ သို့ရာတွင် ခတ်နည်းမျိုးစုံသော အမြတ်ကိုသား ရလိုက်လေသည်။ တနိုင်ငံလုံး လိုက်နာနိုင်မည့် ခြင်းလုံးစည်းမျဉ်း ဥပဒေဟူ၍ စံနစ်တကျကား မရှိ သေးချေ။

၁၉၃၃ ခုနှစ်တွင် ရန်ကုန်မြို့ဗဟိုခြင်းခတ်အသင်း ကြီးမှ ကြီးမှူးကျင်းပသော ခြင်းလုံးကျွန်ဖလား ပေါ်လာလေသည်။ သို့ရာတွင် နောက်ဆက်လက် ၍ ကျင်းပဖြစ်သည်ဟု မကြားရချေ။ ခြင်းလုံး စည်းမျဉ်းများအဖြစ် ဘီ အေ အေ ကောင်စီက တခု၊ ရန်ကုန် ခြင်းလုံးအသင်းကြီးကတခု ပေါင်း ၂ ခုပေါ်လာလေသည်။ ဘီ အေ အေ အသင်းက

# ကပ်ဘေးကြီးများ

အနောက်အင်ဒီကျွန်းစုမှ ဟာရီကိန်းပေါ် လေကြမ်းကြီးသည် ၁၉၀၀ ပြည့်နှစ်တွင် တနာရီလျှင် ၁၃၅ မိုင်နှုန်းဖြင့် ၁၁ နာရီလုံးလုံး ပြင်းထန်စွာ တိုက်ခတ်လာရာ၊ တက္ကဆက်နယ် ဂါလဗက်စတွန်မြို့တွင် လူပေါင်း ၅,၀၀၀ သေ၍ ပစ္စည်းဥစ္စာတန်ဖိုး ဒေါ်လာ ၁၇ သန်းခန့် ပျက်စီး (အလယ်ပုံ) သွား၏။ ၁၉၁၅ ခုနှစ်တွင် တကြိမ်တိုက်ခတ်ပြန်ရာ မြင့်မားသော ပင်လယ်ရေကာတန်တိုင်းကြောင့် မြို့ကြီးမှာသက်သာခွင့် ရရှိလေသည်။

**ပီလီမီးတောင်ကြီးသည်** ၁၉၀၂ ခုနှစ်တွင် ရုတ်တရက် ပေါက်ကွဲသောကြောင့် အနောက်အင်ဒီကျွန်းစုရှိ မာတီနိုကျွန်း၏ မြို့တော်ကြီး စန့်ပျဲမြို့ (အလယ်ယာပုံ) လုံးဝပျက်စီး သွားခဲ့လေသည်။ ဧပြီလ ၂၅ ရက်နေ့မှ မေလ ၈ရက်နေ့ထိ မီးတောင်မှ ချော်ရည်ချော်မြုပ်များ ကျဆင်းကာ မီးလောင်ရာ၊ လူပေါင်း ၄၀,၀၀၀ ခန့်သေ၍ အကျဉ်းသား တယောက်သာ အသက်ချမ်းသာရာ ရခဲ့လေသည်။








**ရှီကာဂိုမြို့** အိုင်ရိုကွိုင်ဇာတ်ရုံကြီးကို ၁၉၀၃ ခု ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် မီးလောင်ရာ (ယာပုံ) လူပေါင်း ၆၀၂ ယောက် သေဆုံးကြ၏။ အများအားဖြင့် ကြောက်အားလန့်အားနှင့် စွပ်မိစွပ်ရာ ထွက်ပြေးကြသဖြင့် ပွဲကြည့်သူအများ အသက်ဆုံးရှုံးကြ၏။

# ကပ်ဘေးကြီးများ

ကမ္ဘာစစ်နှင့် နှစ်ကြိမ်တိုင်တိုင်ကြုံတွေ့ခဲ့ရသော ၁၉၀၀ မှ ၁၉၅၀ ပြည့်နှစ်အတွင်းဖြစ်သည့် ဤအနှစ်ငါးဆယ်ကာလတွင် ကမ္ဘာ့လူထုသည် စစ်ဒဏ်ကြောင့် အသက်စည်းစိမ်အိုးအိမ်ပျက်စီးခြင်း ခံခဲ့ကြရသည်။ ပထမကမ္ဘာစစ်အတွင်းက လူပေါင်းရှစ်သန်းခွဲခန့် အသက်ဆုံးရှုံး၍ ဒုတိယကမ္ဘာစစ်အတွင်းက လူနှစ်ဆယ့်နှစ်သန်းကျော် ပျက်စီးခဲ့သည်။ အသက်မသေသော်လည်း လူညှန့်တုံးအောင်ဒဏ်ရာရသူများလည်း အနမတဂ္ဂပင်ဖြစ်၏။ ပထမကမ္ဘာစစ်အတွင်းက ဒေါ်လာပေါင်း ကုဋေသုံးရာ့ငါးဆယ်ခန့် ဆုံးရှုံးခဲ့၍ ဒုတိယကမ္ဘာစစ်တွင် ဒေါ်လာပေါင်း ကုဋေ ၁၁၅,၄၀၀ ဆုံးရှုံးခဲ့လေသည်။

ယင်းသို့ စစ်ကြောင့်အဆမတန် လူအင်အား၊ ငွေအင်အားဆုံးရှုံးမှုတို့အပြင် ကမ္ဘာ့နိုင်ငံအသီးအသီးတွင် စစ်ကာလ၌ ရေ၊ လေ၊ မီး၊ လျှင်စသောကပ်ဘေးတို့ကြောင့် အိုးအိမ်ပစ္စည်းများသာမက လူအသက်အမြောက်အမြားပင် ဆုံးရှုံးပျက်စီးခဲ့သည်မှာ အတော်များခဲ့လေပြီ။ ဤသို့ ပျက်စီးဆုံးရှုံးခဲ့ရသည့်ကိစ္စများအနက် အဆုံးအရှုံးအသေအပျောက်နှင့်တကွ ဖြစ်ပျက်သည့်နှစ်ကာလ အတိအကျစာရင်းရသမျှကို ရွေးခြယ်၍ ဓာတ်ပုံရုပ်ပုံတို့ဖြင့် ဤကပ်ဘေးကြီးများအခန်းတွင် မှတ်တမ်းတင်ထားပါသည်။ ဖော်ပြထိုက်သော အခြားကပ်ဘေးကြီးများဆိုင်ရာ အဖြစ်အပျက်များလည်း ရှိကောင်းရှိမည်ဖြစ်သော်လည်း ဓာတ်ပုံနှင့်တကွ အတိအကျစာရင်းကိုမရသဖြင့် ချန်လှပ်ထားပါသည်။





**ကျောက်မီးသွေးတွင်းတူးရာ** ခရိုင်ဒေသများ၌ ထိခိုက်အန္တရာယ်ဖြစ်မှု၊ သေကြေပျက်စီးမှုများ မကြာခဏဖြစ်ပွားတတ်သည်။ ၁၉၀၇ ခုသြဂုတ်လထဲတွင် အင်္ဂလန်ပြည် ဝီဂန် ကျောက်မီးသွေးတွင်းပြိုကျသည်။ ကယ်ဆယ်ရေးအဖွဲ့များအလုပ်များနေစဉ်၊ အလုပ်သမားများနှင့် ပိုင်ရှင်တို့သည် (အလက်ပုံ) သတင်းများကိုစောင့်နားထောင်ကြသည်၊ ဝင်းတံခါးဝ အပြင်ဖက်တွင်ကား ပြိုကျသည့်တွင်းထဲတွင်ရှိနေသော အလုပ်သမားများ၏ ဇနီးများနှင့်ဆွေမျိုးများတို့မှာ စိုးရိမ်ပူပန်လျက် တထိတ်ထိတ်ရှိကြရလေသည်။

**စစ္စလီကျွန်း** မက်ဆီနာမြို့သည် ၁၉၀၀ ခုဒီဇင်ဘာလ ၂၈ ရက်နေ့က တုန်လှုပ်လိုက်သော အလွန်ပြင်းထန်သည့်မြေလျှင်ကြီးကြောင့် (အထက်ယာပုံ) မကြုံစဖူးအကြီးအကျယ် ပျက်စီးခဲ့ရ၏။ လူ ၇၅,၀၀၀ ခန့်အသက်ဆုံးရှုံးသည်။




နယူးယော့မြို့ ထရိုင်အင်ဂယ်ရှပ် စက်ရုံကို ၁၉၁၁ ခုနှစ်တွင် မီးကြီးလောင်ရာ အမျိုးသမီးအလုပ်သမား များစွာတို့မှာ မီးလောင်သည်ကိုမသိကြ၍၊ သူတို့အနားသို့မီးရောက်မှ ထွက်မပြေးနိုင်သဖြင့် သေကြရ၏။ အချို့ကားသွေးရူးသွေးတန်းနှင့် အပေါ်ထပ်မှ ခုန်ဆင်းကြသဖြင့် (ယာပုံ) သေဆုံးကြရသည်။ ထိုမီးလောင်ရာတွင်လူပေါင်း ၁၄၅ ယောက်သေဆုံးခဲ့၏။




**အိုဟိုင်ယိုနယ်** ကိုလင်ဝုမြို့ရှိ ကန်ရှခင်းကျောင်းကြီး (ဝဲအောက်ပုံ) ကိုမီးလောင်ရာ အဆောက်အအုံများ ပျက်စီးရုံမက တအားဆောင့်၍ ပိတ်ထားသော တံခါးများကို ကလေးများမဖွင့်နိုင်သဖြင့် ၁၇၆ ယောက်ခန့် အသက်ဆုံးရှုံးရသည်။ ထိုအချိန်မှစ၍ လူအများစုရုံးရာ ပြည်သူ့အဆောက်အအုံတိုင်းတွင် တံခါးများကို အမြဲဖွင့်ထားရမည်ဟု ဥပဒေထုတ်ထားလေသည်။


**ဂျင်နရယ်ဆလိုကမ်း** ခေါ် မီးသင်္ဘောကြီးသည် ၁၉၀၄ ခုနှစ်တွင် အိစရစ်ဗားရေလက်ကြား ဟဲလဂိတ်ကို ဖြတ်အကူးတွင် မီးလောင်ရာ (ယာပုံ) လူပေါင်း ၁,၀၂၁ ယောက်သေဆုံးခဲ့သည်။





**အမေရိကန်ပြည်ထောင်စု** အနောက်ဖက်ကမ်းရိုးတန်းတွင် မြေငလျင် မကြာခဏတုန်လှုပ်တတ်သည်၊ ၁၉၀၆ ခုဧပြီလ ၁၈ ရက်နေ့ နံနက်ခင်းအချိန်တွင် ဆန်ဖရန်စစ္စကိုမြို့သူမြို့သားတို့မှာ ပြင်းထန်လှသော မြေငလျင်၏ ဆောင့်လှုပ်နှိုးမှုကြောင့် အိပ်ရာမှနိုးလာကြသည်။ ထိုငလျင်ကြောင့်ပင် သုံးရက်မျှမီးကြီးဆက်လောင်ရာ မြို့လယ်တွင်စတုရန်းလေးမိုင်ခန့်(အလယ်ပုံ) ပျက်စီးသည်။ ထိုငလျင်ကိုအသေအပျောက်အများဆုံး ငလျင်အဖြစ် မှတ်တမ်းတင်ရသည်။ အိမ်များတိုက်များ ပြိုကျကုန်သဖြင့် လမ်းမကြီးများမှာ ဖြတ်သန်းသွားလာမရ ဖြစ်ကုန်သည်။ ခေတ်ရထားလမ်းများပင်လျှင် (ယာပုံ) လှိုင်းထနေလေသည်။







မန္တလေးအမြန်စာပို့ စက်ခေါင်းနှင့်တွဲများ လမ်းချော်ကျနေစဉ်

မြန်မာနိုင်ငံမီးရထားသမိုင်းတွင် အပျက်အစီးအများဆုံးသော မီးရထားမှောက်မှုသည် ၁၉၂၁ ခု ဇူလိုင်လ ၂၅ ရက်နေ့တွင် ရန်ကုန် - မန္တလေးမီးရထားလမ်း၌ ဖြစ်ပွားခဲ့သည်။ ထိုအချိန်က မီးရထားမှောက်ရာတွင် လူပေါင်း ၁၀၄ ယောက်သေဆုံး၍ ၅၇ ယောက်ဒဏ်ရာရသည်။ (ဒဏ်ရာရသူများအနက် လူ ၂၀ ခန့်မကြာမီသေဆုံးခဲ့သည်။) မီးရထားစက်ခေါင်းနှင့် လူတွဲမှအစ စုစုပေါင်းငွေ ၁၀၀,၂၀၀ ကျပ်ဖိုးခန့် မီးရထားဌာနမှ ဆုံးရှုံး၏။ ခရီးသည်တို့၏ အဆုံးအရှုံးကား မခန့်မှန်းနိုင်လောက်အောင်များးလှ၏။ ဇူလိုင်လ ၂၅ ရက်နေ့ညဉ့် ၁၀ နာရီ ၃၅ မိနစ်အချိန်လောက်တွင် တော်ဝိနှင့် ပိန်းဇလုပ်ဘူတာအကြားမိုင်တိုင် ၉၉/၁၀ တွင် ရန်ကုန်မြို့မှဇူလိုင်လ ၂၅ ရက်နေ့ညနေ ၅ နာရီခန့်ကထွက်သွားသော စာပို့အဆန်ရထားသည် အစုန်ကုန်ရထားနှင့် တည့်တိုးတိုက်မိကြသည်။ ထိုသို့ရထားချင်းတိုက်မိချိန်တွင် ပတ်ဝန်းကျင်၌မှောင်မဲနေရုံမက မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိ၏။ သို့တိုက်မိသည်နှင့်တပြိုင်နက် ရထားခေါင်းတွဲနှင့် တွဲအများသည် လမ်းဘေးရှိရေပြည့်နေသောမြောင်းနက်ကြီးထဲသို့ တိမ်းမှောက်သွားလေသည်။ အချို့ရှေ့တွဲများကားမီးရထားစက်ခေါင်းအောက်တွင် ပြား၍ပင် နေကြ၏။ စက်ခေါင်းမှဘွိုင်လာအိုးလည်း ပေါက်ကွဲသဖြင့် ရေနွေးငွေ့များထွက်လာရာ တွဲပိ၍မသေသော ခရီးသည်များမှာ ထိုရေနွေးငွေ့ကြောင့် အနာတရ ဖြစ်ခဲ့ကြသည်။ မီးရထား ၂ စင်းတိုက်မိရာ၌ စာပို့ရထားမှ မီးကြိုးများပြတ်ကုန်ရာ ပတ်ဝန်းကျင်တခုလုံး မှောင်မဲနေသည့်တွင်မီးကလည်းမရှိပြန်သဖြင့် ခရီးသည်များအား ကယ်ဆယ်ရန်အတော်ပင်ခက်ခဲလေသည်။ ဝါဆိုဝါခေါင်ရေဖောင်ဖောင်ဖြစ်သည့်အလျောက် ရထားလမ်းတဖက်တချက်တွင်ရေလျှံ၍နေရကား ရထားတွဲများကို ချက်ခြင်းဖယ်၍ခရီးသည်များအား ဆွဲထုတ်ရန်မှာ ပိုမိုခက်ခဲလေသည်။

**တိုင်တင်းနစ်ခေါ်** ပင်လယ်ကူးသင်္ဘောကြီးသည် ပွဲဦးထွက် ခရီးယှက်လာရာ ၁၉၁၂ ခုဧပြီလ ၁၄ ရက်နေ့ညတွင် နယူးဖေါင်လန်ကျွန်းမှ ခပ်လှမ်းလှမ်းအကွာ ရေခဲတိုင်ကြီးနှင့်ဝင်ဆောင့်မိ၍ စုန်းစုန်းမြုပ်လေသည်။ လူပေါင်း ၁,၅၁၃ ယောက် သေဆုံးသည့်အနက် အာမေရိကန်လူမျိုး ဒါမျှား ပါဝင်သည်။ ယာပုံပါ ကြောက်စရာ သရုပ်ဖော်ထားသောပုံမှာ သင်္ဘောနစ်ရာမှ အသက်ချမ်းသာရာရလာသူများ ပြန်ပြောသည်ကို ဂျာမန်ပန်းချီဆရာတဦးက ရေးဆွဲထားခြင်းဖြစ်သည်။



**မီးရထားတိမ်းမှောက်လျှင်** ခရီးသည်များထဲမှ အသက်ရှင်လျက်ကျန်သူ ရှိတတ်သေးသော်လည်း လေကြောင်းခရီးသည်များမှာမူ လေယာဉ်ပျက်စီးတိမ်းပါးလျှင် သူတို့ပါအသက်ဆုံးရှုံးတတ်ကြလေသည်။ ၁၉၁၄ ခုဧပြီလ ၂၀ ရက်နေ့၌ ပဲရစ်မြို့အနီး ဗျူးလေယာဉ်ကွင်းတွင် ရေတပ်မှလေယာဉ်တစင်း ပေါက်ကွဲ၍ မီးလောင်ကျွမ်းသွားသည်။ လေကြောင်းပြ ဒီရွားနှင့် ခရီးသည်များပါ ထိုမီးထဲတွင်အသက်ဆုံးကြ၏။ ယာပုံတွင်ထိုလေယာဉ်နှင့် ခရီးသည်အချို့ မီးကျွမ်းလျက်ရှိနေသည်ကို တွေ့မြင်နိုင်သည်။






**နယူးယောက်မြို့ဝေါလမ်းတွင်** ကြောက်မက်ဖွယ် ပေါက်ကွဲမှုကြီးသည်(ယာပုံ) ၁၉၂၀ ပြည့်နှစ်စက်တင်ဘာလ ၁၆ ရက်နေ့၌ ဖြစ်ပွားရာလူပေါင်း ၃၀ သေ၍ ၂၀၀ ဒဏ်ရာရရှိ၏။ ငွေတိုက်ခွဲတခု၏ရှေ့၌ လူလေးယောက်ပစ်ထားခဲ့သော လှည်းကလေးမှ သဲလွန်စရရန် ပုလိပ်များရှာဖွေကြသည်။ မြောက်မြားစွာသော လူတို့အားဖမ်း၍ စစ်ဆေးသော်လည်း သဲလွန်စကိုပင် မရရှိချေ။





**တိုကျိုမြို့လေးပုံသုံးပုံခန့်ကို** ပျက်စီးစေသော လျင်ကြီးသည် ၁၉၂၃ ခု စက်တင်ဘာလ ၁ ရက်နေ့တွင် လှုပ်ခဲ့လေသည်။ လူအသေအပျောက် တိတိကျကျ မတွက်နိုင်လောက်အောင်ပင်များလှသည်။ ခန့်မှန်းခြေအားဖြင့် လူပေါင်း ၁၄၃,၀၀၀ သေဆုံးသည်ဟု ယူဆရ၏။ လျင်ကြီးတုန်လှုပ်ရာတွင် မီးဝင်၍ လောင်ခဲ့သဖြင့် ယင်းသို့အသက်ပေါင်းများစွာ ဆုံးရှုံးရခြင်းဖြစ်သည်။ ဟိဖုကူရှိအာတိုရပ်ကွက်တကွက်မှပင် လူပေါင်း ၃၃,၀၀၀ သေဆုံးခဲ့သည်။ လျင်ကြောင့်သေဆုံးသူတို့အား အမှတ်ရသောအားဖြင့် အမည်မသိ သေဆုံးသူတို့၏ ဗိမာန်ကို တည်ထား၏။ ဒုက္ခသည်များအား ကယ်ဆယ်ရေးသမားများက (ဝဲပုံ) တတ်နိုင်သမျှ အလျင်အမြန် ကယ်ဆယ်ကြလေသည်။




**ဖလိုက်ကောလင်း ဆိုသူသည်** ၁၉၂၅ ခုနှစ်တွင် ကင်တပ်ကီသဲဂူတခုသို့ဝင်ကာ စူးစမ်းရှာဖွေစဉ် ခြေကျွံသွားရာ (အလယ်ပုံ)၁၉ ရက်ကြာမျှ ဒုက္ခဝေဒနာခံစားနေရ၏။ ထုံးကျောက်ကိုဖြတ်၍ တွင်းဆင်းခေတ်လှေခါးဖြင့် ဆင်းကယ်သူများမရောက်မီ တနေ့ကပင် သနားစဖွယ်ကွယ်လွန်သွားရှာသည်။

**ယူ - အက် ရှိနန်ဒိုလေသဘော်ာကြီးသည်** ၁၉၂၅ ခုစက်တင်ဘာလ ၃ ရက်တွင် အိုဟိုင်ယိုနယ် အားဗားမြို့ပေါ်တွင် လေမုန်တိုင်းမိသဖြင့် အစိတ်စိတ်အမွှာမွှာ ကြေမွသွားပြီးနောက် (အောက်ပုံ) ရှာရွန်မြို့ပေါ်သို့ ကျသွား၏။ ထိုသို့ပျက်ရာ၌လေသူရဲ ၁၄ ယောက်အသက်ဆုံးရသည်။









ာမ်းဘေးမြောင်းထဲသို့ကျနေသော စာပို့ရထားတွဲများ

ခေါင်းတွဲနှစ်ခု တိုက်ပြီးနောက် ပျက်စီးနေပုံ


၁၉၂၁ ခု အောက်တိုဘာလ ၁၅ ရက်နေ့ညနေ ၃ နာ
ရီ မိနစ် ၅၀ တွင် ရန်ကုန်မန္တလေးမီးရထားလမ်းပေါ်ရှိ
သဲတောနှင့်စမုန်ဘူတာအကြား မိုင်တိုင် ၃၂၅/၁၉ တွင်
ျတ်တရက်ရေကြီးလာသဖြင့် မန္တလေးအမြန်စာပို့စက်
ခေါင်းနှင့် တွဲသုံးတွဲလမ်းချော်တိမ်းမှောက်သွားလေသည်။
ထိုသို့ဖြစ်ပျက်ရခြင်းမှာ သဲတောဘူတာအနောက်ဖက် ၂
